The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 16, NO . 21 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 13 , 2016

## ကြို့ပင်ကောက်မြို့နယ်၌ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း တစ်သောင်းကျော်ထုတ်ချေးမည်

|pmrSu ES- 4|

## မြန်မာနိုင်ငံမှ ပြည်ပသို့ ငွေလွှဲဝန်ဆောင်မှုကို Western Union မှ ပြည်တွင်းဘဏ် ကိုးခုဖြင့် ပူးပေါင်းလုပ်ဆောင်

|pmrSu ES- 21|

## ရှမ်းပြည်နယ် တောင်ကြီးမြို့မှာ စားသောက်ကုန်၊ လူသုံးကုန်နဲ့ အလှကုန်များ ဓာတ်ခွဲ စမ်းသပ်နိုင်ပြီ

|pmrSu ES- 15|

# မိကျောင်းကွမ်းဖတ်စေ့များတိုးမြှင့်တင်ပို့ခြင်းဖြင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အထောက်အကူပြုမည်

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ နေ့စဉ်တစ်ဖက်နိုင်ငံသို့ တင်ပို့နေသည့် လယ်ယာထွက်ကုန် ပစ္စည်းများ တင်ဆောင်ထားသည့် ယာဉ်ကြီး၊ ယာဉ်ငယ်များထဲတွင် မိကျောင်း ကွမ်းဖတ်စေ့တင်ဆောင်ထားသည့် ယာဉ်များ ပါဝင်ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၁၂ သန်းတန်ဖိုးရှိ မိကျောင်းကွမ်းဖတ်စေ့တန်ချိန် ၃၆၀၈ ဒသမ ၂၀၅ တန်၊ တင်ပို့နိုင်ခဲ့သဖြင့် အများဆုံးပို့ကုန် ၂၀ မစာရင်းတွင်ပါဝင်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဧပြီလတွင်



|pmrSu ES- 23|

## ဆေးလိပ် ၊ ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်မှုအတွက် စိန်ခေါ်မှုများ

ပြောင်းလဲလာသော နိုင်ငံရေး အခင်းအကျင်းနှင့် စီးပွားရေးမူဝါဒများကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေး အခန်းကဏ္ဍသည်လည်း လျင်မြန်စွာပြောင်းလဲလျက်ရှိသည်။ ကုန်သွယ်ကူးသန်းရောင်းဝယ်မှုများနှင့် ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများအတွက် ဖြေလျှော့မှုများကို အဆင့်ဆင့် ပြုလုပ်ခဲ့သည်။ ထိုဖြေလျှော့မှုများနှင့်အတူ တရားမဝင် မှောင်ခိုကူးသန်းရောင်းဝယ်ခြင်းများအား တိုက်ဖျက်ရန်အတွက် ၂၀၁၂ ခုနှစ် သမ္မတဦးသိန်းစိန်အစိုးရ လက်ထက်တွင် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ (Central Committee for Preventing and Controlling Illegal Trading)ကို ဖွဲ့စည်းခဲ့ပါသည်။

|pmrSu ES- 26|

## အရှည်အသွေးပြည့်ဝသော အစည်းအဝေးများသို့

|pmrSu ES- 12|

## မျက်စိမှိတ်ပြီး စျေးဝယ်ထွက်လိုက်ချင်သည် (၂)

ကျွန်တော်ရဲ့အဖိုး(အမေရဲ့အဖေ) အသက် ၉၈ နှစ်ထိ ကျန်းမာစွာသွားလာနိုင်ပြီး အသက် ၁၀၀ ကျမှ ကွယ်လွန်သွားပါတယ်။ တောင်ပေါ် ဒေသကျေးလက်မှာမွေး၊ ကျေးလက်မှာပဲကြီးပြင်းလာပြီး ကျေးလက်မှာပဲ ပျော်ပိုက်နေသူဖြစ်ပါတယ်။ ထမင်းစားရင် ဗိုက်ကို နည်းနည်းထောက်လာတာနဲ့ ထမင်းဝိုင်းက ချက်ချင်းထသွားလေ့ရှိတာကို အမှတ်ရနေဆဲပဲ။ တောင်ယာကိုသာ အဓိကလုပ်ကိုင်နေရပြီး တောင်ယာက ထွက်တဲ့ ယာစပါး၊ နှံစားပြောင်းနဲ့ အသီးအရွက်များကိုသာ အဓိကစားသောက်ပါတယ်။ အမြဲတမ်းအလုပ်နဲ့လက်နဲ့မပြတ်တတ်တဲ့အကျင့်ဟာ အဖိုးရဲ့ထူးခြားချက်တစ်ခု ဖြစ်ပါတယ်။

|pmrSu ES- 6|




BMW EFFICIENTDYNAMICS.
LESS CONSUMPTION. MORE DRIVING PLEASURE.
Prestige Automobiles
bmwmyanmar.com
Sheer Driving Pleasure
The all-new BMW 7 Series
DRIVEN BY LEADERSHIP.
THE ALL-NEW BMW 7 SERIES. DRIVING LUXURY.
The leader of automotive luxury has arrived in Myanmar.
တီထွင်ဖန်တီးမှုအသစ်များစွာနှင့် ၂၁ ရာစု၏ အကောင်းဆုံး အဆင့်မြင့်ဇိမ်ခံကား မြန်မာပြည်သို့ ရောက်ရှိလာပါပြီ။
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
Phone : 01- 230 6133, Service Hotline : 01- 230 6144
Join BMW Myanmar
www.facebook.com/BMWPAC

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုမြို့ကနောင်ခန်းမ၌ စက်မှုလုပ်ငန်းရှင်များအားတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ညောင်ရပ်ကွက်ရှိ စက်မှုဇုန်ရုံး ကနောင်ခန်းမ၌ လှိုင်သာယာစက်မှုမြို့မှ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက် အမှာစကားပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင်မိမိနှင့်အဖွဲ့သည် လှိုင်သာယာစက်မှုမြို့ရှိ စက်မှုလုပ်ငန်းရှင်များ၏ကုန်ထုတ်လုပ်မှု၊

စာမျက်နှာ ၁၉ သို့ ➲



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ (၂/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၂/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၁၀ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၉ သို့ ➲

## ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏ (၂/၂၀၁၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြား

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏ ၂/၂၀၁၆ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၈ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကုန်သွယ်ရေးနှင့် စီးပွားရေး လုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းကော်မတီ အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်၊ ဧပြီလက သင်္ကြန်ကာလ ရက်ရှည် ရုံးပိတ်ခဲ့မှုကြောင့် ရန်ကုန်ဆိပ်ကမ်းများတွင် ကွန်တိန်နာများ စုပုံခြင်းဖြစ်ပြီး ပို့ကုန်/သွင်းကုန်လုပ်ငန်းများ နှောင့်နှေးမှုဖြစ်နေခြင်းကို မေလတတိယပတ်မှစ၍ အထူးကိစ္စတစ်ရပ်အဖြစ် ဌာနဆိုင်ရာများ၊ ကုန်သည် အသင်းအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခြင်းကြောင့်

စာမျက်နှာ ၁၉ သို့ ➲



Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်
ဝင်းလွင်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ချိုသက်မူ

**လက်ထောက်စာတည်း**
ချောစုမာ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်
အုန်းခင်

**ကွန်ပျူတာ**
မြတ်ဆုလှိုင်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.21 Monday June 13 2016

## ကြို့ပင်ကောက်မြို့နယ်၌ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း တစ်သောင်းကျော်ထုတ်ချေးမည်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ မိုးစပါး အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြို့ပင်ကောက်မြို့နယ် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိရာ ဇွန် ၇ ရက်အထိ ကျေးရွာအုပ်စု ခြောက်အုပ်စုမှ တောင်သူ ၄၉၃ ဦးရဲ့ မိုးစပါးစိုက်ဧက ၃၀၉၉ ဧကအတွက်ငွေကျပ် ၄၆၄၈၅၀၀၀၀ ကို ထုတ်ပေး နိုင်ခဲ့ကြောင်း သိရပါတယ်။

ကြို့ပင်ကောက်မြို့နယ်ရှိ ကျေးရွာအုပ်စု ၅၂ အုပ်စုမှ မိုးစပါးဧက ၇၇၇၅၂ အတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းကို အတိုးနှုန်းရာခိုင်နှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၁၁၆၆၂၈ ကို ထုတ်ချေးသွား မှာဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေကို ဇွန်လမှစ၍ ဩဂုတ်လအထိ ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရပါတယ်။

**ခင်ခင်ထိုက်-လက်ပံတန်း**

## ပေါ်ဆန်းနဲ့ ဧည့်မထဆန်များ ဒိုင်သို့အဝင်ပုံမှန်ရှိပြီး ဈေးကွက်အခြေအနေပုံမှန်ရှိ



ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ ဇွန် ၁၀ ရက် လက်ကား ဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ၃၅၀၀၀ ကျပ်၊ အလတ်စ ဆန်တစ်အိတ် ၃၂၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ထိပ်စဆန်တစ် အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးမြင့်လာ ပါတယ်။

မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၄၅၀၀ ကျပ်ဖြစ်လို့ ယခင် တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း၊ နယ်စုံပေါ်ဆန်းဆန်များကတော့ ထိပ်စ တစ်အိတ် ၃၃၀၀၀ ကျပ်၊ လတ်စ တစ် အိတ် ၃၂၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ် ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက ဆန်လတ်စ တစ်အိတ် ၅၀၀ ကျပ်ခန့် ဈေးမြင့်လာကြောင်း ဝါးတန်းကုန်စည် ဒိုင် ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါ တယ်။ ပေါ်ဆန်းဆန်ချော ကုန်စည်ဒိုင် သို့ အဝင်နည်းခြင်းကြောင့် ဆန်ဈေး အနည်းငယ် မြင့်ရခြင်းဖြစ်ကြောင်း၊ အထိုက်အလျောက်ဝယ်လိုအားရှိကာ ဈေးကွက်အခြေအနေ ပုံမှန်ရှိကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါ တယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် ထိပ်စတစ်အိတ် ၂၃၅၀၀ ကျပ်၊ လတ်စ ဆန် တစ်အိတ် ၂၂၀၀၀ ကျပ်နဲ့ မနောသုခရှယ် ဆန်တစ်အိတ် ၂၅၀၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်တို့ဖြင့် ယခင်တစ် ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဈေးဆက်လက်ငြိမ်နေကြောင်း၊ နွေသီး ထပ် (ရှယ်) ဆန် တစ်အိတ် ၁၈၃၀၀ ကျပ်မှ ၁၉၈၀၀ ကျပ်ဖြင့် ယခင်တစ် ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၈၀၀ ကျပ်ခန့် ဈေးမြင့်လာပြီး နွေဆန် ရက် ၉၀ ဆန်ဈေးနှုန်း တစ်အိတ် ၂၀၀၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်ဖြစ်လို့ တစ်အိတ် ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်ခန့် ဈေးမြင့်လာကြောင်း ကုန်စည်ဒိုင် ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ဧည့်မထဆန်ကြမ်းဖြစ်တဲ့ နွေသီးထပ် (ရှယ်)ဆန်နဲ့ ရက်၉၀ ဆန်များ ဈေး တက်လာသော်လည်း ရောင်းဝယ်မှုမှာ ပုံမှန်ရှိပြီး ဒိုင်သို့လည်း အဝင်ပုံမှန်ရှိ ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်ရဲ့ ဇွန် ၁၀ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ်၊ မော်ဘီနဲ့ စူပါတစ်အိတ်ကို ၁၄၀-၁၄၃ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီနဲ့ စူပါ တစ်အိတ်ကို ၁၃၇-၁၃၉ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခတစ်အိတ် ၁၃၀- ၁၃၆ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၃၉-၁၄၀ ယွမ်၊ ငစိန် ၂၅ မှတ် တစ် အိတ် ၁၃၅-၁၃၇ ယွမ်အသီးသီးဖြစ်ခဲ့ကြ ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေ ပါတယ်။ တရုတ်လိုင်းမူဆယ်ရဲ့ ဆန် ဈေးကွက်အခြေအနေမှာ အစစ်အဆေး အနည်းငယ်ရှိပေမယ့် ကုန်သည် ၈ ဦး ခန့်လာရောက်ဝယ်ယူမှုရှိနေကြောင်း၊ ဈေး ငြိမ်နေသော်လည်း အရောင်းအဝယ်မှာ ပုံမှန်ရှိနေကြောင်း မူဆယ်ဆန်ဈေး ကွက်မှ စုံစမ်းသိရှိရပါတယ်။ ဇွန် ၁၀ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၇၉ ဒသမ ၈၅ ကျပ်ဖြစ်ကြောင်း၊ ပြည်တွင်း နယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန် တစ်ရက် ပျမ်းမျှ ၂၃၀၆ တန်ခန့် ဝင် ရောက်ခဲ့ပြီး ယခုတစ်ပတ်အတွင်း စုစု ပေါင်း ဆန်တန်ချိန် ၁၁၅၂၉ တန်ခန့် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပ တင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃ ရက်အထိ တင်ပို့မှုမှာ တန်ချိန် ၁၂၇၅၇၆ ကျော်၊ တန်ဖိုးအားဖြင့် အမေ ရိကန်ဒေါ်လာ ၄၄ သန်းကျော်ဖိုးတင်ပို့ နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၉၉၇၂၂ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၆ သန်းကျော်ရှိ ပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၃၆၆၁၉ ကျော်၊ တန်ဖိုး အားဖြင့် အမေရိကန်ဒေါ်လာ ၄၉ သန်း ကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၂၇၈၅၃ ကျော်၊ တန်ဖိုးအားဖြင့် အမေ ရိကန်ဒေါ်လာ ၈ သန်းကျော် ရှိနေပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန် ချိန် ၈၁၈၂၆ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၅ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါ တယ်။

**MT-YGN**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၉-၆-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၅၆ | ၄၅၆ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၄၁ | ၄၄၁ | □ | ၃၇၅ | ၃၈၀ | △ | ၃၈၀ | ၃၈၀ | □ | ၄၁၀ | ၄၁၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | ၃၆၅ | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၂၁ | ၄၂၂ | △ | ၃၆၀ | ၃၅၀ | ▽ | ၃၆၀ | ၃၆၀ | □ | ၃၇၀ | ၃၇၀ | □ |
| ပေါင်းဆန် | ၃၉၁ | ၄၃၅ | △ | - | - | - | ၃၇၀ | ၃၇၀ | □ | - | ၄၁၅ | - |

*Source: oryza.com*

## အမေရိကန်နိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၉-၆-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၄၀ | ၄၄၀ | □ | ၄၃၅ | ၄၃၅ | □ | ၄၂၅ | ၄၂၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၅၀ | ၄၅၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၀-၆-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၄၀၀ | ▽ | ၂၁၅၀၀ | ▽ | ၈၇၄၀ | △ | ၃၅၀၀၀ | △ |
| ပုသိမ် | ၅၉၈၀ | □ | ၂၃၀၀၀ | □ | ၇၇၃၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၀၀၀ | □ | ၃၁၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၃၁၀၀၀ | △ | ၁၁၈၅၀ | □ | ၃၇၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၅၀ | □ | ၂၂၀၀၀ | □ | - | - | ၃၂၀၀၀ | △ |
| မန္တလေး | ၇၆၀၀ | △ | ၂၆၅၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မကွေး | ၈၇၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၆၅၀၀ | △ |
| မော်လမြိုင် | ၆၀၀၀ | △ | ၂၂၀၀၀ | □ | ၇၆၀၀ | △ | ၂၈၅၀၀ | □ |
| လွိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၆၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၂၆၅၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | △ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထ အုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ် ဈေးများ ဖြစ်ပါသည်။

## တစ်လအတွင်း ဆန်တန်ချိန် ရှစ်သောင်းခွဲ ကျော်တင်ပို့

ကုန်သွယ်ရေးစခန်းများမှ မေ ၂၈ ရက်မှ ဇွန် ၃ ရက်အတွင်း ကန်ဒေါ်လာ ၆ ဒသမ ၄၀၃ သန်း တန်ဖိုးရှိ ဆန်ဖြူ ၁၇၄၇၃ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၇၇၂၁ တန်၊ ဧည့်မထဆန် ၂၅၂၂ တန် ၊ လွယ်ဂျယ်စခန်းမှ ငစိန်ဆန် ၇၀၂၇ တန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၀၃ တန် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်တင်ပို့မှုထက် ၁၂၉၀ တန်ပိုမိုခဲ့ပါတယ်။ မေလတစ်လလုံးမှာ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၂၆ ဒသမ ၈၂ သန်းဖိုးရှိ ဆန်တန်ချိန် ၇၃၁၈၉ တန် တင်ပို့ခဲ့ပြီး၊ အနီးစပ်ဆုံးကာလထက် ၅၅၁၉၆ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန် ၃၄၆၀ နဲ့ လွယ်ဂျယ်မှ ၇၂ တန် တင်ပို့ခဲ့ပြီး၊ မေလတစ်လလုံးမှာ ကန်ဒေါ်လာ ၄ ဒသမ ၉၂၇ သန်းဖိုးရှိ ဆန်ကွဲ ၁၅၁၃၇ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးဧပြီလထက် ၁၂၃၅၈ တန် ပိုမိုတင်ပို့နိုင်ပါတယ်။

မေ ၂၉ ရက်မှ ဇွန် ၄ ရက်အထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၅၅၂ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၄၆၆၃ တန်တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့နိုင်ငံများမှာ စင်ကာပူနိုင်ငံသို့ ငစိန်ဆန် တန် ၁၀၀ နဲ့ ဇီယာဆန် ၁၂၅ တန်၊ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၁၀၀၀၊ အီးယူနိုင်ငံများသို့ ဆန်ဖြူနဲ့ ပေါင်းဆန် ၃၄၃၈ တန်တင်ပို့ခဲ့တာဖြစ်ပါတယ်။ မေလတစ်လလုံးမှာ ကန်ဒေါ်လာ ၄ ဒသမ ၁၀၃ သန်းတန်ဖိုးရှိ ဆန် ၁၂၃၄၇ တန်ခန့် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဧပြီလထက် ၈၄၀၃ တန်ပိုမိုတင်ပို့နိုင်ပါတယ်။ ဆန်ကွဲကိုတော့ မေလတစ်လလုံးမှာ တန် ၆၁၀၀ ၊ တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၆၆၇ သန်းဖိုးနဲ့ ဧပြီလထက် ၁၃၅၄ တန် ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၀-၆-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၃/၆ | ၁၀/၆ | ပြောင်းလဲမှု | ၃/၆ | ၁၀/၆ | ပြောင်းလဲမှု | ၃/၆ | ၁၀/၆ | ပြောင်းလဲမှု | ၃/၆ | ၁၀/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၇၇၁ | ၂၈၆၆ | ▲ | ၂၆၃၃ | ၂၆၃၃ | ■ | ၂၆၀၀ | ၂၇၀၀ | ▲ | ၂၆၀၀ | ၂၆၀၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၄၁၃ | ၂၅၁၆ | ▲ | - | - | - | - | ၂၄၇၅ | - | ၂၃၅၀ | ၂၄၁၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၄၀၀ | ၁၄၁၅ | ▲ | ၁၅၁၁ | ၁၇၂၄ | ▲ | ၁၆၃၂ | ၁၇၃၇ | ▲ | ၁၄၅၀ | ၁၅၈၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၅၀ | ၂၅၀၀ | ▼ | - | - | - | - | - | - | - | - | |
| ၅ | ပဲလွန်းဖြူ | ၉၆၅ | ၉၈၀ | ▲ | ၁၀၀၀ | ၁၀၁၇ | ▲ | - | - | - | ၁၁၇၅ | ၁၂၅၀ | ▲ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | - | ၈၀၀ | - | ၉၀၅ | ၆၀၆ | ▼ | ၆၀၅ | ၅၉၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၀-၆-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂/၆ | ၉/၆ | ပြောင်းလဲမှု | ၂/၆ | ၉/၆ | ပြောင်းလဲမှု | ၂/၆ | ၉/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၂၀ | ၁၄၇၁ | ▲ | ၁၅၄၄ | ၁၆၅၁ | ▲ | ၁၆၃၃ | ၁၆၅၁ | ▲ |
| ၂ | ပဲစင်းငုံ | ၁၂၅၀ | ၁၂၉၀ | ▲ | ၁၂၄၇ | ၁၃၃၆ | ▲ | ၁၂၆၅ | ၁၃၅၈ | ▲ |
| ၃ | ပဲတီစိမ်း | ၈၂၅ | ၈၂၅ | ■ | ၈၃၁ | ၈၄၁ | ▲ | ၈၆၁ | ၉၁၆ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၈၀၀ | ၈၀၀ | ■ | ၉၁၃ | ၉၉၁ | ▲ | ၉၀၉ | ၁၀၀၉ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁၊၁၊၁၆) မှ |
| | (၂၈၊၅၊၁၆)ထိ | (၄၊၆၊၁၆)ထိ | (၄၊၆၊၁၆) ထိ |
| မတ်ပဲ | ၁၀၇၃၆ | ၄၈၄၂၄ | ၂၅၂၁၇၈ |
| ပဲတီစိမ်း | ၃၀၃၀ | ၁၁၄၉၁ | ၁၁၅၀၅၆ |
| ပဲစင်းငုံ | ၉၉၁ | ၉၆၀၂ | ၁၃၅၂၀၉ |
| ကုလားပဲ | ၁၈၇ | ၁၅၄၈ | ၁၃၃၀၃ |
| ပဲလွန်းဖြူ | ၂၆၄ | ၁၀၃၂ | ၁၀၈၁၈ |
| မြေထောက်ပဲ | ၈၇ | ၁၂၁၂ | ၅၅၆၂ |



## ပြည်ထောပတ်ပဲ ဈေးကွက်အတွင်းဈေးအနိမ့်ဆုံးအဖြစ် ကျဆင်း

ပဲခူးတိုင်း ဒေသကြီးအတွင်း ဆောင်းပဲ၊ မိုးပဲဆိုပြီး အခြားပဲများ စိုက်ပျိုးမှု များရှိသော်လည်း၊ ထောပတ်ပဲသီးနှံကတော့ ဆောင်းပဲအဖြစ် စိုက်ပျိုးတဲ့အတွက် စိုက်ဧက အနည်းငယ်သာရှိကာ ပြည်ခရိုင်အတွင်းရှိ ရွှေတောင်မြို့နယ်နှင့် ပန်းတောင်းမြို့နယ်များတွင်သာ စိုက်ဧက လေးထောင်ကျော်စိုက်ပျိုးခဲ့ပါတယ်။ ဒါကြောင့် ပဲဈေးကွက်မှာ အရောင်းအဝယ်နည်းကာ ပဲပေါ်ချိန်ကာလ တွင်သာ အရောင်းအဝယ်သွက်ခဲ့ပါတယ်။ နောက်ပိုင်းကာလများတွင် အရောင်းအဝယ်အေးပြီး လက်လီဝယ်ယူမှုများသာရှိခဲ့ကြပါတယ်။ ထောပတ်ပဲသီးနှံမှာ ယခုနှစ်အတွင်း ဈေးအေးခဲ့တဲ့အတွက် တစ်တင်း ကျပ် ၁၅၀၀၀ ဖြင့် ဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးရခဲ့ပါတယ်။ ဧပြီလမှစ၍ ၎င်းဈေးအတိုင်း ရောင်းဝယ်ခဲ့ကြတာကြောင့် ယခုဇွန်လအထိ ဈေးအပြောင်းအလဲမဖြစ်ဘဲ ဈေးငြိမ်နေခဲ့ပြီး အိတ်အနည်းငယ်သာ နေ့စဉ်ရောင်းဝယ်မှုရှိခဲ့ပါတယ်။

**ခင်ဆွေဝင်း**

# မန်းကုန်စည်ဒိုင် ဈေးကွက်တွင် ပဲအများစု ဈေးမာပြီး နှမ်းအများစုဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်

မန္တလေးကုန်စည်ဒိုင်(ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ မန္တလေးတိုင်းဒေသကြီးအတွင်းသာမက အနယ်နယ်အရပ်ရပ်မှ ပွဲစားကုန်သည်များ စက်ပိုင်များနှင့်၎င်း၏ကိုယ်စားလှယ်များ နေ့စဉ်(ဥပုသ်နေ့မှအပ) လာရောက်ပြီး လယ်ယာထွက်ကုန်သီးနှံများဖြစ်သော ပဲ၊ ပြောင်း၊ နှမ်းနှင့် မြေပဲများကို အရောင်းအဝယ်ပြုလုပ်ကြောင်း သိရပါတယ်။ ၂၀၁၆ ခုနှစ် ဇွန်လ ဒုတိယပတ် အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများမှာ-

| သီးနှံအမည် | ၈-၆-၂၀၁၆ | |
|---|---|---|
| | နိမ့် | မြင့် |
| ပဲတီစိမ်းရွှေဝါ | ၁၆၈၉ | ၁၈၈၄ |
| ပဲတီစိမ်းအညာ | ၁၆၁၈ | ၁၈၁၃ |
| ပဲလွန်းဖြူ | - | ၁၀၁၇ |
| ပဲကြီး | - | ၁၄၈၄ |
| ပဲနီပြား | ၁၁၂၂ | ၁၂၃၁ |
| ပဲပုပ် (ရှမ်း) | ၈၄၅ | ၉၉၅ |
| ပဲပုပ် (ဗမာ) | - | ၉၃၃ |
| ပဲယင်း | - | ၇၃၃ |
| ထောပတ်ပဲ | - | ၈၀၀ |
| နိုင်လွန်ပဲ | ၈၁၀ | ၈၉၅ |
| မြေထောက်ပဲ | ၁၀၇၄ | ၁၁၆၇ |
| မတ်ပဲ | ၂၆၁၇ | ၂၆၃၃ |
| ပြောင်းဖူးစေ့ (ရှမ်း) | ၄၂၆ | ၄၃၅ |
| ပြောင်းဖူးစေ့ (ဗမာ) | ၄၁၇ | ၄၂၆ |
| ပြောင်းဖူးစေ့ (CP) | ၄၃၉ | ၄၄၈ |
| အထွက်တိုးပြောင်း | - | ၅၂၈ |
| ဆန်ပြောင်း | - | ၅၂၃ |
| နှမ်းဖြူ | ၂၀၀၀ | ၂၁၁၁ |
| နှမ်းညို | ၁၄၆၇ | ၁၆၆၇ |
| နှမ်းနက် | ၂၀၀၀ | ၂၁၁၁ |
| နှမ်းနက် (စမုံ) | ၃၄၄၄ | ၃၆၀၀ |
| ပန်းနှမ်း | ၂၀၆၇ | ၂၁၁၁ |
| မြေပဲဆန်( S1လုံးဆန်) | ၂၉၀၀ | ၃၀၅၀ |

မန္တလေးကုန်စည်ဒိုင်တွင် အရောင်းအဝယ်ပြုလုပ်တဲ့ လယ်ယာထွက်ကုန်သီးနှံအများစုမှာ ပြည်ပ(တရုတ်) ဝယ်လက်အပေါ်မှာ များစွာမှီခိုနေရပါတယ်။ အရောင်းအဝယ်ဖြစ်မှုရဲ့ ၆၀ ရာခိုင်နှုန်းကျော် ၇၀ ရာခိုင်နှုန်းခန့်မှာ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး ၃၀ ရာခိုင်နှုန်းကျော် ၄၀ ရာခိုင်နှုန်းခန့်မှာ ဒေသတွင်း ဝယ်လက်၊ ရန်ကုန်ဝယ်လက်နဲ့ ပြည်ပ(အိန္ဒိယ) ဝယ်လက်များမှ ဝယ်ယူမှုရှိကြောင်း သိရပါတယ်။

ပြည်ပ(တရုတ်) ဝယ်လိုအားကောင်းမွန်တဲ့ ပဲတီစိမ်းရွှေဝါက ယခုတစ်ပတ်မှာ ယခင်တစ်ပတ်ဈေးထက် တစ်ပိဿာ ၁၀၆ ကျပ်၊ (တစ်တန်ကျပ် ၆၄၉၁၃) နဲ့ ဈေးမာပြီး ပဲတီစိမ်းအညာ တစ်ပိဿာ ၁၄၂ ကျပ် (တစ်တန် ကျပ် ၈၆၉၅၉ )ဈေးမာဖြင့် နေ့စဉ်သုံးတင်း အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပဲလွန်းဖြူမှာ ယခင်တစ်ပတ် ဈေးအောက်တစ်ပိဿာ ၆၆ ကျပ်(တစ်တန် ကျပ် ၄၀၄၁၈) နဲ့ဈေးအေးပြီး၊ ပဲကြီးမှာ ယခင်တစ်ပတ်နှင့် ဈေးတူပြီး ဈေးငြိမ်လျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ ပဲနီပြား တစ်ပိဿာ ကျပ် ၁၂၃၀ (တစ်တန် ကျပ် ၇၅၃၈၅၂)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးထက် တစ်ပိဿာကျပ် ၁၀၉ (တစ်တန် ကျပ် ၆၆၇၅၁) နဲ့ နေ့စဉ်သုံးတင်းအိတ် ၄၀၀ခန့်၊ ပဲပုပ်စေ့များမှာ ယခင် တစ်ပတ်ဈေးနှုန်းများနဲ့ ကွာခြားမှုအနည်းငယ်ဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲယင်းမှာ ဈေးငြိမ်နဲ့ အရောင်းအဝယ်ဖြစ်ပေမယ့် အရောင်းအဝယ်အေး ပါတယ်။ ထောပတ်ပဲ၊ နိုင်လွန်ပဲနဲ့ မြေထောက်ပဲများမှာ ယခင်တစ်ပတ် ဈေးနှုန်းထက် တစ်ပိဿာ ကျပ် ၆၀ မှ ၉၀ အထိ ဈေးမြင့်နဲ့ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပါတယ်။ ရန်ကုန်ဝယ်လက်နဲ့ ပြည်ပ(အိန္ဒိယ) ဝယ်လက်မှဝယ်ယူမှုရှိတဲ့ မတ်ပဲမှာ တစ်ပိဿာ ၂၆၃၃ ကျပ်နဲ့ ယခင်တစ်ပတ် ကာလတူဈေးနှုန်းအတိုင်း နေ့စဉ်သုံးတင်း အိတ် ၇၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခင်က ပြည်ပ(တရုတ်) ဝယ်လက်ဆွဲအားကောင်းတဲ့ ပြောင်းဖူးစေ့များ ယခုတစ်ပတ်မှာ အရောင်းအဝယ်အလွန်အေးပါ တယ်။ ဈေးနှုန်းများမှာလည်း ယခင်တစ်ပတ်ဈေးနှုန်းနဲ့ ကွာဟမှုကျဉ်းမြောင်းပါတယ်။ နှမ်းရောင်စုံများရဲ့ ဈေးနှုန်းများအကျဘက်မှာရှိနေပါတယ်။ အထူးသဖြင့် နှမ်းနက် (စမုံ) ရဲ့ဈေးနှုန်းဟာ ယခင်တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ ၃၇၈ ကျပ်၊ (တစ်တန်ကျပ် ၂၃၁၄၈၃) ဈေးအေးသလို နှမ်းညိုနဲ့နှမ်းနက်ကလည်း တစ်ပိဿာ ကျပ် ၁၁၁ (တစ်တန်ကျပ် ၆၇၉၇၅) ဈေးအေးသွားလို့ နှမ်းရောင်စုံငါးမျိုး နေ့စဉ်သုံးတင်း အိတ် ၆၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ပါတယ်။ မြေပဲဆန် (S1လုံးဆန်)မှာ ယခုနှစ်အတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်တဲ့ တစ်ပိဿာ ကျပ် ၃၀၅၀ (တစ်တန်ကျပ် ၁၈၆၇၇၉၀) ဈေးနဲ့ အရောင်းအဝယ်သွက်လက်လျက်ရှိကြောင်း သိရပါတယ်။

ဒီတစ်ပတ် မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲအများစုမှာ ယခင်တစ်ပတ်ဈေးနှုန်းရဲ့ အထက်ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း၊ ပဲယင်းတစ်မျိုးသာ ဈေးအနည်းငယ်အေးကြောင်း၊ ပြောင်းဖူးစေ့များမှာ ဒေသတွင်း လုပ်ငန်းရှင်များမှ ဝယ်ယူမှုရှိကြောင်း၊ ပစ္စည်းအဝင်နည်းလို့ အရောင်းအဝယ်အေးကြောင်း၊ နှမ်းအများစုမှာ ဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း၊ အခြားဆီထွက်သီးနှံတစ်ခုဖြစ်တဲ့ မြေပဲလုံးဆန်မှာ ဈေးအမြင့်ဆုံးနဲ့ အရောင်းအဝယ် သွက်လက်ကြောင်း၊ တရုတ်ဝယ်လက်ကို များစွာမှီခိုနေရတဲ့အတွက် ဈေးနှုန်းအတက်အကျ မြန်ဆန်ကြောင်း၊ တစ်ခါတစ်ရံ ဈေးနှုန်းလွန်စွာနိမ့်ခြင်းရှိသလို မြင့်တက်မှုလည်း ရှိတတ်တာကြောင့် သူတို့ရဲ့ ဈေးကွက်သတင်းကို အရင်စုံစမ်းပြီးမှ ဝယ်ယူ၊ သိုလှောင်၊ တင်ပို့ရောင်းချရကြောင်း ကုန်သည်ကြီးတစ်ဦးရဲ့ ပြောကြားချက်အရသိရပါတယ်။

**စိုးအောင်-မန္တလေး**

## ပြည်ပဲစင်းငုံ ရက်ခြားအရောင်းအဝယ်ဖြစ်ကာ ဈေးငြိမ်နေ

ပြည်ပဲဈေးကွက်မှာ မတ်ပဲသီးနှံ အရောင်းအဝယ်နေ့စဉ်ဖြစ်ပေမယ့် ပဲစင်းငုံသီးနှံကတော့ ပဲလက်ကျန်လည်းနည်းလို့ ရက်ခြားသာ အရောင်းအဝယ် ဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ ရန်ကုန်ဝယ်လက်က ဝယ်ယူပြီး အရောင်းအဝယ်ဖြစ်တဲ့ရက်မှာ အိတ် ၃၀၀ ကျော် ၄၀၀ အထိ အဝယ်ရှိခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၄၇၇၀၀ ဖြင့်ဈေးငြိမ်လျက်ရှိခဲ့ပြီး၊ ယခင်လကဈေးထက်တော့ လျော့နည်းခဲ့ပါတယ်။ မေလအတွင်း တစ်တင်းကျပ် ငါးသောင်းအထိ ရရှိခဲ့တာကို တွေ့ရပါတယ်။ ပဲစင်းငုံသီးနှံကို ပြည်ခရိုင်အတွင်း စိုက်ဧက ၁၈၀၀၀ ကျော်သာရှိခဲ့လို့ ပဲပေါ်သည့် ရာသီများတွင်သာ နေ့စဉ်အဝင်ရှိခဲ့ပေမယ့် ကျန်ကာလများတွင်အဝင်မရှိဘဲ လက်ကျန်ပဲသာ ထုတ်ရောင်းချမှုရှိခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မျက်စိမှိတ်ပြီး စျေးဝယ်ထွက်လိုက်ချင်သည် (၂)

|crfv;epGf|



ကျွန်တော်ရဲ့အဖိုး(အမေရဲ့အဖေ) အသက် ၉၈ နှစ်ထိ ကျန်းမာစွာသွားလာနိုင်ပြီး အသက် ၁၀၀ ကျမှ ကွယ်လွန်သွားပါတယ်။ တောင်ပေါ် ဒေသကျေးလက်မှာမွေး၊ ကျေးလက်မှာပဲကြီးပြင်းလာပြီး ကျေးလက်မှာပဲ ပျော်ပိုက်နေသူဖြစ်ပါတယ်။ ထမင်းစားရင် ဗိုက်ကို နည်းနည်းထောက်လာတာနဲ့ ထမင်းဝိုင်းက ချက်ချင်းထသွားလေ့ရှိတာကို အမှတ်ရနေဆဲပဲ။ တောင်ယာကိုသာ အဓိကလုပ်ကိုင်နေရပြီး တောင်ယာကထွက်တဲ့ ယာစပါး၊ နှံစားပြောင်းနဲ့ အသီးအရွက်များကိုသာ အဓိကစားသောက်ပါတယ်။ အမြဲတမ်းအလုပ်နဲ့လက်နဲ့မပြတ်တတ်တဲ့အကျင့်ဟာ အဖိုးရဲ့ထူးခြား ချက်တစ်ခုဖြစ်ပါတယ်။ အသားငါးများ အလွန်အကျွံစားလေ့မရှိဘဲ တခါတလေမှသာ ရိုးရာခေါင်ရည် သောက်တတ်တဲ့ အဖိုးဖြစ်ပါတယ်။ ဘဝကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းပြီး စိတ်တိုစရာများကို ရှောင်ရှားလေ့ရှိပါတယ်။

ယနေ့ ကျွန်တော်တို့ခေတ်မှာတော့ အစားအသောက်တွေ လုံခြုံစိတ်ချရမှု မရှိတော့သလို စားသမျှဟာ ဓာတုဓာတ်တွေ မကင်းနိုင်တော့ဘူး။ ဒီနေ့စားတဲ့အစာဟာ မနက်ဖြန်ကျရင် အဆိပ်ဖြစ်ချင်ဖြစ်သွားနိုင်တယ်။ မြင်မြင်သမျှဟာ ဓာတုမကင်းနိုင်တဲ့ အစားအသောက်တွေ ဖြစ်ကုန်လို့ပါပဲ။ ကျွန်တော်တို့ ဌာနပိုင် လယ်ကွင်းက အငှားချထားတဲ့ ကိစ္စစစ်ဆေးဖို့သွားတဲ့အချိန်မှာ အံ့သြစရာရွက်ဖြန်းအားတိုးဆေးတစ်မျိုးကိုမြင်လိုက်ရပါတယ်။ လှိုင်ကော်မြို့စွန်မှာရှိတဲ့ အဲဒီလယ်မှာစပါး ပြန်မစိုက်ခင် မုန်ညင်း၊ ခရမ်းနဲ့ ကန်စွန်းတွေ စိုက်ပျိုးပြီးတော့ အသီးအရွက်ကိုယ်စားလှယ်တွေက နေ့စဉ် လာဝယ်နေတာမြင်တွေ့ရပါတယ်။ အသီးတွေ အားတိုးဖို့၊ အရွက်တွေပိုးမထိုးဖို့နဲ့ အပင်သန်စွမ်း ဖို့ဆိုပြီးတော့ ကျွန်တော်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ တဲထဲမှာ လယ်စာရင်းငှား မိသားစုဝင်တွေ ဆေးရောနေတာမြင်ရပြီး သွားစပ်စုလိုက်မိပါတယ်။ တကယ်ပါပဲ မယုံနိုင်လောက်တဲ့ ဆေးတွေဖြစ်နေတာတွေ့ လိုက်ရပါတော့တယ်။ ထိုင်းနိုင်ငံက ထုတ်လုပ်ပြီး ကိုယ်စားလှယ်နဲ့လာရောင်းတဲ့ XTRA LITE 1000ml စာတမ်းပါကြမ်းတိုက်ဆေးနဲ့ငှက်ကုမ္ပဏီက ထုတ်တဲ့ဆပ်ပြာမှုန့်တွေနဲ့ရော၊ ရေနဲ့ဖျော်ပြီး အပင်တွေ ဖြန်းခဲ့ကြပါတယ်။ သူတို့ ရဲ့အပြောအရ အပင်လည်းသန်၊ မြေပေါ် မြေအောက် ပိုးလည်းသေတဲ့ဆေးဖြစ်ကြောင်း၊ စားမိတဲ့လူမှာ ဘာအန္တရာယ်မှ မရှိဘူးလို့ကျွန်တော်တို့ကို အားရ ပါးရပြောခဲ့ပါတယ်။ ကျွန်တော်ကတော့ စိတ်ထဲ ဘဝင်မကျတာနဲ့ 'ခင်ဗျားတို့မိသားစုရောစားသလား' လို့မေးတဲ့အခါကျတော့ 'ကျွန်တော်တို့ လည်းစားပါတယ်' လို့တော့ ပြန်ဖြေပါတယ်။ ဒါပေမယ့် စိတ်ချရလောက်တဲ့ အနေအထားမရှိတဲ့အတွက် နှစ်မျိုးစလုံး စမ်းသပ်စစ်ဆေးဖို့ နမူနာတောင်းလာခဲ့ပါတယ်။ ပိုးတောင်မစားရဲတဲ့ ဒီအခင်းက အသီးအရွက်တွေ အဆိပ်ကင်းနိုင်ပါ့မလားလို့ စိုးရိမ်ပူပန်မိပါတယ်။

စားသုံးသူအကာအကွယ်ပေးရေးဟော ပြောပွဲတစ်ခုမှာ ကျွန်တော်က စားသောက်ကုန် ပစ္စည်းအကြောင်း ဆွေးနွေးခဲ့ပြီးတဲ့အခါမှာ နဂိုကမှ ဓာတုဓာတ်ကြွင်းပါဝင်မှု များတဲ့ အထဲကပေါ့ဗျာ 'အသီးအရွက်တွေ ရောင်းပန်းလှအောင်ဆိုပြီး ပိုးသတ်ဆေးတွေ အလွန်အကျွံသုံးစွဲလာကြောင်း၊ ဒီလိုပါပဲ ဈေးထဲက ငါးခြောက်တန်းတို့၊ ငါးပိတန်းတို့၊ အသားရောင်းတဲ့ဘက်တို့မှာ ယင်ကောင်မနားတော့ဘူး။ ဒီလိုဖြစ်အောင် ယမ်းစိမ်း (အမိုနီယမ်နိုက်တြိတ်) ပက်ဖျန်းထားတဲ့ အကြောင်း၊ စားမိရင် ဝမ်းဗိုက်ပါပွင့်ထွက်သွားနိုင်ပါကြောင်း" အားရ ပါးရဟောလိုက်တဲ့အခါမှာ မေးခွန်းလေးတွေက ချက်ချင်းလာပါတော့ တယ်။

ပထမ ပရိသတ်တစ်ဦးက "ဆရာပြောတော့ အသီးအရွက်တွေ ပိုးလည်းမကိုက်တော့ဘူး။ဈေးထဲမှာရောင်းတဲ့ငါးပိတွေ၊ အသားတွေ ယင် ကောင်မနားတော့ဘူးဆိုတော့ ကျွန်တော်တို့ဘာ သွားစားရတော့မှာလဲ" လို့မေးလာပါတယ်။ ကျွန်တော်က ချက်ချင်းမဖြေသေးဘဲ ဒုတိယ မေးခွန်းမေးမယ့် အလှည့်ကိုစောင့်နေခဲ့ပါတယ်။အသက် ၅၅ နှစ်ခန့်ရှိတဲ့ အမျိုးသမီးကြီးက လက်ညှိုးထောင်ပြီး ပရိသတ်အားလုံးကြားအောင် မေးခွန်းမေးလာပါတော့တယ်။" အချိုမှုန့်ဆိုတာ ကျွန်မခပ်ငယ်ငယ်ကတည်းက စားလာတာ ဒီအသက်အရွယ်အထိပဲ၊ ဖြတ်ဖို့တော့ အကြိမ်ကြိမ် ကြိုးစားပါတယ်။ ဖြတ်လို့မရခဲ့ပါဘူး။ မကောင်း မှန်းပြောသံလည်းကြားပါတယ်။ဘာကြောင့်ဆိုးတယ်လို့ ပြောကြတာလဲ။ ဒုတိယ မေးခွန်းက အချိုမှုန့်ကိုဘယ်လို ဖြတ်ရမလဲ၊ သိလိုပါတယ်ရှင့်" တဲ့။

ကျွန်တော်က ဒုတိယမေးခွန်းမေးလာတဲ့ အခါမှာ ဆွေးနွေးခဲ့တဲ့အချိုမှုန့်အကြောင်းကို ပြန်တွေးလိုက်မိတယ်။ ကျွန်တော်ပြောခဲ့တာက " ကျွန်တော်ငယ်ငယ်ကတည်းက အချိုမှုန့်ကို စားလာခဲ့ပါကြောင်း၊ အဲဒီအချိုမှုန့်ဟာ ဂျပန်ပညာရှင်တစ်ဦးက ပထမကမ္ဘာစစ်မတိုင်မီကတည်းက ဖော်ထုတ်ခဲ့ပါကြောင်း၊ မူလပစ္စည်းတွေကတော့ ပီလောပီနံ၊ ကြံရိုး၊ ပင်လယ်ရေညှိ၊ ဂျုံစတဲ့ပစ္စည်း တွေကနေ ထုတ်လုပ်ပါကြောင်း၊ ဒီပစ္စည်းတွေနဲ့ နောက်ဆုံးပေါင်းခံတဲ့အခါမှာ မိုနိုဆိုဒီယမ်ဂလူတမိတ်ဆိုတဲ့ ဓာတ်ပေါင်းကို အချိုမှုန့်လို့ခေါ် ဆိုတဲ့ အကြောင်း၊ တကယ်လည်း အရသာရှိပြီးတော့ လူ့အတွက်လည်း အာဟာရဓာတ်ဖြစ်စေပါကြောင်း၊ နောက်ပိုင်းမှာ လူကြိုက်များလွန်းလို့ ဈေးကွက်မှာ ရှာမရတဲ့အထိဖြစ်လာတဲ့အခါမှာ မသမာတဲ့ စီးပွားရေးလုပ်ငန်းရှင်များက ဓာတုဗေဒနည်းနဲ့ အချိုမှုန့်အနံ့ အရသာကိုရအောင် တီထွင်ပြီးတော့ ဈေးကွက်ထဲ တင်ပို့လိုက်ကြတော့တာပါပဲ။ ဒါကြောင့် နာကြရတယ်။ သေကြရတယ် ဆိုတာ မျိုးဖြစ်လာကြတယ်လို့ ပညာရှင်တွေပြောလာပြီ ဖြစ်ကြောင်း" ပြောဆိုခဲ့ပါတယ်။

ပထမမေးခွန်းကို 'ဈေးထဲမှာငါးခြောက်၊ ငါးပိတို့၊ အသီးအရွက်ပြဿနာက တော်တော်နဲ့ ပြုပြင်လို့ မလွယ်တဲ့ကိစ္စပါ။ အခုလုပ်တော့လုပ်နေပြီ။ လောလောဆယ်မှာ ပညာရှင်တွေအကြံပြုထားတာက အသားပဲဖြစ်ဖြစ်၊ အသီးအရွက်ပဲဖြစ်ဖြစ် ရှာလကာရည်နဲ့ စိမ်ပါ။ ဆေးကြောပါလို့ အကြံပြု ထားပါကြောင်း၊ တကယ်လို့ ရှာလကာရည် ရုတ်တရက်ရှာမတွေ့ရင် အိမ်သုံးဆားနဲ့လည်း ဆေးကြောသန့်စင်လို့ရပါတယ်လို့ ဆိုပါတယ်၊ ဆားဆိုတာ ဆိုဒီယမ်ဖြစ်တဲ့အတွက် အဆိပ်ဓာတ်တော်တော်များများကို ချေဖျက်နိုင်တဲ့ ဂုဏ်သတ္တိရှိပါ တယ်လို့ ဖြေဆိုခဲ့ပါတယ်။

ဒုတိယမေးခွန်းကိုလည်း 'အချိုမှုန့်ဆိုတာ လူအတော်များများ ဖြတ်လို့မရတဲ့ ပစ္စည်းပါ။ မူလ ပစ္စည်းအတိုင်းလာရင် တကယ်စားလို့ကောင်းရုံမက အာဟာရဓါတ်လည်းပေးပါတယ်၊ ကျွန်တော်တို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန က တင်သွင်ခွင့်ပေးတဲ့ အချိုမှုန့်တွေဟာ ကျန်းမာရေးဝန်ကြီးဌာနက ထောက်ခံချက်ပါလို့ ပေးတာဖြစ်ပါတယ်။ ဒါပေမယ့် မြေပြင်မှာ တင်သွင်းလာတဲ့ပစ္စည်းက ဆာလာအိတ်ကြီးတွေဖြစ်ပြီးတော့ ပြည်တွင်းရောက်မှပဲ အိတ်ကြီးအိတ်ငယ်တွေ၊ ပုံးတွေခွက်တွေနဲ့ အပုံလိုက်ရောင်းနေတာ မြို့တိုင်းရွာတိုင်း လိုလိုပါပဲ။ အများစုက ပုံမမှန်တဲ့နည်းလမ်းနဲ့ ဝင်ရောက်လာတာဖြစ်တဲ့အတွက် ကျွန်တော်ဆွေးနွေး သလိုပါပဲ ဓာတုနည်းနဲ့ ထုတ်လုပ်တဲ့ အချိုမှုန့်ဖြစ် ဖို့ကများနေပြီ။ ဒါတွေကိုတော့ တဖြည်းဖြည်း ရှာဖွေဖော်ထုတ်ပြီး ပပျောက်သွားအောင် ဆောင်ရွက်သွားမှာပါ။ အဲ့ဒီတော့ အစ်မကြီးမေးသလို အချိုမှုန့်မစားရင် ဘာစားမလဲပေါ့။ ပညာရှင်တွေက အကြံပြုထားပါတယ်၊ သကြား နည်းနည်းထည့်သုံးပါ၊ သကြားတောင်မှ ကင်ဆာရောဂါအခံရှိတဲ့ လူတွေအတွက် ရောဂါပိုဆိုးနိုင်တယ်လို့ဆိုပါတယ်။ အသီးအရွက်ပဲဖြစ်ဖြစ် အသားပဲဖြစ်ဖြစ် မူလရှိပြီး သားအချိုကောင်းပါတယ်၊ တဖြည်းဖြည်းနဲ့ ကြိုးစားပြီး ဖြတ်ရင်မရစရာ မရှိပါဘူး' လို့ ဒုတိယ မေးခွန်းကိုဖြေခဲ့ပါတယ်။

တစ်နေ့က ကယားပြည်နယ် ဘော်လခဲမြို့ကို ဆွေးနွေးဟောပြောဖို့အသွား လိုင်းကားပေါ်မှာ ကျွန်တော်တို့အဖွဲ့ထဲက တစ်ယောက်က 'ဆရာ လှိုင်ကော်မြို့ပေါ်မှာ ထုတ်ကုန်လုံခြုံ စိတ်ချရမှု စစ်ဆေးတဲ့အခါမှာ ပျားရည်ရောင်းတဲ့ အိမ်တစ် အိမ်ကို စစ်ဆေးရင်ကောင်းမယ်ဆရာ' လို့ ပြောတဲ့အခါမှာ ကျွန်တော်က အံ့သြခြင်းများစွာနဲ့ မေး လိုက်ပါတယ်။ 'ဆရာပျားရည်အတု လုပ်ကြတယ်။ သကြားဖျော်ရည်ထဲမှာ ကွမ်းစားထုံးတွေထည့် လိုက်ရုံပါပဲ'တဲ့။ တတ်ပဲတတ်နိုင်လွန်းကြတဲ့လူတွေလို့ စိတ်ထဲကနေ မှတ်ချက်ပြုမိ လိုက်ပါတယ်။ တစ်လမ်းလုံးပဲ ပျားရည်အတုကိစ္စကို ဆွေးနွေးလာကြပါတယ်။

အတုနဲ့အစစ်ကို ဘယ်လို ခွဲခြားမလဲ၊ နောက်ဆုံးအဖြေကို ဘယ်သူကမှ တိကျအောင် မဖြေနိုင်တဲ့အတွက် FDA ကို နမူနာပို့ပြီးဘာတွေပါလဲ ဓာတ်ခွဲစမ်းသပ်တာ အကောင်းဆုံး လို့ သဘောတူကြပါတယ်။ လှိုင်ကော်မြို့ပေါ်က လူမှုရေးလုပ်ငန်းကို စိတ်ဝင်စားတဲ့ လူငယ်ငါးဦးက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးရေးလုပ်ငန်း ပညာပေးဆွေးနွေးပွဲကိုသူတို့ တစ်နိုင်တစ်ပိုင် ဆွေးနွေးပေးလိုပါကြောင်း လာပြောရင်း သတင်းတစ်ခုပါလာ ပါတယ်။ လှိုင်ကော်မြို့ထဲက အာလူးကြော်တွေ ဘာဆေးတွေသုံး ထားလို့လည်း မသိဘူး၊ ဘယ်လိုပဲထားထား ပျော့မသွားဘူး။ အဲဒါ စစ်ဆေးသင့်ပါတယ်ဆိုပြီး လာပြောရှာပါတယ်။ ကျွန်တော်ကလည်း စစ်ဆေးပေးမယ်ဖြစ်ကြောင်း၊ အဖွဲ့စုံဖြင့် စစ်ဆေးပေးမှာဖြစ်ကြောင်း ပြောပြီး လိပ်စာအတိအကျ ရယူနိုင်ခဲ့ပါတယ်။ အဲ့ဒီလူငယ်များက သိလိုတဲ့အချက်တွေ မေးမြန်းတာကို စိတ်ရှည်ရှည်နဲ့ ဖြေကြားလိုက်ပါတယ်။

ဒါ့ကြောင့်မို့လို့လည်း နေ့စဉ်စားနေတဲ့ အစားအစာထဲက ပါလာတဲ့ ဓာတုဓာတ်တွေ (တစ်နည်း)အဆိပ်တွေ ဖယ်ရှားနိုင်ဖို့ ပထမအဆင့်အနေနဲ့ စားသုံးသူပြည်သူများကို အခြေခံ ကျကျ အသိပညာပေးဆွေးနွေးဖို့ လိုအပ်မယ်ထင်ပါတယ်။ စားသုံးသူပြည်သူအတော်များများက လိုက်နာလာရင် ရောင်းတဲ့လူ ၊ ထုတ်လုပ်တဲ့လူတွေက အလိုလိုလိုက်နာလာမှာဖြစ်ပြီး ကျွန်တော်တို့ရဲ့ စားသုံးသူပြည်သူများအနေနဲ့ ဈေး ဝယ်တဲ့အခါမှာ ဆိုးဆေးပါမှာတို့၊ ဓာတုဓာတ်ကြွင်းပါမှာတို့ ဆိုတာ ကြောက်စရာမလိုတော့တဲ့ကာလ ရောက်လာတော့မှာဖြစ်တဲ့အတွက် ကျွန်တော်ကတော့ အဲ့ဒီအချိန်ကျရင် မျက်စိမှိတ်ပြီး ဈေးဝယ်ထွက်သွားမှာဖြစ်တဲ့အကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

## ချင်း

### ပြည်ချင်းဈေးကွက် ဈေးငြိမ်နေ

ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများပြည်ဈေးကွက်သို့ ပိဿာ ၃၀ဝင်အိတ် ၂၀ ခန့် ဝင်ရောက်ခဲ့ပြီး၊ ယခင်တစ်ပတ်ကထက် အဝင်နည်းလာပါတယ်။ ယခုအချိန်ဟာ ချင်းအသစ်များထွက်ရှိချိန်ဖြစ်ပေမယ့် မိုးရွာချိန်နောက်ကျသောကြောင့် ချင်းထွက်ချိန် နောက်ကျကြောင်းသိရပါတယ်။ ဇွန်လဆန်းတွင် ချင်းဥမများ၊ ပြည်ဈေးကွက်ကို ဝင်ရောက်လေ့ရှိပြီး၊ ယခုနှစ်မှာ ချင်းဥမများအထွက်နောက်ကျတဲ့အတွက် လက်ကျန်ချင်းများ အနည်းငယ်သာဝင်ရောက်ပြီး၊ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးနှုန်းအားဖြင့် ချင်းတစ်ပိဿာလျှင် (ရှယ်) ကျပ် ၁၁၀၀ နှင့် ကျပ်၁၃၀၀(ကျပ် ၈၀၀-၉၀၀) ယခင်တစ်ပတ်အတိုင်း အပြောင်းအလဲမရှိဘဲ၊ ဈေးနှုန်းတည်ငြိမ်ပြီး အရောင်းအဝယ်အေးနေပါတယ်။ ဈေးကွက်အတွင်း တစ်နေ့ကို ပိဿာချိန် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး၊ ဧရာဝတီတိုင်းနဲ့ ရခိုင်ပြည်နယ်ကို ဈေးကွက်မှတစ်ဆင့် စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၂၀၀ ခန့်တင်ပို့မှုရှိတယ်လို့ သိရပါတယ်။ **ဝင်းဝင်းခိုင်(ပြည်)**

### အောင်ပန်းဈေးကွက်မှာ ချင်းအစိုရော အခြောက်ပါ အဝင်နည်းလာ

ဒီတစ်ပတ်တော့ အောင်ပန်းဈေးကွက်မှာ ချင်း(စို) ရော၊ ချင်း(ခြောက်) ပါ နှစ်မျိုးစလုံးအဝင်နည်းသွားပါပြီ။ ခြံရှင်တွေဆီမှာကျန်တဲ့ လက်ကျန်အချို့နဲ့ ပွဲရုံလက်ကျန်အချို့သာရှိပြီး၊ လက်ကျန်စုစုပေါင်းကလည်း ပိဿာချိန် သိန်းဂဏန်းပတ်ချာလည်ခန့်သာ ရှိတော့တယ်လို့လည်း ဈေးကွက်မှ သိရှိရပါတယ်။ မိုးကလည်းမှန်လာပြီဖြစ်လို့ ချင်း(ဥမ) တွေလည်း နောက်တစ်လခွဲ၊ နှစ်လခန့်ဆိုရင် ဖော်လို့ရတော့မှာဖြစ်တယ်လို့လည်း သိရပါတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်နေပြီး၊ ဈေးပတ်သမားတွေသာ အဝယ်ရှိနေပါတယ်။ ပြည်တွင်းဈေးကွက်ကို ဖြန့်ဖို့အတွက် ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပြည် စတဲ့မြို့တွေက ဝယ်လက်တွေဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်း ပိဿာချိန် ကိုးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ချင်းခြောက်ကတော့ အဝင်နည်းသွားသလို အရောင်းကလည်း အေးသွားပါတယ်။ အဲဒါကြောင့် ဈေးလည်းကျသွားတယ်လို့ သိရပါတယ်။

အောင်ပန်းဈေးကွက်မှာ ချင်း(စို) ကတစ်ပိဿာကို အနိမ့်ဆုံး ကျပ် ၅၀၀ မှ ၆၅၀ အထိရှိပြီး ချင်းခြောက်ကတော့ တစ်ပိဿာကို ကျပ် ၁၄၀၀ မှ ၁၇၀၀ ဈေးရှိပါတယ်။ **ဧခိုင်(တောင်ကြီး)**

### ချင်းတန်ချိန် ၅၀ ကျော် ပင်လယ်ရေကြောင်းမှ တင်ပို့

မေ ၂၉ ရက်မှ ဇွန် ၄ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ချင်း ၅၄ တန်ကို စင်ကာပူနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ် အပို့ပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည် တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ၈၆၄၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဧပြီလမှာ ချင်းစုစုပေါင်း၅၂ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး မေလမှာ တန်ချိန်၅၆ကျော်တင်ပို့နိုင်ခဲ့တာကြောင့် မေလမှာချင်း တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ မေလချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၀၄၄၃ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## နနွင်း

### ပြည်ပဝယ်လက်နည်းသလို ရှမ်းနနွင်းအဝင်လည်းနည်း

ရှမ်းနနွင်းလည်း အဝင်နည်းလာပါတယ်။ ချင်းလိုပဲ ပွဲရုံလက်ကျန်တွေသာ အရောင်းရှိနေပြီး၊ အိမ်နီးချင်းနိုင်ငံရဲ့ ဥပုသ်လဖြစ်လို့ ပြည်ပဝယ်လက်ကလည်း နည်းနေပါတယ်။ ပြည်တွင်းသုံးအတွက်သာ အဝယ်ရှိနေတာကြောင့် ပုံမှန်အဝယ်ရှိနေတယ်လို့ သိရပါတယ်။ နောက်လကုန်ခန့်မှာလည်း နနွင်းအသစ်တွေဝင်လာနိုင်တယ်လို့သိရပြီး လောလောဆယ်ဈေးကွက်မှာတော့ ဆင်တောင်နနွင်းအသစ်တွေက တစ်ပတ်ကို ပိဿာချိန်သုံးရာမှ ငါးရာခန့်အထိ အဝင်ရှိတယ်လို့ သိရပါတယ်။ ပြည်တွင်းသုံးဝယ်လက်တွေသာ အဝယ်ရှိလို့ မေလအတွင်းပိဿာချိန်နှစ်သိန်းအထိ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း ဈေးကွက်ကသိရှိရပါတယ်။ ဒီတစ်ပတ်ရှမ်းနနွင်းပေါက်ဈေးတွေကတော့ တစ်ပိဿာကို ကျပ် ၁၂၀၀ မှ ၁၃၀၀ ဈေးရှိပြီး၊ ဆင်တောင်နနွင်းက ကျပ် ၂၃၀၀ မှ ကျပ် ၁၄၀၀ ဈေးရှိပါတယ်။ **ဧခိုင်(တောင်ကြီး)**

### မလေးနဲ့ စင်ကာပူသို့ နနွင်းတန်ချိန် ၇၀ ကျော်တင်ပို့

မေ ၂၉ရက်မှ ဇွန် ၂ ရက်သီတင်းပတ်အတွင်း နနွင်း ၃၅၇ ဒသမ ၉၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်သို့ ၅၆ တန်၊ အိန္ဒိယသို့ ၅၆ တန်၊ မလေးရှားသို့ ၁၆၅ တန်နဲ့ စင်ကာပူသို့ ၈၀ ဒသမ ၉၉၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာ ၇ တန်ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၃၅၀ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၇၁၃၈၆ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဧပြီလမှာ နနွင်းတန်ချိန် ၁၁၇၀ ကျော် တင်ပို့နိုင်ခဲ့ပြီး မေလမှာ တန်ချိန် ၆၅၀ ကျော်တင်ပို့နိုင်ခဲ့တာကြောင့် မေလမှာ နနွင်း တန်ချိန် ၅၂၀ တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## သီဟိုဠ်

### မူဆယ်နဲ့ မြဝတီတို့ မှ သီဟိုဠ်စေ့ ၁၀ တန်ကျော်တင်ပို့

မူဆယ်နဲ့ မြဝတီ ကုန်သွယ်ရေးဇုန်မှ ၂၀၁၆ ခုနှစ် မေ ၂၈ ရက်မှ ဇွန် ၃ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၇၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၂၄ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၂၀ သန်းဖိုးရှိ သီဟိုဠ်စေ့ ၄ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၁၈ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ယခုတစ်ပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၅၃ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၇ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၆၃၅ ကီလိုဂရမ် ပိုမိုတင်ပို့ခဲ့ပါတယ်။ **ခင်မြနွယ်**

## မန်ကျည်း



### ပြည်မန်ကျည်းမှည့် ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေ

ပြည်မန်ကျည်းမှည့် ပွဲရုံများသို့ ဇွန်(ဒုတိယပတ်) တွင် မန်ကျည်းမှည့် တစ်ရက်လျှင် အိတ် ၃၀ လောက်သာ အဝင်ရှိတာတွေ့ရပါတယ်။ ဒေသတွင်းမှာလည်း မန်ကျည်းမှည့် အရောင်းအေးနေပြီး ဟင်္သာတ၊ ကြံခင်းတို့မှ အဝင်ရှိနေပါတယ်။ ဝင်လာသမျှကုန်စည်ကို ရခိုင်ပြည်နယ် တောင်ကုတ်သို့ ပိဿာချိန် ၁၂၀၀ ကျော်၊ ၄၅ အိတ်နီးပါး နှစ်ရက်ခြား တင်ပို့လျက်ရှိနေပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့် ဈေးနှုန်းကတော့ ယခင်တစ်ပတ်အတိုင်း လက်ကား/ လက်လီဈေးနှုန်း တစ်ပိဿာလျှင် ကျပ် ၁၄၀၀ နှင့်ကျပ် ၁၆၀၀ ဈေးဖြင့် ဈေးနှုန်းငြိမ်ပြီး အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း သိရပါတယ်။ **နီနီဝင်း**

### ပင်လယ်ရေကြောင်းမှ မန်ကျည်း တန် ၅၀ ကျော်တင်ပို့

ဧပြီ ၂၉ ရက်မှ ဇွန် ၄ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၇၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ ၂၅ တန်နဲ့ စင်ကာပူသို့ တန်၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်း၂၃တန်ကျော်တင်ပို့နိုင်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တန်ချိန် ၅၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါ တယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၂၅၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဧပြီလမှာ မန်ကျည်းစုစုပေါင်းတန်ချိန်၂၂၃၀ ကျော် တင်ပို့နိုင်ခဲ့ပြီး မေလမှာ တန်ချိန် ၈၄၀ သာတင်ပို့နိုင်ခဲ့တာကြောင့် မေလမှာ မန်ကျည်းတန်ချိန် ၂၁၅၀ ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း (DOT)**

## ကြက်သွန်

### ပြည်ဈေးကွက် ကြက်သွန်နီ အဝင်နည်း၍ ဈေးမြင့်တက်

ဇွန်လ(ဒုတိယပတ်)တွင် ပြည်ကြက်သွန်နီပွဲရုံများသို့ကြက်သွန်နီဝင် ရောက်မှုနည်းပါတယ်။ ကြက်သွန်နီဈေးကလည်း တစ်ပတ်ထက်တစ်ပတ် အတက်ဘက်မှာသာ တွေ့နေရပါတယ်။ ကြက်သွန်နီအများဆုံးစိုက်တဲ့ အောင်လံ၊ ရေနံချောင်း၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ သရက်စတဲ့ဒေသများမှာပင် တရုတ်၊ မူဆယ်၊ တာချီလိတ်တို့မှ အဝယ်ရှိနေတာကြောင့် ပင်ရင်းမှာပင် ကျပ် ၆၀၀ နီးပါးအထိ ဈေးပေါက်နေကြောင်း သိရပါတယ်။ ပြည်ပွဲရုံသို့ ဝင်ရောက်လာတဲ့ ကြက်သွန်နီတစ်ပိဿာဈေးနှုန်းကတော့ (ကြီး) ကျပ် ၆၀၀၊ (လတ်) ကျပ် ၅၈၀နှင့်(သေး) ကျပ် ၅၀၀ တို့ဖြစ်ပါတယ်။ ဒေသတွင်း လက်လီရောင်းဈေးကတော့ တစ်ပိဿာလျှင်(ကြီး) ကျပ် ၇၅၀၊ (လတ်) ကျပ် ၇၀၀ နှင့်(သေး) ကျပ် ၆၀၀ တို့ဖြင့်ရောင်းဝယ်လျက်ရှိကြပါတယ်။ လောလောဆယ်မှာ အောင်လံအနီးဒေသမှ ကြက်သွန်စတွေ ဝင်ရောက်နေပြီး ဈေးမြင့်တက်နေတာကြောင့် အရောင်းအဝယ်မှာလည်း ပုံမှန်လောက်သာရှိနေတာ တွေ့ရပါတယ်။ ပွဲရုံများတွင် တစ်နေ့အိတ် ၁၅၀ လောက်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ **ဝင်းလှဲ့ဝါ(ပြည်)**

### ပြည်ကြက်သွန်ဖြူဈေးကွက် ဈေးအမြင့်မှာငြိမ်နေ

ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တရုတ်နိုင်ငံဘက်မှ ဝင် ရောက်လာတဲ့ ကြက်သွန်ဖြူဈေးနှုန်းများဟာ ယခုဇွန် ဒုတိယပတ်မှာ အမြင့်ဈေးနဲ့ဈေးငြိမ်ပြီး အရောင်းအဝယ် ပြုလုပ် လျက်ရှိနေပါတယ်။ ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူတွေ က အစို ဓာတ်ရှိနေပြီး၊ အသစ်စတွေဖြစ်ကာ ဈေးနှုန်းက အကျဘက်မရှိဘဲ အဟောင်းဈေးအတိုင်း ဈေးတန်းတူဖြစ်ပေါ် နေပါတယ်။ ပွဲရုံလက်ကားတစ်ပိဿာလျှင် (ရှမ်း) ကျပ် ၃၇၀၀၊ (ကြူကုတ်) ကျပ် ၃၄၀၀ တို့ဖြစ်ပြီး၊ လက်လီတစ်ပိဿာဈေး ကတော့ (ရှမ်း) ကျပ် ၄၀၀၀ ၊(ကြူကုတ်) ကျပ် ၃၈၀၀ ဈေးတို့ဖြစ်ပါတယ်။ ယခုနှစ်အတွင်း ကြက်သွန်ဖြူဈေးဟာ အကျဘက်သို့မရှိဘဲ ၂၀၁၅ အောက်တိုဘာလကတည်းကစပြီး တဖြည်းဖြည်းဈေးတက်လျက်ရှိပါတယ်။ ဈေးမြင့်မှုကြောင့် ပြည်ဒေသအတွင်း အရောင်းအဝယ်အေးလျက်ရှိနေပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် အလိုက် ဈေးမြင့်တက်နေတဲ့ ကြက်သွန်ဖြူဈေးကွက်ရဲ့ ကာလတူဈေးနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပေါ် လျက်ရှိနေ တာတွေ့ရပါတယ်။

| | ၂၀၁၅-၁၆ | | | | ၂၀၁၆-၁၇ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|---|---|
| လအမည် | (ရှမ်းစ) | | (ကြူကုတ်) | | (ရှမ်းစ) | | (ကြူကုတ်) | |
| | လက်ကား | လက်လီ | လက်ကား | လက်လီ | လက်ကား | လက်လီ | လက်ကား | လက်လီ |
| ဧပြီ | ၁၄၀၀ | ၁၀၀၀ | ၁၆၅၀ | ၁၈၀၀ | ၂၂၀၀ | ၂၇၀၀ | ၄၇၀၀ | ၅၅၀၀ |
| မေ | ၁၆၀၀ | ၂၀၀၀ | ၁၉၀၀ | ၂၂၀၀ | ၃၃၀၀ | ၃၈၀၀ | ၃၀၀၀ | ၃၀၀၀ |
| ဇွန် ဒုတိယပတ် | ၁၈၀၀ | ၂၂၀၀ | ၂၀၀၀ | ၂၄၀၀ | ၃၇၀၀ | ၄၀၀၀ | ၃၄၀၀ | ၃၈၀၀ |

**နီနီဝင်း**

# ရင်မင်ဘီ(ယွမ်)ငွေကြေးရောင်းဝယ်မှုတွင် ကမ္ဘာ့ဒုတိယအကြီးဆုံးဗဟိုချက်အဖြစ် လန်ဒန်က စင်ကာပူကို ကျော်ဖြတ်

ရင်မင်ဘီ(ယွမ်)ငွေကြေး ရောင်းဝယ်မှုတွင် ကမ္ဘာ့ဒုတိယအကြီးဆုံး ဗဟိုချက်အဖြစ် ယူကေသည် စင်ကာပူကိုကျော်ဖြတ်တက်ကာ နေရာယူလိုက်ခြင်းသည် တရုတ် ငွေကြေးယွမ် အနေဖြင့် ဒေသတွင်း၌သာမက ဒေသပြင်ပသို့လည်း ၎င်း၏ အခန်းကဏ္ဍ ကြီးထွားလာမှုကို ထင်ဟပ်ပြလိုက်သည့် အမှတ်လက္ခဏာဟု ဆိုရပါမည်။

လန်ဒန်သည် နိုင်ငံခြားငွေကြေးများ အရောင်းအဝယ်ပြုလုပ်ရာ ကမ္ဘာ့အကြီးဆုံး စင်တာ ဖြစ်ပါသည်။ တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ ယွမ်ငွေကြေးအား တင်းတင်းကျပ်ကျပ် ထိန်းချုပ်မှုများရှိနေသည့်တိုင် အပြည်ပြည်ဆိုင်ရာ သုံးငွေကြေးတစ်ရပ်အနေဖြင့် ကြီးထွားလာနိုင်ရေး၊ ၎င်းအတွက် အထောက်အကူပြု မည့် သစ္စာရှိမိတ်ဖက်ရှာဖွေလျက်ရှိနေစဉ် လန်ဒန်သည် ယွမ်ငွေကြေး အရောင်းအဝယ်ဆိုင်ရာ အနောက်ကမ္ဘာခြမ်း၏ ဗဟိုချက်ဖြစ်လာရန် အစိုးရများကများစွာ ပံ့ပိုးကူညီလျက်ရှိပါသည်။

ယွမ်ငွေကြေး အရောင်းအဝယ် အတွက် လန်ဒန်သည် နှစ်နှစ်ဆက်တိုက် တတိယနေရာတွင် ရှိနေရာမှ ယခုနှစ် မတ်လမှစ၍ အဆုံးသတ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ကမ္ဘာ့ယွမ် အရောင်းအဝယ်တစ်ခုလုံး၏ ၄ ဒသမ ၆ ရာခိုင်နှုန်းကို စင်ကာပူက ထိန်းချုပ်ထားရာမှ လန်ဒန်က ကျော်တက်ကာ ၆ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဒုတိယ နေရာသို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။ သို့ရာတွင် ယွမ်ငွေကြေး အရောင်းအဝယ်တွင် စင်ကာပူနှင့်လန်ဒန်တို့သည် ဟောင်ကောင်၏ နောက်တွင်သာ ရပ်တည်နိုင်သေးပြီး ဟောင်ကောင်သည် ကမ္ဘာ့ယွမ် အရောင်းအဝယ်တစ်ခုလုံး၏ ၇၂ ဒသမ ၅ ရာခိုင်နှုန်းကို ထိန်းချုပ်ထားပြီးဖြစ်ပါသည်။

သို့ရာတွင် လန်ဒန်၏ ယွမ်ငွေကြေး အရောင်းအဝယ်သည် အလွန် လျင်မြန်သော နှုန်းထားဖြင့် တိုးတက်လျက်ရှိနေပြီး ပြီးခဲ့သောနှစ်၏ နောက်ဆုံးလတွင် တွေ့ရှိရသော အရောင်းအဝယ်ပြုလုပ်မှု နှုန်းထားနှင့် နှိုင်းယှဉ်ပါက ၂၁ ရာခိုင်နှုန်းအထိ ပိုမိုတိုးတက်လာကြောင်း တွေ့ရှိရပါသည်။ တရုတ်ဆောက်လုပ်ရေးဘဏ်သည် ၎င်း၏ ပထမဆုံးသော အသိအမှတ်ပြု ဘဏ်အနေဖြင့် ယူကေယွမ် ငွေကြေး အရောင်းအဝယ်ဌာနကို ၂၀၁၄ ခုနှစ် ဇွန်လမှ စတင် အသိအမှတ်ပြုပေးခဲ့ပါသည်။

ပြည်ပတွင် အခြေစိုက်ထားသော ယွမ်ငွေကြေးအရောင်းအဝယ် စင်တာများသည် ကမ္ဘာ့ကုန်သွယ်ရေးတွင် အဓိက အသုံးပြုနေသည့် ငွေကြေးအဖြစ် ယွမ်ကို ပိုမိုသုံးစွဲလာနိုင်ရေးအတွက် ထိန်းကျောင်း မောင်းနှင်သူများအဖြစ် အရေးပါလာချိန်တွင် ယူကေကဲ့သို့နိုင်ငံအနေဖြင့် ယင်းအခွင့်အလမ်းမှ အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

လက်ရှိအချိန်တွင် လန်ဒန်သည် ယူကေမှ ဟောင်ကောင် သို့မဟုတ် တရုတ်ပြည်မကြီးတို့အကြား ငွေပေးချေမှုအားလုံး၏ ၄၀ ရာခိုင်နှုန်းကို ယွမ်ဖြင့် ဆောင်ရွက်လျက်ရှိနေပြီး ၎င်းနောက်တွင် ဟောင်ကောင် ဒေါ်လာဖြင့် ၂၄ ရာခိုင်နှုန်းနှင့် ပေါင်စတာလင်ဖြင့် ၁၂ ရာခိုင်နှုန်းကို ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

လန်ဒန်သည် ကမ္ဘာ့အကြီးဆုံး နိုင်ငံခြားငွေကြေး အရောင်းအဝယ်ပြုလုပ်ရာ ဗဟိုချက်မအဖြစ်တည်ရှိပြီး တစ်ရက်လျှင်ပျမ်းမျှ ကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၂ ဒသမ ၁၅ ထရီလီယံခန့်ကို အရောင်းအဝယ် ပြုလုပ်ပေးလျက်ရှိပါသည်။ အင်္ဂလန်ဘဏ်၏ အဆိုအရ ယွမ်သည် အဋ္ဌမမြောက် အများဆုံး အရောင်းအဝယ်ပြုလုပ်လျက်ရှိသည့် ငွေကြေးဖြစ်ပြီး တစ်ရက်လျှင် အမေရိကန်ဒေါ်လာ၃၉ဘီလီယံနှင့်ညီမျှသော အရောင်းအဝယ်အားလုံး၏ ၁ ဒသမ ၈ ရာခိုင်နှုန်းအား ဆောင် ရွက်ပေးလျက်ရှိပါသည်။ အမေရိကန်ဒေါ်လာဖြင့် တစ်ရက်လျှင် ၁ ဒသမ ၉ ထရီလီယံတန်ဖိုး၊ ယူရိုအားဖြင့် တစ်ရက်လျှင် ၈၃၇ ဘီလီယံနှင့် ညီမျှသော အရောင်းအဝယ်များကို လန်ဒန်က စီမံကိုင်တွယ်ပေးလျက်ရှိပါသည်။

ကမ္ဘာတစ်ဝန်း ငွေပေးချေမှုများတွင် ယွမ်ကို အသုံးပြုသည့်နှုန်းမှာ လျင်မြန်စွာ တိုးတက်လျက်ရှိပြီး မတ်လတွင် ပေးချေခဲ့မှုသည် ပြီးခဲ့သည့်လထက် ၁ ဒသမ ၈၈ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် မြင့်တက်လာခဲ့ပြီး ကမ္ဘာ့ငွေကြေးအမျိုးအစားများတွင် အသုံးများဆုံးဖြင့် ပဉ္စမနေရာ၌ ရပ်တည်လျက်ရှိပါသည်။

၂၀၁၄ ခုနှစ်တွင် ယွမ်ဖြင့် ငွေစုစာချုပ်များကို ထုတ်ဝေရောင်းချခဲ့သည့် အနောက် ကမ္ဘာ၏ ပထမဆုံး အစိုးရဖြစ်လာပြီးနောက်ပိုင်းမှစ၍ ယူကေသည် တရုတ်ယွမ်ငွေကြေးအား ကမ္ဘာတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာအောင် အထောက်အကူပြုလျက်ရှိပါသည်။

**ညီညီအောင်**
**WTO သံမှူး**

# ဆီထွက်သီးနှံကဏ္ဍာပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်းဆိုင်ရာ လေ့လာမှုစစ်တမ်းများကို သုံးသပ်အတည်ပြုခြင်း အလုပ်ရုံဆွေးနွေးပွဲ နှင့် စီမံကိန်းကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကျင်းပ



ကျေးလက်ဒေသ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် ဝန်ကြီးဌာနအသီးသီးမှ အားသွန်ခွန်စိုက်ကြိုးပမ်းနေသည့် ကာလတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် မြန်မာ့ပို့ကုန်များ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုမြင့်မားလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပို့ကုန်ဦးဆောင်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ရည်မှန်း၍ အမျိုးသား ပို့ကုန်မဟာဗျူဟာကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားပို့ကုန် မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍ ခုနစ်ရပ်နှင့် အထောက်အကူပြုကဏ္ဍ လေးခုကို ဖော်ထုတ်နိုင်ခဲ့ပြီး ဦးစားပေးကဏ္ဍတွင် အပါအဝင်ဖြစ်သော ပဲအမျိုးမျိုးနှင့်ဆီထွက်သီးနှံကဏ္ဍနှင့် အထောက်အကူပြုကဏ္ဍတွင် တစ်ခုအပါအဝင်ဖြစ်သောအရည်အသွေး စီမံခန့်ခွဲရေးကဏ္ဍတို့နှင့် သက်ဆိုင်သည့် မြန်မာနိုင်ငံရှိ ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်လာစေရေးအတွက် အစားအစာလုံခြုံစိတ်ချရမှု တိုးတက်ရေးနှင့်အပင်ပိုးမွှားရောဂါ ကင်းရှင်းစေမည့် နည်းစနစ်များ လိုက်နာကျင့်သုံးရေးဆိုင်ရာ စီမံကိန်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ခွဲတစ်ခုဖြစ်သော စံချိန်စံညွှန်းနှင့် ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့ (Standard and Trade Development Facility –STDF)၏ ထောက်ပံ့မှုနှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) ၏ နည်းပညာအကူအညီတို့ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းအကောင်အထည်ဖော်ခြင်း၏ ရည်ရွယ်ချက်မှာဆီထွက်သီးနှံကဏ္ဍာတန်ဖိုးကွင်းဆက် တစ်လျှောက် ပါဝင်ကြသည့် စိုက်ပျိုးတောင်သူများ၊ ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် ပို့ကုန်ဝင်ငွေတိုးမြှင့်လာစေရေး၊ ထုတ်ကုန်အရည်အသွေး ပြည့်မီစေရေးနှင့် စိုက်ပျိုးတောင်သူများ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်များ (Good Agricultural Practices-GAP) ကျင့်သုံးနိုင်စေရေးနှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းစေမည့် နည်းစနစ်များ လိုက်နာကျင့်သုံးစေရေး (SPS)တို့အတွက် ရည်ရွယ်ထားသည်။

ဆီထွက်သီးနှံကဏ္ဍာ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်းကို ၂၀၁၅ခုနှစ်မှ ၂၀၁၈ခုနှစ်အထိ သုံးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံ အများဆုံးစိုက်ပျိုးထုတ်လုပ်ရာ ဒေသများဖြစ်သည့် မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် အခြေပြု၍ စီမံကိန်းကို စတင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ၎င်းဒေသရှိ တန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်စိုက်ပျိုးတောင်သူများထံ သွားရောက်ကွင်းဆင်းပြီး စီမံကိန်းအတွက် လိုအပ်သည့် အခြေခံ အချက်အလက်များ ကောက်ယူခြင်း၊ ဈေးကွက်လေ့လာရေး စစ်တမ်းကောက်ယူခြင်း၊ အစီရင်ခံစာပြုစုခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခုအခါ စီမံကိန်း စတင်နိုင်ရန် လိုအပ်သော ဈေးကွက်လေ့လာရေး ပညာရှင်တို့၏ ဖော်ထုတ်ချက်များကို သုံးသပ် အတည်ပြုပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ (Action Plans) ချမှတ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲနှင့် စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်စီမံကိန်း ကြီးကြပ်ရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတို့ကို ၂၀၁၆ခုနှစ် ဇွန်၆ ရက်နှင့် ၇ရက်တို့တွင် ရန်ကုန် မြို့ UMFCCI ၌ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက ကဏ္ဍမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ ပါဝင်လျက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**မြတ်မြတ်စိုးမိုး** (NES Team)

## ဓာတ်ဆီ/ဒီဇယ်

# ဒီဇယ် တန်ချိန် ၂၅၀၀ ကျော်နဲ့ ဓာတ်ဆီတန်ချိန် ခုနစ်ရာကျော်တင်သွင်း

မေ ၂၉ ရက်မှ ဇွန် ၄ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၆၂၇၆၀၅၄၀တန်ဖိုးရှိ ဒီဇယ် ၁၅၁၂ ဒသမ ၃၆၁ တန်နဲ့ ကန်ဒေါ်လာ ၂၇၉၆၆၉၅၇ တန်ဖိုးရှိ ဓာတ်ဆီ ၆၄၅ ဒသမ ၀၈၉ တန်ကို တင်သွင်း ခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ ဓာတ်ဆီအဝင်မရှိဘဲ ဒီဇယ်၉၂ တန်ကျော်သာ ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရောဓာတ်ဆီပါ ဝင်အားကောင်းခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဧပြီလမှာ ဓာတ်ဆီ၊ ဒီဇယ်စုစုပေါင်း ၃၄၄၄ တန်ကျော် တင်သွင်းခဲ့ပြီး မေလမှာ တန်ချိန်၂၃၀၀ ကျော် တင်သွင်းခဲ့တာကြောင့် မေလမှာ တန်ချိန် ၁၁၃၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြိတ်စခန်းမှ ကန်ဒေါ်လာ၃၅၄၆၅၈တန်ဖိုးရှိ ဒီဇယ် တန်ချိန် ၇၄၀၊တာချီလိတ်စခန်းမှ ကန်ဒေါ်လာ၄၀၀၇၅ တန်ဖိုးရှိ ဒီဇယ် ၁၀၈တန်နဲ့ ကန်ဒေါ်လာ၄၅၀၅၈ တန်ဖိုးရှိ ဓာတ်ဆီ တန်ချိန် ၁၀၀၊မြဝတီစခန်းမှ ကန်ဒေါ်လာ ၂၂၆၈၇ တန်ဖိုးရှိ ဓာတ်ဆီ ၂၁ တန်နဲ့ ကန်ဒေါ်လာ ၆၄၉၉၈ တန်ဖိုးရှိ ဒီဇယ်၁၈၂ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ် ဈေးများက တောင်ကြီးမှာဈေးငြိမ်နေပြီး မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီဈေးငြိမ်နေပြီး၊ ဒီဇယ်ဝယ်ဈေးအနည်းငယ်မြင့်လာတယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း(92)၊ဒီဇယ်၊ အဆင့်မြင့် ဒီဇယ်နဲ့ အောက်တိန်း (95)မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၅၃၀ ကျပ်၊ အောက်တိန်း (92) ၅၇၀ ကျပ်၊ အောက်တိန်း(95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၇၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဇွန် ၆ ရက် ဒီဇယ်ဝယ်ဈေး ၁၀၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၀၀၀၀ ကျပ်ဈေးရှိခဲ့ပြီး ဇွန် ၉ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ဓာတ်ဆီပီပါ ဈေးမှာ ဇွန် ၆ ရက်တွင် ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရော ဓာတ်ဆီပါ တစ်ဂါလန် ၂၈၀၀-၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၇၀၀ ကျပ်၊ဒီဇယ် ၅၇၅ ကျပ်၊အဆင့်မြင့် ဒီဇယ် ၆၂၅ ကျပ်၊ အောက်တိန်း (92) ၆၄၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန် ၆ ရက် ဒီဇယ် ဝယ်ဈေး၁၁၃၅၀၀ ကျပ်၊ ရောင်းဈေး ၁၁၅၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ ဇွန် ၉ ရက်တွင် ဝယ်ဈေး ၁၁၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၇၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇွန် ၆ ရက်တွင် ဝယ်ဈေး ၁၂၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ ကျပ်၊ ဓာတ်ဆီ ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ အောက်တိန်းနဲ့ ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၅၂၀ကျပ်၊ အောက်တိန်း ၂၇၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန်၂၆၀၀ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

# ပြည်တွင်းငွေလဲနှုန်းများ နေ့စဉ်အတက်အကျများရှိနေ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် နေ့စဉ်အတက်အကျများရှိနေပြီး အတက်ဈေးဖြင့်ပင်ဈေးပိတ်လေ့ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ဗဟိုဘဏ်မှထုတ်ပြန်သည့် ရည်ညွှန်းငွေလဲနှုန်းများ မကျဆင်းသဖြင့် ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်များတွင် ငွေလဲနှုန်းများကျဆင်းခြင်းမရှိကြောင်း၊ ပြင်ပငွေလဲစင်တာများနှင့် ပုဂ္ဂလိကဘဏ်တို့ ကွာဟမှုများရှိနေကြောင်း ငွေလွှဲလုပ်ငန်းလုပ်ကိုင်နေသူများက ပြောကြားခဲ့သည်။

ယခုတစ်ပတ်အတွင်း ဗဟိုဘဏ်မှ ထုတ်ပြန်ကြေညာခဲ့သည့်ရည်ညွှန်းငွေလဲနှုန်းများမှာ ဈေးစဖွင့်သည့်အချိန်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၁၉၀ ကျပ်ရှိခဲ့ပြီး ရက်သတ္တတစ်ပတ်၏ နောက်ဆုံးရက်ဖြစ်သည့် သောကြာနေ့တွင် ၁၁၈၈ ကျပ်သို့ ကျဆင်းသွားခဲ့သည်။ ယင်းကဲ့သို့ဖြစ်ပေါ်မှုကြောင့် ငွေလဲဈေးကွက်တွင် နေ့စဉ်အတက်အကျများ ဖြစ်ပေါ်နေကြောင်း သိရသည်။

"ဈေးကွက်ထဲမှာ ငွေလဲနှုန်းက နေ့စဉ်အတက်အကျဖြစ်ပေါ်နေပါတယ်။ ဈေးစဖွင့်တဲ့အချိန်မှာ ဈေးအနိမ့်နဲ့စဖွင့်ပေမယ့် ညနေပိုင်းဈေးပိတ်ချိန်ရောက်ခါနီးဆိုရင် ဈေးအမြင့်နဲ့ပိတ်ကြတယ်။ ဝယ်လိုအားက နံနက်ပိုင်းမှာ သိပ်မသိသာပေမယ့် နေ့လယ်လောက်ရောက်တာနဲ့ ဝယ်လိုအားက လိုက်လာတော့ ဈေးတက်သွားတယ်"ဟုဈေးကွက်အတွင်း ဝယ်ရောင်းလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ဇွန် ၆ ရက်က နံနက်ပိုင်းဈေးဖွင့်ချိန်တွင် ရောင်းဈေး ၁၁၉၁ ကျပ်၊ ဝယ်ဈေး ၁၁၈၇ ကျပ်ရှိခဲ့ပြီး ဇွန် ၁၀ ရက်ဈေးဖွင့်ချိန်တွင် ရောင်းဈေး ၁၁၉၃ ကျပ်၊ ဝယ်ဈေး ၁၁၉၁ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

# တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေး ကျပ်တစ်သောင်းနီးပါး မြင့်တက်

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးများသည် ကျပ်တစ်သောင်းနီးပါး မြင့်တက်ခဲ့ကြောင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်ပြီး ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်လာမှုကြောင့်လည်း ပြည်တွင်းရွှေ ဈေးများ မြင့်တက်လာရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ယင်းကဲ့သို့ ရွှေဈေးများမြင့်တက်လာမှုကြောင့် ဈေးကွက်အတွင်း ပြန်လည်ရောင်းချသူများ များပြားလာခဲ့ကြောင်း သိရသည်။

"ကမ္ဘာ့ရွှေဈေးကလည်း မြင့်လာတယ်။ ပြည်တွင်းငွေလဲနှုန်းတွေကလည်း မြင့်လာတယ်။ အဲဒါကြောင့် ပြည်တွင်းရွှေဈေးက ဆက်တိုက်မြင့်တက်လာရတာပါ။ အဲဒီလို ဈေးမြင့်တက်လာတဲ့အတွက် ဈေးကွက်ထဲမှာ ပြန်လည်ရောင်းချတဲ့သူတွေ များလာတယ်။ ဒီတစ်ပတ်ထဲမှာက ကျပ်တစ်သောင်းနီးပါးလောက် မြင့်တက်လာတော့ ပြန်ကျနိုင်ခြေရှိတယ်လို့ယူဆပြီး ပြန်ရောင်းကြတာများပါတယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးများသည် ဇွန် ၆ ရက်က ကျပ် ၇၈၂၅၀၀ ရှိခဲ့ပြီး ဇွန် ၈ ရက်တွင် ကျပ် ၇၈၆၅၀၀ သို့မြင့်တက်ခဲ့သည်။ ဇွန် ၉ ရက်တွင် ကျပ် ၇၉၀၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့ပြီး ဇွန် ၁၀ ရက် ဈေးပိတ်ချိန်တွင် ကျပ် ၇၉၃၀၀၀ သို့ မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဇွန် ၆ ရက်တွင် ၁၂၄၃ ဒေါ်လာရှိခဲ့ပြီး ဇွန် ၉ ရက်တွင် ၁၂၆၃ဒေါ်လာသို့ မြင့်တက်ခဲ့ကာ ဇွန် ၁၀ ရက်တွင် ၁၂၆၇ဒေါ်လာသို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

# အစုရှယ်ယာဈေးများ ပြန်လည်ကျဆင်းလာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ပြန်လည်မြင့်တက်ခဲ့သည့် အစုရှယ်ယာဈေးများသည် ပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရသည်။

MAPCO မှ အစုရှယ်ယာများ ထုတ်ရောင်းချမှုကြောင့် အစုရှယ်ယာဈေးကွက်တွင် အဝယ်ကျဆင်းသွားကာ ဈေးများ ကျဆင်းရခြင်းဖြစ်သည်ဟု ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။

ဈေးစဖွင့်စဉ်က FMI ရှယ်ယာမှာ ကျပ် ၂၆၅၀၀ ရှိသော်လည်း ဈေးပိတ်ချိန်တွင် ကျပ် ၂၅၅၀၀ သို့ ကျဆင်းသွားခဲ့ကြောင်း၊ အလားတူ MTSH အစုရှယ်ယာများသည်လည်း ယခုတစ်ပတ်တွင် ကျပ်တစ်ထောင်ခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

MAPCO မှ မူလအစုရှယ်ယာရှင်များကို ဇူလိုင် ၅ ရက်အထိ ရောင်းချမည်ဖြစ်ပြီး ဇူလိုင် ၅ ရက်အထိ ထည့်ဝင်ခြင်းမရှိသော အစုရှယ်ယာများအား အများပြည်သူသို့ ထည့်ဝင်နိုင်ရန် ထုတ်ဝေရောင်းချမည်ဖြစ်ရာ အဆိုပါ အစုရှယ်ယာများ ဝယ်ယူရန်စောင့်ဆိုင်းနေကြသဖြင့် ဈေးကွက်အတွင်း အဝယ်ပါးသွားကြောင်း သိရသည်။

"ဈေးကွက်ထဲမှာ ရှယ်ယာဈေးတွေကျသွားပေမယ့် အဝယ်က သိပ်မရှိတော့ဘူး။ အဝယ်မလိုက်တဲ့အတွက် ဈေးကျသွားရတာပါ။ ပြီးတော့ဒေါ်လာဈေးကလည်း တက်လာ၊ ရွှေဈေးကလည်း တက်လာတော့စတော့ဘက်ကို မလှည့်ကြတော့ဘူး"ဟု ဈေးကွက်ကျွမ်းကျင်သူ ကိုအောင်မိုးက ပြောကြားခဲ့သည်။ MTSH အစုရှယ်ယာသည် ဇွန် ၆ ရက်က ကျပ် ၅၈၀၀၀ ဖြင့်ဈေးဖွင့်ခဲ့ရာ ပြီးခဲ့သည့် တစ်ပတ်ကထက် ကျပ် ၁၀၀၀ ကျဆင်းသွားခဲ့သည်။ ထို့ပြင် ဇွန်လ ၁၀ ရက်နေ့တွင် ကျပ် ၅၇၀၀၀ အထိ ဈေးကျဆင်းသွားခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

June 10, 2016

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.35 |
| BDT Bangladesh Taka | 78.53 |
| CAD Canada Dollars | 1.27 |
| CNY China Yuan Renminbi | 6.56 |
| EUR Euro | 0.88 |
| H KD Hong Kong Dollars | 7.77 |
| I NR India Rupees | 66.80 |
| I DR Indonesia Rupiahs | 13311.39 |
| JPY Japan Yen | 106.78 |
| MYR Malaysia | 4.07 |
| PKR Pakistan Rupees | 104.10 |
| PHP Philippines Pesos | 46.14 |
| RUB Russia Rubles | 64.73 |
| SGD Singapore Dollars | 1.36 |
| KRW South Korea Won | 1166.16 |
| LKR Sri Lanka Rupe | 145.52 |
| THB Thailand Baht | 35.27 |
| GBP United Kingdom Pounds | 0.69 |
| VND VietnamDon | 22331.40 |

*Source : xe.com*

## World Gold Price

June, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 6 | 1238 | 1240 | 1239 |
| 7 | 1239 | 1241 | 1241 |
| 8 | 1248 | 1249 | 1248 |
| 9 | 1259 | 1259 | 1259 |
| 10 | 1265 | 1266 | 1266 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 6-6- 2016 | 782.00 | 781.50 |
| 7-6- 2016 | 784.50 | 784.20 |
| 8- 6- 2016 | 786.50 | 787.00 |
| 9-6- 2016 | 791.50 | 791.00 |
| 10-6- 2016 | 792.50 | 792.30 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 6 | 6 .56 | 35.32 | 78.59 | 66.93 |
| 7 | 6. 57 | 35.26 | 78.40 | 66.75 |
| 8 | 6 57 | 35.22 | 78.62 | 66.73 |
| 9 | 6 .56 | 35.12 | 78.39 | 66.64 |
| 10 | 6.56 | 35.27 | 78.53 | 66.80 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 6 - June | 16.34 | 2052.96 | 1570.24 | 4821.38 | 982.00 |
| 7 - June | 16.34 | 2045.79 | 1568.00 | 4734.69 | 992.00 |
| 8- June | 16.54 | 2038.40 | 1590.18 | 4639.94 | 1004.00 |
| 9 - June | 17.15 | 2130.46 | 1638.56 | 4684.74 | 1008.00 |
| 10-June | 17.22 | 2096.86 | 602.50 | 4595.58 | 996.00 |

Source:kitco.com

## Energy NYMEX

10-6-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 50.18 | -0.38 | -0.75 |
| Brent Crude Futr (USD/bbl) | 51.60 | -0.35 | -0.67 |
| Gasoline Rbob Fut (Cent/gal) | 160.95 | -0.91 | -0.56 |
| Natural Gas Futr (USD/MMBtu) | 2.59 | -0.03 | -1.07 |
| Heating Oil Futr (Cent/gal) | 154.39 | -0.73 | -0.47 |

## ဘိလပ်မြေ

### မေလအတွင်း ဘိလပ်မြေအဝင်လျော့

မေ ၂၉ ရက်မှ ဇွန် ၄ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၀၄၆၆၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၄၄၂၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပြီး ဆင်၊ စိန်စတဲ့ ဘိလပ်မြေများ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားမှ တန်ချိန် ၁၂၀ နဲ့ ထိုင်းနိုင်ငံမှ တန်ချိန် ၂၄၃၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၄၃၅၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၁၉၁၀၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဧပြီလမှာ ဘိလပ်မြေတန်ချိန် ၁၈၈၂၀၀ ကျော် တင်သွင်းခဲ့ပြီး မေလမှာ တန်ချိန် ၁၈၁၁၀၀ ကျော် တင်သွင်းခဲ့တာကြောင့် မေလမှာ တန်ချိန်၇၁၃၀ ကျော်တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန် အရောင်းအဝယ်ဖြစ်

မေ ၂၉ ရက်မှ ဇွန် ၄ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၂၄၄၂၀ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာ ၄၃၅၆၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၉၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ ၂၈၀၆၃ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၃၀၉၂ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၄၉၇၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ မိုးများလာ၍ တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ဆောင်တာလည်း နည်းလာပြီး အရောင်းအဝယ်အေးလာတာကြောင့် ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုပါတယ်။ဈေးကွက်ထဲ အရောင်း အဝယ် ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၃၂၅ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၈၅၀ ကျပ်၊စိန် (ထိုင်း)၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကြံ့က ဈေးနည်းနည်းမြင့်လာပြီး ကျန်ဘိလပ်မြေများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၅၃၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၈၅၀ ကျပ်၊ မြင်းခေါင်း၅၅၀၀ ကျပ်၊ ကြံ့ ၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မိုးနည်းနည်းရွာလာတာရယ်၊ တည်ဆောက်ရေးလုပ်ငန်းတွေလည်း လုပ်ကိုင်မှုနည်းလာတာရယ်တွေကြောင့် အရောင်းအဝယ်အေးလာပြီး ဈေးလည်းငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပြခဲ့ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၆၀၀ကျပ်၊ စိန် ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၃၀၀ကျပ်၊ကြံ့နှစ်ကောင်(စိမ်း)၅၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်နေပြီး ဆိုင်ဈေးအနေနဲ့ ဆင်(ထိုင်း) ၆၁၀၀ ကျပ်၊ စိန် ၆၀၀၀ ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၄၀၀ ကျပ်၊ ကြံ့နှစ်ကောင်(အစိမ်း) ၅၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေသြဇာ

### မေလအတွင်းမြေသြဇာတန်ချိန် သုံးသောင်းကျော်ဝင်

မေလ ၂၉ ရက်မှ ဇွန်လ ၄ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၀၂၃၀၇၅ တန်ဖိုးရှိ မြေသြဇာတန်ချိန် ၈၉၉၀ ဒသမ ၂၂၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၄၀၈၅ ဒသမ ၅၄၅ တန်၊ စင်ကာပူမှ ၃၄၇၇ဒသမ ၅၈၄ တန်၊ ထိုင်းနိုင်ငံမှ ၁၁၇၀ဒသမ ၄၁၆ တန်၊ ယူနိုက်တက်ကင်းဒမ်းမှ ၄ ဒသမ၆၈ တန်နဲ့ ဗီယက်နမ်မှ ၂၅၂ တန် တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ ယူရီးယား၊ နိုက်တြိုဂျင်၊ ဓာတ်ဆား၊ **Jinkia**၊ **Carbonk**၊ **Foliar**၊ **Bulk Blend** စတဲ့မြေသြဇာတံဆိပ်များ ဝင်လာခဲ့ပါတယ်။ ဒီတစ်ပတ်မှာတရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး ဒုတိယအများဆုံးမှာ စင်ကာပူဖြစ်ပါတယ်။ ယခင်သီတင်းပတ်မြေသြဇာတင်သွင်းမှုမှာ တန်ချိန် ၄၉၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန်၄၀၄၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဧပြီလအတွင်း မြေသြဇာတင်သွင်းမှုမှာ တန်ချိန် ၁၁၁၀၀ ကျော်ရှိခဲ့ပြီး မေလအတွင်း မြေသြဇာတင်သွင်းမှုမှာ တန်ချိန် ၃၂၇၀၀ ကျော် တင်သွင်းခဲ့တာကြောင့် မေမှာ တန်ချိန် ၂၁၆၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းဆက်အေး

မေ ၂၉ ရက်မှ ဇွန် ၄ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာတန်ချိန် ၈၉၉၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၄၉၄၀ တန်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၀၄၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေသြဇာ အဝင်မှာ ၃၃၉၇၅ တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၂၇၃၆၉ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆၆၀၆ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှ မြေသြဇာအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ်လိုက်လာပေမယ့် ဈေးနှုန်းတွေက ငြိမ်နေသေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ် လည် (ထိုင်း) ၃၅၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၂၉၀၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၀၅၀၀ ကျပ်၊တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအေးပေမယ့် ဈေးကတော့နည်းနည်း အတက်အကျရှိနေတယ်လို့ သိရပါတယ်။ အာမို ၁၀း၁၀း၅ က ၂၀၀ ကျပ်၊ အာမို ၁၅ ပတ်လည်က ၁၅၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ က ၁၅၀၀ ကျပ်၊ တီစူပါ က ၂၅၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး ယူရီးယားက(ပန်းဖူး) ၁၄၀၀ ကျပ်၊ယူရီးယား(ရွှေတောင်)က ၆၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၆၅၀၀ ကျပ် ၊ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အစိမ်း) ၁၆၅၀၀ ကျပ်၊ဆင် ၁၀း၁၀း၅ ၁၆၂၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၄၅၀၀ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၅၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၅၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၀၂၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၁၉၇၀၀ ကျပ်၊ ယူရီးယား ၁၇၈၀၀ ကျပ်၊ မြားကမ္ဘာ ၁၅း၇း၈ ၂၃၀၀၀ ကျပ်၊ တီစူပါ ၂၃၀၀၀ ကျပ်၊ တောင်သူမ ၁၆၀၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာများက အရောင်းအဝယ် အေးနေသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၆၀၀ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၂၀၀၀၀ကျပ်၊ တီစူပါ(GTSP ၄၆%-တရုတ်) ၁၈၈၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၅၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေသြဇာက အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ယူရီးယားက၁၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး တီစူပါက ၂၀၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ကမ္ဘာလုံး-တရုတ်) ၂၂၀၀၀ကျပ်၊ ယူရီးယား (နေရွက်လှေ-တရုတ်)၂၂၃၀၀ ကျပ်၊ တီစူပါ (အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း(နေရွက်လှေ-တရုတ်) ၁၅ ပတ်လည် ၃၇၈၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီအဝင်နား နို့မှုန့်တစ်မျိုးတည်းသာဝင်

မေ ၂၉ရက်မှ ဇွန် ၄ ရက် သီတင်းပတ်အတွင်း နို့ဆီ/နို့စိမ်း ၅၇၁ ဒသမ ၃၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းတံဆိပ်တစ်မျိုးသာ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နို့ဆီ/နို့စိမ်းအဝင်မရှိဘဲ ဒီတစ်ပတ်မှသာ ပြန်လည်တင်သွင်းခဲ့တာဖြစ်ပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ မလေးရှားမှ ၄၁ ဒသမ ၂၀ တန်၊ နယူးဇီလန်မှ ၄၂ ဒသမ ၁၉၉ တန်၊ ပိုလန်မှ ၂၂ တန်၊ စင်ကာပူမှ ၁၇၃ ဒသမ ၀၅၄ တန်နဲ့ ဗီယက်နမ်မှ ၃ ဒသမ ၉၉၈ တန် စုစုပေါင်း ၂၈၂ ဒသမ ၄၅၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၄၆၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၈၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

### သီတာဝင်း (DOT) စုစည်းသည်

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၅ မှ ၃/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၅ မှ ၂၇/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၆၂၅·၀၀ | ၆၅၅·၀၀ | (-) ၃၀·၀၀ |
| ၂။ | လွယ်ဂျယ် | ၁၁၆၆·၀၀ | ၆၉၈·၀၀ | (+) ၄၆၈·၀၀ |
| ၃။ | ချင်းရွှေဟော် | ၇၀·၅၀ | ၅၀·၀၀ | (+) ၂၀·၅၀ |
| ၄။ | ကန်ပိုက်တီး | ၃၈၄၂·၀၀ | ၂၅၀၁·၀၀ | (+) ၁၃၄၁·၀၀ |
| ၅။ | တာချီလိတ် | ၅၂၀၀·၀၀ | ၂၅၀၀·၀၀ | (+) ၂၇၀၀·၀၀ |
| ၆။ | မြဝတီ | ၁၁၃၄·၅၀ | ၉၇၃·၄၀ | (+) ၁၆၁·၁၀ |
| ၇။ | ကော့သောင်း | ၁၅၉၂၅·၀၀ | ၅၆၁၅·၀၀ | (+) ၁၀၃၁၀·၀၀ |
| ၈။ | မြိတ် | ၁၀၀·၀၀ | ၁၀၀·၀၀ | - |
| ၉။ | မော်တော | - | - | - |
| | စုစုပေါင်း | ၂၈၀၆၃·၀၀ | ၁၃၀၉၂·၄၀ | (+) ၁၄၉၇၀·၆၀ |

မြင့်မြင့်မာ

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၅ မှ ၃/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၅ မှ ၂၇/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၇၅၄၆·၃၁၀ | ၂၂၄၆၁·၄၃၀ | (+) ၅၀၈၄·၈၈၀ |
| ၂။ | လွယ်ဂျယ် | ၂၆၁·၀၀၀ | ၂၀၇·၀၀၀ | (+) ၅၄·၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၂၀၂·၇၅၀ | ၃၁၃၉·၅၀၀ | (+) ၆၃·၂၅၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၈၁၅·၈၉၇ | ၈၀၆·၈၅၀ | (+) ၉·၀၄၇ |
| ၆။ | ကော့သောင်း | ၂၅၀·၀၀၀ | ၁၈၅·၀၀၀ | (+) ၆၅·၀၀၀ |
| ၇။ | မြိတ် | ၁၀၀·၀၀၀ | ၁၂၀·၀၀၀ | (-) ၂၀·၀၀၀ |
| ၈။ | ရိုဒ် | ၁၈၀၀·၀၀၀ | ၄၅၀·၀၀၀ | (+) ၁၃၅၀·၀၀၀ |
| | စုစုပေါင်း | ၃၃၉၇၅·၉၅၇ | ၂၇၃၆၉·၇၈၀ | (+) ၆၆၀၆·၁၇၇ |

တင်တင်ထွန်း

## နှမ်း/မြေပဲ

### ပြည်ဈေးကွက်မှာ မျိုးနှမ်းဈေးမြင့်ပြီး ကျန်နှမ်းနီ၊ နှမ်းနက်ဈေးငြိမ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မျိုးနှမ်းများဈေးမြင့်နေတာတွေ့ရပါတယ်။ တောင်သူများက မိုးနှမ်းများ စိုက်ပျိုးရန်အတွက် မျိုးသန့်နှမ်းများကို ရွေးချယ်ဝယ်ယူနေသဖြင့် ဈေးကွက်တွင် မျိုးနှမ်းများ အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။ မျိုးနှမ်းများကို ပြည်မြို့အနီးတစ်ဝိုက်ရှိ နှမ်းစိုက်တောင်သူများက ဝယ်ယူမှုရှိသဖြင့် မျိုးနှမ်းနက်ဈေးမှာ တစ်တင်းလျှင် ကျပ် ၇၀၀၀၀ အထိ မြင့်လာတာတွေ့ရပါတယ်။

ဆီစက်များအဝယ်ရှိတဲ့ နှမ်းနီမှာ တစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဈေးဖြစ်ပြီး နှမ်းဆီဈေးမှာ နှမ်းနီဆီတစ်ပိဿာ လျှင် ကျပ် ၄၆၀၀ နဲ့ နှမ်းဆီသန့် တစ်ပိဿာလျှင် ကျပ် ၄၄၀၀ ဖြင့် အရောင်းအဝယ်ရှိပါတယ်။ ဝယ်လက်အဝယ်ရှိတဲ့ ရိုးရိုးနှမ်းနက်ဈေးမှာ တစ်တင်းလျှင် ကျပ် ၃၃၀၀၀၊ စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၅၁၆၀၀ ဈေးဖြင့်၊ ယခုတစ်ပတ်တွင် မိုးအဆက်မပြတ် ရွာသွန်းနေသဖြင့် အရောင်းအဝယ်သိပ်မဖြစ်တာ တွေ့ရပါတယ်။

**ဝေဝေမင်း**

### ပြည်မြေပဲဈေးကွက်မှာ ဆီဆန်ဈေးအနည်းငယ်မြင့်ပြီး လုံးဆန်ဈေးပုံမှန်ဖြစ်

ပြည်ဈေးကွက်သို့ မင်းတုန်း၊ ကံမနဲ့ရခိုင်ပြည်နယ် မာန်အောင်ဘက်မှ မြေပဲဆန် တစ်နေ့လျှင် အိတ် ၅၀၀ ခန့်သာ အဝင်ရှိတော့သဖြင့် အဝင်နည်းလာတာ တွေ့ရပါတယ်။ မြေပဲဆန်၊ ဆီဆန်ကို မြို့တွင်းဆီစက်နဲ့ မကွေးဆီစက်များက အဝယ်ရှိနေသဖြင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် တစ်ပိဿာကို ကျပ် ၁၀၀ ဈေးမြင့်လာတာတွေ့ရပါတယ်။ စားသုံးသူများက နှမ်းဆီထက်မြေပဲဆီကို စားသုံးကြသဖြင့် မြေပဲဆီဈေးမှာ နှမ်းဆီဈေးထက်ပိုမြင့်နေတာတွေ့ရပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ဖြင့် ယခင်တစ်ပတ်ထက်ဈေးပိုလာပြီး မြေပဲဆီဈေးမှာလည်း တစ်ပိဿာလျှင် ကျပ် ၅၂၀၀ဖြင့် ဈေးမြင့်လာတာ တွေ့ရပါတယ်။ လုံးဆန်ကို ရန်ကုန်၊ မန္တလေးဝယ်လက်များက ဝယ်နေသော်လည်း ယခုတစ်ပတ်တွင် မိုးရွာသွန်းနေသဖြင့် အရောင်းအဝယ်အေးပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ လုံးဆန်ဈေးမှာ အဖြူရောအနီပါ နှစ်မျိုးစလုံးဈေးတူနေသဖြင့် တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ဈေးဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

### ချင်းရွှေဟော်နဲ့ မြဝတီနယ်စပ်မှ နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိကာလအတွင်း နှမ်းနက် ၁၃၁ တန်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၁၈၃ သန်းဖိုးနဲ့ နှမ်းဖြူ ၁၇၄ တန်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၂၀၈ သန်းဖိုး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နှမ်းနက် ၁၂၈ တန်နဲ့ နှမ်းဖြူ ၃၂၆ တန်ကျော် တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ နှမ်းနက် ၃ တန် ပိုမိုတင်ပို့ခဲ့ပြီး၊ နှမ်းဖြူတန်၁၅၀ ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုသီတင်းပတ်တွင် နှမ်းနက် တန် ၆၀ ကျော်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၉၀ သန်းဖိုး တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မြဝတီကုန်သွယ်ရေးဇုန်မှ နှမ်းတင်ပို့မှုမရှိဘူးလို့ သိရပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ နှမ်းတင်ပို့မှုမရှိသော်လည်း မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခုတစ်ပတ် နှမ်းဖြူတစ်တန် မိမိဘက်ပေါက်ဈေး၁၄၂၇၅၅၈ ကျပ်နဲ့ နှမ်းနက် တစ်တန် မိမိဘက်ပေါက်ဈေး ၂၁၄၅၆၉၁ ကျပ်ဈေးရှိတယ်လို့ သတင်းရရှိပါတယ်။

**တင်တင်ထွန်း**

## စားအုန်းဆီ

### ရက်သတ္တသုံးပတ်အတွင်း ရင်းဂစ်တန်ဖိုး အမြင့်ဆုံးရောက်ရှိတဲ့အတွက် မလေးရှားစားအုန်းဆီဈေးဆက်လက်ကျဆင်း

မလေးရှား ရင်းဂစ်ငွေကြေးတန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ရက်သတ္တသုံးပတ်အတွင်း အမြင့်ဆုံးနှုန်းအဖြစ် ဆက်လက်တည်ရှိနေတဲ့အတွက် မလေးရှားစားအုန်းဆီကြိုရောင်းဈေးက ဇွန် ၈ ရက်မှာ ထပ်မံကျဆင်းပြီး ရက်သတ္တနှစ်ပတ်အတွင်းအနိမ့်ဆုံးနှုန်းဖြစ်ခဲ့ကြောင်း ဘီရိကော်ဒါ သတင်းမှာ ဖော်ပြထားပါတယ်။

ဘာဆာမလေးရှားဆင့်ပွားစာချုပ် စာတမ်းများရောင်းဝယ်ရေးဒိုင် (Bursa Malaysia Derivatives Exchange) မှာ ဩဂုတ်အတွက် စားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးက ဇွန် ၈ ရက် ဈေးပိတ်ချိန်မှာ သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၅၈၉ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၃၇) နှုန်းရှိခဲ့ပါတယ်။

စားအုန်းဆီဈေးက တတိယမြောက်နေ့အဖြစ် ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်ပြီး ယခုရက်သတ္တပတ်အတွင်းမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ တစ်ရက်အတွင်း အနိမ့်ဆုံးဈေးမှာ တစ်တန်ကို ၂၅၇၅ ရင်းဂစ်နှုန်းရှိခဲ့ရာ မေ ၂၇ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

စားအုန်းဆီရောင်းချမှုပမာဏက ဇွန် ၈ ရက်က ၂၅ တန်ရှိအတွဲပေါင်း ၅၅၄၁၈ တွဲရှိခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း တစ်ရက်ပျမ်းမျှ ရောင်းချခဲ့တဲ့ အတွဲ ၄၄၆၀၀ နဲ့ နှိုင်းယှဉ်ရင် မြင့်တက်နေတာကို တွေ့ရပါတယ်။

“ရင်းဂစ်တန်ဖိုး မြင့်တက်လာတဲ့အတွက် စားအုန်းဆီဈေးကျဆင်းလာတာကို တွေ့ရပါတယ်။ ဒါကြောင့် ဈေးကွက်ထဲမှာ ဈေးထပ်မကျမီ ဈေးကောင်းတုန်းထုတ်ရောင်းလာတာကိုတွေ့ရပါတယ်”လို့ ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။

စားအုန်းဆီထုတ်လုပ်မှုက အနည်းငယ် မြင့်တက်ပြီး ပြည်ပတင်ပို့မှုက ပိုမြင့်တက်လာတဲ့အတွက် မေအတွက် စားအုန်းဆီလက်ကျန်က ဧပြီမှာရှိခဲ့တဲ့ တန် ၁ ဒသမ ၆၄ အောက် ၈ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဇွန်လ စားအုန်းဆီ အထွက်နှုန်းက လအလိုက်နှိုင်းယှဉ်ရင် ၃ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ပြီး တန် ၁ ဒသမ ၃၅ သန်းအထိရောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ရင်းဂစ်တန်ဖိုးက ဇွန် ၈ ရက် မွန်းတည့်ချိန်က သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပေမယ့် စောစောပိုင်းက တစ်ရက်အတွင်းအမြင့်ဆုံးနှုန်းအဖြစ် အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၀၅ ရင်းဂစ်နှုန်းရှိခဲ့ရာ မေ ၁၈ ရက် နောက်ပိုင်းအမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ ယခုရက်သတ္တပတ်အတွင်း ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါ တယ်။

စားအုန်းဆီကို ဈေးသတ်မှတ်ရာမှာ ရင်းဂစ်ငွေကြေးနဲ့ တန်ဖိုးသတ်မှတ်ပါတယ်။ ဒါကြောင့် ရင်းဂစ်တန်ဖိုးမြင့်တက်လာရင် နိုင်ငံခြားငွေနဲ့ဖလှယ်ပြီး ဝယ်ယူရသူတို့အတွက် စားအုန်းဆီဈေးက မြင့်တက်လာပါတယ်။

အခြားဟင်းရွက်ဆီဈေးကွက်တွေဖြစ်တဲ့ အမေရိကန်နိုင်ငံ ချီကာဂိုရောင်းဝယ်ရေးအဖွဲ့ (Chicago Board of Trade) မှာ ဇူလိုင်အတွက် ပဲပုပ်ဆီကြိုရောင်းဈေးက အတက်အကျမရှိ တန့်နေပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက် (Dalian Commodity Exchange) မှာ ပဲပုပ်ဆီ ကြိုရောင်းဈေးက သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၀-၆-၂၀၁၆)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၀၀ | ၁၇၅၀ | △ |
| ရန်ကုန် | ၅၁၀၀ | ၅၁၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၅၆၅ | ၁၅၇၅ | △ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၆၈၀ | ၁၆၈၀ | □ |
| ပဲခူး | ၄၀၀၀ | ၄၂၀၀ | △ | ၅၂၀၀ | ၅၂၀၀ | □ | ၁၆၂၀ | ၁၆၃၀ | △ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၈၀ | ၁၆၈၀ | □ |
| မုံရွာ | ၄၇၀၀ | ၄၇၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၇၀၀ | ၁၆၉၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၀-၆-၂၀၁၆ **US$/Ton**

| အမျိုးအစား | မေလပဥ္စမပတ် | ဇွန်လပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၅၄.၀၀ | ၆၆၄.၀၀ | △ |
| **RBD P.Olein** | ၆၆၉.၀၀ | ၆၇၁.၀၀ | △ |
| **RBD P.Strarin** | ၆၂၆.၅၀ | ၆၂၂.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၀-၆-၂၀၁၆)နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၀၈.၅၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၅၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၀၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၈၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၈.၀၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၁.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၈၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၄၈.၀၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၀-၆-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၂၅ ဒေါ်လာနှင့် USD ဈေး ၁၁၈၉ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၀-၆-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့်တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၁၈၉ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# အရည်အသွေးပြည့်ဝသော အစည်းအဝေးများသို့

| aZ ,jmaq Go w i fe n fy n m |



အအောင်မြင်ဆုံး ကုမ္ပဏီတစ်ခု ဖြစ်စေခဲ့တဲ့ သာဓကတစ်ခုဖြစ်ကြောင်း Fortune မဂ္ဂဇင်းရဲ့ဆောင်းပါးရှင် Adam Lashinsky က အသေးစိတ် ရေးသားဖော်ပြခဲ့ပါတယ်။

**အလုပ်ရုံဆွေးနွေးပွဲ အစည်းအဝေးတွေမှာ လိုအပ်လို့ Power Point Presentation လုပ်တာမျိုးမဟုတ်ဘဲ လူတိုင်းက သူများလုပ်လို့ လိုက်လုပ်နေပြီး ကိုယ့်ရဲ့ဆွေးနွေးမှုအတွက် ဆက်စပ်ပတ်သက်မှု မခိုင်မာတဲ့ အချက်တွေနဲ့ ပြောဆိုဆွေးနွေးမှု တွေဟာ**

စတိဂျော့ ကိုယ်တိုင် အတွင်းကျကျ ခံယူထားတဲ့ "တာဝန်သိမှု တာဝန်ခံလိုမှု စိတ်ဓာတ်"ကြောင့် Apple ဝန်ထမ်းတိုင်းဟာ လုပ်နေတဲ့ လုပ်ငန်းတွေမှာ ဘယ်သူဟာ ဒီလုပ်ငန်းတွေအပေါ်မှာ အမှန်တကယ် တာဝန်ယူစိတ်တာဝန်ခံစိတ် ရှိတယ်ဆိုတာကို သိသွားကြတာပါတဲ့ "တိုက်ရိုက်တာဝန်ခံယူ ဆောင်ရွက်မည့်သူ" ဆိုတဲ့ စကားလုံးဟာ Apple မှာ အတွင်းကျကျ တာဝန်ယူဆောင်ရွက်နေတဲ့ ဝန်ထမ်းတွေအနေနဲ့ အမြဲလိုလိုထိတွေ့ရတဲ့အချိန်မှာတော့ လုပ်ငန်းသစ်တစ်ခုကို တွေ့လိုက်တိုင်း ဘယ်သူဟာ တိုက်ရိုက်တာဝန်ခံယူ ဆောင်ရွက်မယ်ဆိုတာကို နားလည်သိရှိသွားကြတယ်လို့ဆိုပါတယ်။ ဘာဖြစ်လို့ပါလဲ။

Apple ကုမ္ပဏီ ကို အကျိုးရှိစေခဲ့တဲ့ အစည်းအဝေးတိုင်း လိုလိုမှာ အမြဲပါလာတတ်တာက နောင်အနာဂတ်အတွက် လုပ်ရှားဆောင်ရွက်မယ့် လုပ်ငန်းစာရင်းဖြစ်ပါတယ်။ အဲဒီလို လုပ်ငန်းစာရင်းနဲ့အသုံးအနှုန်းတွေကို တွေ့ရပြီဆိုရင် နောင်လုပ်ရမယ့်လုပ်ငန်းပရောဂျက်ပေါ် မှန်ကန်စွာ ထိတွေ့လေ့လာ ဆောင်ရွက်ဖို့ကြိုးစားတဲ့ ဝန်ထမ်းတွေဟာ အဲဒီလုပ်ငန်းအပေါ် "တိုက်ရိုက်တာဝန်ခံယူ ဆောင်ရွက်မည့်သူ" ဖြစ်လာကြတယ်လို့ဆိုပါတယ်။

ဝန်ထမ်းတွေဟာ ကိုယ်ဝါသနာပါရာ ပျော်ရွှင်ရာအလုပ်အမျိုးအစားအပေါ်မှာ လေ့လာကြိုးစားလိုစိတ်ရှိကြမှာပါ။ လုပ်ငန်းများစီမံခန့်ခွဲကြတဲ့ အထက်လူကြီးတွေဟာ ကိုယ့်ဌာန၊အသင်း အဖွဲ့

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုပေါင်း များစွာနဲ့အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်စေဖို့ ဆွေးနွေးတိုင်ပင် နှီးနှောကြတဲ့ အစိုးရဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များစွာရဲ့ အစည်းအဝေးများနဲ့ အလုပ်ရုံဆွေးနွေးပွဲတိုင်းမှာ အချိန်၊ ငွေကြေးနဲ့ လူ့စွမ်းအားအရင်းအမြစ်မြောက်များစွာ အသုံးပြုနေကြတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် သုံးစွဲခဲ့တဲ့ အရင်းအမြစ်တွေကနေ ပြန်လည်ရရှိခဲ့တဲ့ ဆွေးနွေး မှုရဲ့ရလဒ်တွေဟာ မျှော်မှန်းထားသလောက် အားရကျေနပ်စရာ မကောင်းတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံအနေနဲ့ မလိုလားအပ်တဲ့ အရင်းအမြစ်ဆုံးရှုံးမှုတွေကို ကာကွယ်ကျော်လွှားနိုင်ဖို့ ကမ္ဘာကျော် Apple ကို ထူထောင်ခဲ့တဲ့ စတိဂျော့ဂျ်ရဲ့ အစည်းအဝေးတွေမှာ ကုန်ထုတ်လုပ်နိုင်မှု စွမ်းအားတိုးတက်စေဖို့ ပြတ်သားစွာ ဆောင်ရွက်ခဲ့တဲ့ အချက်သုံးချက်ကို တင်ပြလိုက်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ ကုမ္ပဏီအများစုဟာ အစည်းအဝေးတွေမှာ ပြုလုပ်ခဲ့တဲ့အမှားတွေကြောင့် တစ်နှစ်ကို ဒေါ်လာ ၃၇ ဘီလီယံ ဆုံးရှုံးခဲ့ကြတယ်လို့ ဆိုပါတယ်။ အဲဒီလို အမှားတွေကို စတိဂျော့က အောက်ပါ အချက်သုံးချက်နဲ့ ကျော်လွှား ရှောင်ရှားခဲ့ပါတယ်။

**ပထမဆုံးအချက်ကတော့**

**အစည်းအဝေးကို လိုအပ်သလောက်နဲ့သာ အကျဉ်းချုပ်ပြီးစီးစေပါတယ်။** ဥပမာ- တစ်ခုအနေနဲ့ ကတော့ Apple ကုမ္ပဏီရဲ့ အပတ်စဉ် အစည်းအဝေး ဆွေးနွေးနေကြတဲ့အချိန် စတိဂျော့က ရုတ်တရက် အစည်းအဝေးခန်းထဲမှာ ဝန်ထမ်းသစ်တစ်ဦးကို တွေ့လိုက်တဲ့ အခိုက် သူဟာစကားပြောတာကို ရပ်လိုက်ပြီးတဲ့နောက် အဲဒီ ဝန်ထမ်းသစ်ကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး

"မင်းဘယ်သူလဲ"လို့ မေးလိုက်ပါတယ်။

အမေးခံရတဲ့ ဝန်ထမ်းက သူဟာ အရောင်းပရောဂျက်နဲ့ ဆက်စပ်တဲ့ ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း ပြန်ဖြေလိုက်တဲ့ အချိန်မှာတော့ စတိဂျော့ဟာ ယဉ်ယဉ်ကျေးကျေးလေးနဲ့ "ငါတို့ရဲ့ အစည်းအဝေးအတွက် မင်းကို မလိုအပ်သေးဘူး လို့ငါထင်ပါတယ်"လို့ ပြောလိုက်ပြီး အစည်းအဝေးခန်းထဲကနေ နှင်ထုတ်လိုက်ပါတယ်တဲ့၊ မှန်ပါတယ်။

အစည်းအဝေးအတွက် အမှန်တကယ် လိုအပ်တဲ့သူတွေသာ အစည်းအဝေးတက်ရောက် ဆွေးနွေးဖို့လိုအပ်ပြီး မလိုအပ်တဲ့သူတွေ အစည်းအဝေးကို တက်ရောက်နေတာဟာ မလိုအပ်တဲ့နေရာတွေမှာ အလုပ်အတွက် စွမ်းအားတွေ အလဟဿဖြစ်နေတာကို စတိဂျော့က ကောင်းကောင်းသုံးသပ်မိလို့ ဖြစ်ပါလိမ့်မယ်။

နောက်တစ်ချက်က အစည်းအဝေးနဲ့ တိုက်ရိုက်မသက်ဆိုင်တဲ့ လူတွေရဲ့ဆွေးနွေးချက်တွေကြောင့် အစည်းအဝေးအတွက် လိုအပ်တဲ့ မှန်ကန်သော ရလဒ်တွေ ရနိုင်ဖို့အတွက်လည်း အဟန့်အတားဖြစ်စေနိုင်မယ်လို့ ထင်ပါတယ်။

ကျွန်တော်တို့ တစ်တွေလည်း ဌာနဆိုင်ရာနဲ့ အသင်းအဖွဲ့ အစည်းအဝေးတွေမှာ ဆိုင်သူတွေ၊ မဆိုင်သူတွေ အကုန်တက်ရောက်နေကြတာတွေက ကျွန်တော်တို့ နိုင်ငံအတွက် ကုန်ထုတ်စွမ်းအားတွေ အလဟဿ ဆုံးရှုံးနေနိုင်ပါတယ်။

အမေရိကန်လိုနိုင်ငံက ကုမ္ပဏီတွေမှာတောင် တစ်နှစ်ကို အဲဒီလို အစည်းအဝေးတွေကြောင့် ဒေါ်လာ ၃၇ ဘီလီယံ ဆုံးရှုံးနေတယ်ဆိုတော့ ကျွန်တော်တို့ နိုင်ငံလည်း သူတို့လို မှတ်တမ်းမှတ်ရာနဲ့ စာရင်းမပြုစုနိုင်လို့သာ ဆုံးရှုံးမှုကို မတွက်နိုင်တာပါ။ အမှန်တကယ် ဆုံးရှုံးနေမယ်ဆိုတာကိုတော့ အားလုံးမှန်းဆနိုင်လိမ့်မယ်ထင်ပါတယ်။

စတိဂျော့ ကတော့ ပြတ်သားပါတယ်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက နည်းပညာနဲ့ ပတ်သက်ပြီး ထင်ရှားကျော်ကြားအောင်မြင်သူတွေနဲ့ တွေ့ဆုံပွဲကို တက်ရောက်ဖို့ ဖိတ်ကြားခဲ့တာတောင်မှ "သမ္မတဟာ သူ့ရဲ့ပွဲမှာ အမြည်းအနေနဲ့ သုံးဆောင်ဖို့ လူတွေအများကြီးကို ဖိတ်ထားတာ" လို့ဆိုပြီး ပွဲတက်ရောက်ဖို့ငြင်းပယ်ခဲ့ပါတယ်တဲ့။ ကျွန်တော်တို့လည်း အစည်းအဝေးတွေနဲ့ ပတ်သက်ပြီး စဉ်းစားလိုက်နာ ကျင့်သုံး ဆောင်ရွက်နိုင်မယ့် အချက်တစ်ချက်လို့ ခံယူမိပါတယ်။

**ဒုတိယအချက်ကတော့**

**အစည်းအဝေးလုပ်တဲ့ အစီအစဉ်ရဲ့ ခေါင်းစဉ်တိုင်းမှာ အမှန်တကယ်တာဝန်ခံ ဆောင်ရွက်နိုင်မယ့်သူတွေကိုသာ ရွေးချယ်ဆွေးနွေးစေခြင်း ဖြစ်ပါတယ်။** ၂၀၁၁ ခုနှစ် မှာ ကမ္ဘာကြီးကို Apple ယဉ်ကျေးမှုနဲ့ ရင်းနှီးအောင် ကြိုးစားနေတဲ့ ကာလအတွင်း ဆရာကြီး စတိဂျော့ဂျ်သုံးခဲ့တဲ့ အစည်းအဝေးတွေမှာ သာမန်လုပ်ရိုး လုပ်စဉ်တွေထဲက ခွဲထွက်ခဲ့တဲ့ နည်းလမ်းတစ်ခုကြောင့် Apple ဟာ ကမ္ဘာမှာ အောင်မြင်ဖို့အတွက် လှုပ်ရှားဆောင်ရွက်ရမယ့် ခေါင်းစဉ်အမျိုးမျိုးသော လုပ်ငန်းသစ်တွေကို အမြဲရှာဖွေပေးနေဖို့ လိုအပ်သလို ဝန်ထမ်းတွေကလည်း ကိုယ်စိတ်ပါဝင်စားတဲ့ လုပ်ငန်းတွေ အပေါ်မှာ တာဝန်ခံယူလိုစိတ်နဲ့ လေ့လာကြမယ်ဆိုရင် အောင်မြင်မှုရစေမယ့် လုပ်ငန်းတွေတိုင်းမှာ "တိုက်ရိုက်တာဝန်ခံယူဆောင်ရွက်မည့်သူ" ဆိုတဲ့ ဝန်ထမ်းတွေပေါ် ထွက်လာမယ်လို့ထင်ပါတယ်။

အခုတော့ ကျွန်တော်တို့ရဲ့ လုပ်ငန်းတွေမှာ ဘယ်သူက တိုက်ရိုက်တာဝန်ခံယူထားတယ်ဆိုတဲ့ အရာပျောက်နေပြီး အလုပ်ကိစ္စအားလုံး ဌာနကြီးမှူးတွေ အသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတွေဆီမှာသာ ရှိနေသလိုဖြစ်နေကြတာကို အများအားဖြင့် တွေ့မြင်နိုင်ကြပါတယ်။

Apple ရဲ့ ထင်သာတဲ့ ဥပမာတစ်ခုကတော့ တယ်လီဖုန်းအမျိုးမျိုးမှာ ဘာသာစကား ၂၀ ကျော်နဲ့ ဖတ်ရှုနိုင်တဲ့ Flipboard Online Magazine Application ကို Apple က စတင်ဦးဆောင်လှုပ်ရှားတဲ့ အချိန်မှာ ခေါင်းဆောင်ပါဝင် ဆောင်ရွက်ခဲ့တဲ့ Apple ရဲ့ ဝန်ထမ်းတစ်ဦးက "လျင်မြန်စွာ အောင်မြင်ဖို့ကြိုးစားနေတဲ့ ကုမ္ပဏီတွေမှာ လုပ်စရာအလုပ်တွေ တောင်ပုံရာပုံ ရှိနေပါတယ်။ ဒါပေမယ့် ဝန်ထမ်းတွေဟာ အလုပ်တွေဖိစီးတဲ့ ဒဏ်တွေကြောင့် တာဝန်မဲ့သလိုဖြစ်ကြပြီး အမှန်တကယ် ဆောင်ရွက်သင့်တဲ့ အလုပ်တွေကျန်နေတတ်ပါတယ်"

"ကိုယ်လုပ်နေတဲ့ လုပ်ငန်းတွေထဲက တစ်ခုဟာ ကိုယ့်ရဲ့ ရင်နှစ်သည်းချာ သားသမီးတစ်ယောက်လို တွေ့ရှိခံစားနေရပြီဆိုရင်တော့ ဒီလုပ်ငန်းအပေါ်မှာ ကိုယ်ဘယ်လို ဂရုတစိုက် လုပ်ကိုင်ဆောင်ရွက်ရမလဲဆိုတာ သိရှိသွားလိမ့်မယ်" လို့ ပြောပါတယ်။

ကျွန်တော်တို့ဟာ ကိုယ်စိတ်ဝင်စား တန်ဖိုးထားရတဲ့ အလုပ်တွေကို စျာန်ဝင်စားဆောင်ရွက်ရပြီဆိုရင် အဲဒီလိုအလုပ်တွေဟာ ကိုယ့်သားသမီးတစ်ယောက်လို ခံစားရပြီး အလုပ်အပေါ်မှာ ချစ်ခင်မြတ်နိုးတန်ဖိုးထားနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

ဌာနဆိုင်ရာနဲ့အသင်းအဖွဲ့များရဲ့ အစည်းအဝေးများမှ တစ်ဆင့် "တိုက်ရိုက်တာဝန်ခံယူဆောင်ရွက်မည့်သူ" များ ပေါ်ထွက်လာနိုင်စေဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**တတိယအချက်အနေနဲ့ ကတော့. .**

**အစည်းအဝေးတွေမှာ မလိုအပ်ဘဲ Power Point ကို မသုံးစေခြင်းပါ။** စတိဂျော့ဂျ်ရဲ့ အတ္ထုပ္ပတ္တိကိုရေးတဲ့ Walter Isaacson က ပြောတာကတော့ စတိဂျော့ဂျ်ဟာ ကိန်းကြီးခန်းကြီးနိုင်တဲ့ ရှေးရိုးစွဲ အစည်းအဝေးတွေကို အလွန်မုန်းပြီးတော့ တစ်ဦးနဲ့တစ်ဦး ရင်းနှီးပွင့်လင်းစွာ မျက်နှာချင်းဆိုင် ဆွေးနွေးရတဲ့ စည်းမျဉ်းကန့်သတ်မှုတွေမရှိတဲ့ အစည်းအဝေးတွေ လုပ်ရတာကို နှစ်သက်ပါတယ်တဲ့။ နောက်ပြီးသူဟာ Apple မှာ အပတ်စဉ် ဗုဒ္ဓဟူးနေ့ နေ့လယ်တိုင်း သူ့ဝန်ထမ်းတွေနဲ့ အစည်းအဝေးအစီအစဉ် ရေးဆွဲထားခြင်းမရှိတဲ့ အစည်းအဝေးကို ပုံမှန်လုပ်တတ်ပြီး အဲဒီအစည်းအဝေးတွေမှာ သူ့ရဲ့အရောင်းမြှင့်တင်ရေးနဲ့ ကြော်ငြာလုပ်ငန်းဆောင်ရွက်တဲ့ ဝန်ထမ်းတွေကို Power Point Presentation တွေမပါဘဲ စိတ်အားထက်သန်စွာ တွေးတောစေခြင်းအားဖြင့် တစ်ဦးနဲ့တစ်ဦး ပြင်းပြင်းထန်ထန် ဝေဖန်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်စေပါတယ်။

စတိဂျော့ဂျ်ကိုယ်တိုင် ထုတ်ဖော်ပြောဆိုခဲ့တာကတော့ တွေးခေါ်မြော်မြင်မှုမပါဘဲ Power Point Presentation လုပ်တဲ့သူတွေကို မကြိုက်ဘူးတဲ့။

နောက်ပြီး ဆက်ပြောတာက " လူတွေက သူတို့ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို Power Point ပေါ်မှာတင်ပြပြီး ဖြေရှင်းချင်နေကြတာ။ ကျွန်တော်လိုချင်တာက Power Point Presentation မသုံးဘဲ သူတို့ကိုယ်တိုင်ရှေ့ထွက်ပြီး ပြဿနာကို နိုင်နိုင်နင်းနင်း ကိုင်တွယ် ဖြေရှင်းစေချင်တာပါ။ တကယ်တမ်း ကိုယ့်အလုပ်မှာ ကျွမ်းကျင်နေတဲ့သူဆိုရင် ဆွေးနွေးတင်ပြချက်တွေမှာ Power Point တောင်မလိုဘဲတင်ပြဆွေးနွေးနိုင်ရမှာပါ"လို့ပြောပါတယ်။

" ကျွန်တော် တို့နိုင်ငံရဲ့ အလုပ်ရုံဆွေးနွေးပွဲ အစည်းအဝေးတွေမှာ လိုအပ်လို့ Power Point Presentation လုပ်တာမျိုး မဟုတ်ဘဲ လူတိုင်းက သူများလုပ်လို့ လိုက်လုပ်နေပြီး ကိုယ့်ရဲ့ဆွေးနွေးမှုအတွက် ဆက်စပ်ပတ်သက်မှု မခိုင်မာတဲ့ အချက်တွေနဲ့ ပြောဆိုဆွေးနွေးမှုတွေဟာ အစည်းအဝေးတွေကြောင့် မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေကို ဖြစ်ပေါ်စေတာတွေကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါကြောင့် တိုင်းပြည်အတွက် ဘဏ္ဍာရေးနဲ့ အရင်းအမြစ်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေဖို့နဲ့ အရည်အသွေးပြည့်ဝတဲ့ အစည်းအဝေးများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်ပြီး ရေးသားတင်ပြလိုက်ပါတယ်။

**မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ**

# ကီလိုမီတာ ၁၄၀၀ ရှည်လျားသည့် အိန္ဒိယ-ထိုင်း-မြန်မာလမ်းမကြီးဖောက်လုပ်မည်ဟု ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံ အမတ်ကြီးပြောကြား

အိန္ဒိယ၊ ထိုင်းနှင့်မြန်မာနိုင်ငံတို့သည် ဆယ်စုနှစ်များအတွင်း ပထမဆုံး အကြိမ်အဖြစ် ကုန်းလမ်းခရီးဖြင့် အရှေ့တောင်အာရှနှင့်အိန္ဒိယနိုင်ငံကို ချိတ် ဆက်ပေးမည့် ကီလိုမီတာ ၁၄၀၀ ရှည်လျားသော အဝေးပြေးလမ်းမကြီးကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ၎င်းလမ်းမကြီးသည် သုံးနိုင်ငံအကြား ကုန်သွယ်မှုနှင့် ယဉ်ကျေးမှုဖလှယ်ခြင်းများ မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း လွန်ခဲ့သည့် နှစ်ခုနစ်ဆယ်ကျော်က တည်ဆောက်ခဲ့သည့်မြန်မာနိုင်ငံမှ တံတား ၇၃ စင်းအား မော်တော်ယာဉ်များ ဘေးကင်းလုံခြုံစွာဖြင့် ဖြတ်သန်းသွားလာနိုင်ရေး အိန္ဒိယနိုင်ငံ အကူအညီဖြင့် ပြန်လည်ပြုပြင်လျက်ရှိကြောင်း၊ ပြုပြင်ခြင်းလုပ်ငန်းများသည် ၁၈ လအတွင်း ပြီးစီးလိမ့်မည်ဖြစ်ကြောင်း၊ ထိုသို့ပြီးစီးပါက သုံးနိုင်ငံဖြတ်သန်းသွားလာနိုင်ရန် အဝေးပြေးလမ်းမကြီးကို ဖွင့်လှစ်လိမ့်မည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Bhagwant Singh Bishno ကပြောကြားထားကြောင်းသိရပါသည်။

၎င်းလမ်းမကြီးသည် အိန္ဒိယနိုင်ငံအရှေ့ပိုင်း မိုရေးမြို့မှ စတင်ပြီး၊ မြန်မာနိုင်ငံ တမူးမြို့မှတစ်ဆင့် ထိုင်းနိုင်ငံ မဲဆောက်ခရိုင်ရှိ Tak Province အထိ ရောက်ရှိလိမ့်မည်ဖြစ်ကြောင်း၊ သုံးနိုင်ငံ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရေး သဘောတူညီချက်ကိုလည်း အပြီးသတ်ရန် ဆွေးနွေးလျက်ရှိကြောင်း Bishno ကပြောကြားပါသည်။

၎င်းကိစ္စနှင့်စပ်လျဉ်း၍ အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့အကြား အစဉ်ဆွေးနွေးလျက်ရှိပြီး နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ စိတ်သဘောထား၊ ဘာသာစကားဆက်နွယ်မှုများကို ဝေမျှခဲ့ကြပါကြောင်း၊ ယခုလမ်းမကြီးကြောင့် နှစ်နိုင်ငံအကြား ရုပ်ပိုင်းဆိုင်ရာ ဆက်နွယ်မှုများပါရှိလာမည်ဟု Bishno က PTI သတင်းဌာနသို့ ပြောကြားခဲ့ကြောင်း သိရပါသည်။

ထိုမျှသာမက ၎င်းလမ်းမကြီးသည် အိန္ဒိယအရှေ့မြောက်ဒေသရှိ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့်ကုန်စည်များသယ်ယူပို့ဆောင်ခြင်းတို့ကို အကူအညီ ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ထိုင်းနိုင်ငံနယ်စပ်အနီးရှိ စက်မှုလုပ်ငန်းစီမံကိန်းတို့သည် အိန္ဒိယနိုင်ငံအရှေ့ပိုင်းအား အရှေ့တောင်အာရှနိုင်ငံများနှင့် ပိုမိုပေါင်းစည်းနိုင်ရန် အကူအညီ ဖြစ်စေလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံမှ ထားဝယ်ရေနက်ဆိပ်ကမ်းအား အိန္ဒိယနိုင်ငံမှ ချင်နိုင်းဆိပ်ကမ်း၊ ထိုင်းနိုင်ငံမှ Laem Chabang ဆိပ်ကမ်းတို့နှင့် ဆက်သွယ် ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း၊ ၎င်းက ထည့်သွင်းပြောကြားထားပါသည်။

ပြီးခဲ့သည့်နှစ်က ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံအထိရှိခဲ့ပြီး၊ အိန္ဒိယနိုင်ငံသားများ ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်မှုမှာ တစ်သန်းကျော်ခန့်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသားများ၏ လက်ထပ်ထိမ်းမြားခြင်းအခမ်းအနား ၃၀၀ ခန့်ကိုလည်း ထိုင်းနိုင်ငံတွင် ကျင်းပခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံအတွင်း ထိုင်းနိုင်ငံမှ အဓိကရင်းနှီးမြှုပ်နှံသူများမှာ CP Group၊ Delta Electronics၊ Ital-Thai နှင့် PruksaReal Estate တို့ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် လုပ်ငန်းများဆောင်ရွက်နေသည့် အဓိက အိန္ဒိယကုမ္ပဏီ များမှာ Tata Group၊ Aditya Birla နှင့် Indorama ကုမ္ပဏီတို့ ဖြစ်ကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တောင်ကိုရီးယားအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာဈေးကွက်တွင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ဝင်ရောက်လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်

ကိုရီးယားခါတ်ငွေ့ကော်ပိုရေးရှင်းနှင့် ကိုရီးယားမီးရထားကွန်ရက်အာဏာပိုင်အဖွဲ့တို့သည် အင်ဒိုနီးရှားနိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံတန်ဖိုးခန့် ပါဝင်ဆောင်ရွက်၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုတွင် ခါတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်ခြင်းနှင့်လျှပ်မြန်သွက်လက်သည့် ရထားလိုင်းများတည်ဆောက်ခြင်းလုပ်ငန်းတို့လည်း ပါဝင်မည်ဖြစ်သည်။ ကိုရီးယားမီးရထားကွန်ရက်အာဏာပိုင်အဖွဲ့ အနေဖြင့်လည်း ဂျကာတာမြို့မြို့ပြနေရာများကို ပြေးဆွဲနိုင်မည့် ၅ ဒသမ ၈ ကီလိုမီတာရှည်လျားသည့် လျှပ်မြန်သွက်လက်သည့် ရထားပို့ဆောင်ရေးစီမံကိန်းတစ်ခု၏ ပထမအဆင့်အား စတင်တည်ဆောက်ရန်အတွက် ဂျကာတာပုံသေပိုင်ပစ္စည်းစီမံခန့်ခွဲမှုအာဏာပိုင်နှင့်သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အင်ဒိုနီးရှားအစိုးရသည် နိုင်ငံ၏ လျှပ်စစ်မီး၊ ပို့ဆောင်ရေး၊ သင်္ဘောတင်ပို့ရေးနှင့်အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အသစ်တည်ဆောက်ရန်အတွက် ၇၅ ဘီလီယံ ဒေါ်လာတန်ဖိုးရှိ စီမံကိန်းများကို တတိယနှစ်လယ် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၅-၂၀၁၉) အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

တောင်ကိုရီးယား သမ္မတ ပတ်ဂွင်ဟေးသည် မေ ၁၆ ရက်တွင် ဆိုးလ်မြို့၌ ကျင်းပခဲ့သော ထိပ်သီးအစည်းအဝေး၌ အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုနှင့်တွေ့ဆုံခဲ့ပြီး စီးပွားရေးဆိုင်ရာ နယ်ပယ်နှင့်ဆက်စပ်သည့် သဘောတူညီချက် ၁၁ ခုကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြကာ အဆိုပါတွေ့ဆုံပွဲတွင် အင်ဒိုနီးရှားနိုင်ငံ၏ အခြေခံအဆောက်အအုံကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စတင်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ကိုရီးယားခါတ်ငွေ့ကော်ပိုရေးရှင်းသည် အင်ဒိုနီးရှားခါတ်ငွေ့ပိုက်လိုင်းစီမံကိန်းအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါခါတ်ငွေ့လိုင်းသည် ပလန်ဘမ်နှင့် ဘာလီမြို့အကြား ၃၆၃ ကီလိုမီတာရှည်လျားမည်ဖြစ်သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အမေရိကန်နိုင်ငံတွင် ငွေကြေးကဏ္ဍမပါဟုတ်သည့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ၂၃၅ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်

ယခုနှစ်ဇန်နဝါရီမှ ဧပြီအတွင်း အမေရိကန်ပြည်ထောင်စု၌ ငွေကြေးကဏ္ဍမပါဟုတ်သည့် တရုတ်ရင်းနှီးမြှုပ်နှံမှုမှာ ၂၃၅ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ကြောင်း၊ အမေရိကန်၌ အခြေခံအဆောက်အအုံ ဈေးကွက်တည်ငြိမ်မှု၊ ဥပဒေလုပ်ထုံး လုပ်နည်းများခိုင်မာမှုရှိခြင်းအပြင် အဆင့်မြင့်နည်းပညာကုမ္ပဏီဈေးကွက်သို့ ဝင်ရောက်နိုင်ခြင်း စသည့်အချက်များကြောင့် တရုတ်ကုမ္ပဏီများအနေဖြင့် အမေရိကန်ပြည်ထောင်စုတွင် ရင်းနှီးမြှုပ်နှံမှုမှာ အလွန်မြင့်တက်ခဲ့ကြောင်း၊ ဆက်လက်၍လည်း မြင့်တက်နိုင်ဖွယ်ရှိကြောင်း တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောကြားခဲ့ပါသည်။

ယခုနှစ်အတွင်း တရုတ်ကုမ္ပဏီ Anbang Insurance Group က အမေရိကန်၏ ဇိမ်ခံဟိုတယ်တစ်ခုဖြစ်သည့် Strategic Hotels & Resorts ထံမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံဖြင့်လည်းကောင်း၊ တီယန်ကျင်းအခြေစိုက် Tianhal Investment Co Ltd သည် US electronics distributor ဖြစ်သည့် Ingram Micro Inc.,ထံမှ အမေရိကန် ဒေါ်လာ ၆ ဒသမ သုည ဘီလီယံဖြင့် လည်းကောင်း၊ Haier Group မှ US General Electric Co Ltd ထံမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံဖြင့်လည်းကောင်း ကုမ္ပဏီအစုရှယ်ယာ ဝယ်ယူပေါင်းစည်းမှုဖြစ်သော M&A စီးပွားရေးလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ခဲ့ပါသည်။

ယခုနှစ် ဇန်နဝါရီလအတွင်း တရုတ်၏ငွေကြေးကဏ္ဍမပါဟုတ်သည့် ပြည်ပ၌ရင်းနှီးမြှုပ်နှံမှုမှာ ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံ မြင့်တက်ခဲ့ပြီး ၇၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

အမေရိကန်ပြည်ထောင်စုအပြင် ဩစတြေးလျသည် တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံရာ၌ ဒုတိယမြောက်အများဆုံးရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်ပြီး နှစ်စဉ် ၁၈၈ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်လျက်ရှိကြောင်း၊ ဟောင်ကောင်သည် တတိယအများဆုံးနိုင်ငံဖြစ်ပြီး ၈၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မှုရှိကြောင်း၊ အာဆီယံသည် စတုတ္ထမြောက်အများဆုံး ရင်းနှီးမြှုပ်နှံသည့်နေရာဖြစ်ကြောင်း သိရှိရပါသည်။ ယခုအချိန်အထိ the Belt and Road Imitative အစီအစဉ်တွင်ပါဝင်သော လမ်းကြောင်းတစ်လျှောက် နိုင်ငံပေါင်း ၄၉ နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၁ ဘီလီယံခန့်ရှိပြီး ယခင်နှစ်ထက် ၃၂ ရာခိုင်နှုန်းတိုးတက်မှုရှိကြောင်း၊ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖော်ပြထားပါသည်။

ထို့အပြင် ဝန်ဆောင်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုမှာ ၇၃ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၈ ဘီလီယံရှိကြောင်း သိရှိရပါသည်။ သို့သော် အီးယူနိုင်ငံများ၌ ရင်းနှီးမြှုပ်နှံမှုမှာ ၄၄ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အီးယူနိုင်ငံများ၌ နိုင်ငံသားအကျိုးစီးပွား ရင်းနှီးမြှုပ်နှံမှု ကာကွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# တောင်ကိုရီးယားနှင့် အမေရိကအလယ်ပိုင်းခြောက်နိုင်ငံတို့ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ဆိုင်ရာ ဆွေးနွေး

တောင်ကိုရီးယားနိုင်ငံနှင့် အမေရိကအလယ်ပိုင်း ခြောက်နိုင်ငံတို့သည် မေလအတွင်းက လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်အား စတင်ဆွေးနွေးညှိနှိုင်းခဲ့သည်။ ကော့စတာရီကာ၊ အယ်လ်ဆာဗေးဒိုး၊ ဂွာတီမာလာ၊ ဟွန်ဒူးရပ်စ်၊ နီကာရာဂွာနှင့်ပနားမားနိုင်ငံတို့နှင့် ထုတ်ကုန်များ၊ အကောက်ခွန်ဆိုင်ရာကိစ္စရပ်များနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို အဓိကထားဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့်ယှဉ်ပြိုင်မှုများရှိသည့် မော်တော်ကားထုတ်လုပ်ခြင်း၊ အဝတ်အထည်စသည့်လုပ်ငန်းများအတွက် ဈေးကွက်အသစ်များရှာဖွေလျက်ရှိပြီး တစ်ဖက်တွင်လည်း ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင်လည်း ဖြေလျှော့မှုများဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ အမေရိကအလယ်ပိုင်းခြောက်နိုင်ငံသည် အမေရိကအလယ်ပိုင်းနှင့်တောင်ပိုင်းတို့တွင် ပဉ္စမမြောက်အကြီးဆုံးသောဈေးကွက်အဖြစ်တည်ရှိနေပြီး တောင်ကိုရီးယားနိုင်ငံနှင့် ကုန်သွယ်မှုသည် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံသို့ ရောက်ရှိခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၃–၆– ၂၀၁၆)

ဇော်ဝင်း

## တောင်ကြီးမှာ ပြောင်းဈေးကျသော်လည်း အရောင်းအဝယ် ပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်-မူဆယ်ဝယ်လက်တွေ အဝယ်ရှိပေမယ့် သယ်ယူပို့ဆောင်ခမြင့်မားလို့ တင်ပို့မှုအားနည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်ပိဿာ ၄၂၀ ကျပ်ဈေးရှိပြီး တစ်ပတ်အတွင်းမှာ ပိဿာချိန် ၄၀၀၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ဈေးနှုန်းအနည်းငယ်ကျပေမယ့်အရောင်းအဝယ်အနေနဲ့ ယခင်တစ်ပတ်ထက် ပိုမိုကောင်းမွန်ခဲ့ကြောင်းသိရပါတယ်။

×××××××××××××××

## မူဆယ်ဈေးကွက်တွင်ပြောင်းအရောင်းအဝယ်ပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ယခင်တစ်ပတ်ထက် ပြောင်းဈေးနှုန်းအနည်းငယ်ကျခဲ့ပေမယ့် အဝင်တန်ချိန် ၇၃၀၀ တန်ခန့်ရှိခဲ့တာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် အဝင်များခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခမြင့်မားခြင်းနဲ့ အရည်အသွေး သတ်မှတ်ဝယ်ယူမှုတွေကြောင့် ၅၀ ကီလိုတစ်အိတ်ကို ၈၅ ယွမ်မှ ၈၉ ယွမ်ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးကျသော်လည်း ပဲတီစိမ်းအရောင်းအဝယ်ပုံမှန်ရှိ

ဒီတစ်ပတ်မန္တလေးဈေးကွက်မှာ ပဲတီစိမ်းဈေးနှုန်းအနည်းငယ်မြင့်တက်ခဲ့ပြီး ပဲတီစိမ်းရွှေဝါ တစ်ပိဿာ ၁၈၈၄ ကျပ် (တစ်တန်ကို ၁၁၅၃၇၄၂ ကျပ်) ပဲတီစိမ်းကြီး တစ်ပိဿာ ၁၈၁၃ ကျပ် (တစ်တန်ကို ၁၁၁၀၂၆၃ ကျပ်)နဲ့ တရုတ်ဝယ်လက်က အရည်အသွေးပေါ် မူတည်ပြီး ဈေးဖွင့်အဝယ်ရှိခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ပဲတီစိမ်းရွှေဝါအိတ် ၃၀၀ ခန့်၊ ပဲတီစိမ်းကြီးအိတ် ၅၀၀ ခန့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို အိန္ဒိယအတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၆၆၃ ကျပ် (တစ်တန်ကို ၁၆၃၀၇၄၉ ကျပ်)နဲ့ ဈေးဖွင့်အဝယ်ရှိတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင်ဈေးနှုန်းကျဆင်းမှုရှိပေမယ့် တစ်နေ့ကိုအိတ် ၆၀၀-၇၀၀ ခန့် အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရှိရပါတယ်။

×××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲဈေးကျသော်လည်း ပဲစင်းငုံနီ တက်ရိပ်ပြ

ဒီတစ်ပတ်ပြည်ဈေးကွက်မှာ မတ်ပဲဈေးထပ်မံကျဆင်းနေပြီး အိန္ဒိယဈေးကွက်အတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ် လက်က အဝယ်ပုံမှန်ရှိနေတာကြောင့် တစ်ပိဿာကို ၂၆၀၀ ကျပ် (တစ်တန်ကို ၁၅၉၂၂၁၄ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ရောင်းဝယ်မှုအနေနဲ့ တစ်နေ့ကို အိတ် ၂၀၀ မှ ၃၀၀ ကြားပုံမှန်ရောင်းဝယ်မှုရှိကြောင်း သိရပါတယ်။ ပဲစင်းငုံနီဈေးနှုန်း အနည်းငယ်တက်ခဲ့ပေမယ့် အဝင်နည်းမှုနဲ့လှောင်လက်တွေထံမှာ လက်ကျန်နည်းနေတာကြောင့် အရောင်းအဝယ်အေးနေကြောင်းနဲ့ ပဲစင်းငုံနီတစ်ပိဿာကို ၂၃၈၅ ကျပ် (တစ်တန်ကို ၁၄၆၀၅၅၀ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်း ဈေးနှုန်းငြိမ်နေ

ဟင်္သာတဈေးကွက်မှာ ပြည်ပ ဝယ်လက်ဖြစ်တဲ့ ရန်ကုန်ဝယ်လက်က ယခင်တစ်ပတ်အတိုင်း မတ်ပဲ တစ်ပိဿာ ၂၆၆၅ ကျပ် (တစ်တန်ကို ၁၆၃၂၀၁၉) ကျပ်နဲ့ ဈေးဖွင့်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကို တန် ၁၀၀ ခန့်ရှိကြောင်း သိရပါတယ်။ ရောင်းသူကုန်သည်များအနေနဲ့တက်ဈေးမျှော်ပြီးအရောင်းနည်းတာကြောင့် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်ကပုံမှန်ဝယ်လိုအားရှိနေတဲ့ ဒေသထွက်အစေ့ထုတ်ပြောင်းအနေနဲ့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် ဈေးနှုန်းအနည်းငယ်ကျခဲ့ပြီး တစ်ပိဿာကို ၄၃၅ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကို တန် ၁၀၀ ခန့်ရှိကြောင်းသိရပါတယ်။ ပဲတီစိမ်းကလည်း ယခင်တစ်ပတ် အတိုင်း ဈေးနှုန်း အပြောင်းအလဲမရှိဘဲ တစ်ပိဿာကို ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပေမယ့် လက်ကျန်နည်းသွားတာကြောင့် တစ်နေ့ကို တန် ၂၀ မှ ၂၅ တန်ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

×××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးနှုန်း တက်ရိပ်ပြ အရောင်းအဝယ်အေး

ယခုတစ်ပတ်ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းကြီး ဈေးနှုန်းအနည်းငယ်တက်ခဲ့ပေမယ့် အရောင်းအဝယ်အေးနေကြောင်းသိရပါတယ်။ ပဲတီစိမ်းကြီး ထိပ်စတစ်ပိဿာကို ၁၆၂၅ ကျပ် (တစ်တန်ကို ၉၉၅၁၃၃ ကျပ်)နဲ့ အဝယ်ဖွင့်ခဲ့ပေမယ့် တစ်နေ့ကိုအိတ် ၁၀၀ ခန့်သာအရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ ပဲစင်းငုံနီ တစ်ပိဿာ ၂၄၁၀ ကျပ် (တစ်တန်ကို ၁၄၇၅၈၅၉ ကျပ်) နဲ့ ရန်ကုန်ဝယ်လက် အဝယ်ရှိပေမယ့် တစ်နေ့ကို အိတ် ၅၀ ခန့်သာအရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

×××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံနဲ့ ပဲစင်းငုံနီ အရောင်းအဝယ်အေး

ဒီတစ်ပတ်မကွေးဈေးကွက်မှာ နှမ်းမျိုးစုံဈေးနှုန်းအနည်းငယ်ကျနေကြောင်း သိရပါတယ်။ မန္တလေးဝယ်လက်နဲ့ ဆီစက်များမှ နှမ်းနီတစ်ပိဿာ ၂၀၀၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၀၉၀ ကျပ်၊ နှမ်းနက် ၂၅၈၀ ကျပ်၊ နှမ်းနက်စမုံတစ်ပိဿာ ၃၅၈၀ ကျပ်ဈေးတို့နဲ့ ဈေးဖွင့်ဝယ်ယူခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ နှမ်းမျိုးစုံ တစ်နေ့ကို အိတ် ၃၀၀ ခန့်ရှိကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ပြည်ပအတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၀၃၅ ကျပ် (တစ်တန်ကို ၁၂၄၆၂၁၃ ကျပ်)နဲ့ ဈေးဖွင့် ဝယ်ပေမယ့် အရင်တစ်ပတ်ထက်ဈေးနှုန်းအနည်းငယ်ကျဆင်းမှု ကြောင့် အရောင်းအဝယ်အေးကြောင်း သိရပါတယ်။

×××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ ဈေးတက်ရိပ်ပြ

အောင်လံဈေးကွက်မှာ ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ပဲစင်းငုံနီ တစ်ပိဿာကို ၂၄၂၀ ကျပ် (တစ်တန်ကို ၁၄၈၁၉၈၃ ကျပ်)ဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် ဈေးနှုန်းအနည်းငယ်တက်ခဲ့ပေမယ့် အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ အိတ် ၃၀၀ ခန့်သာရှိကြောင်း သိရပါတယ်။ နှမ်းနီတစ်ပိဿာ ၁၉၉၅ ကျပ်၊ သိပ္ပံနှမ်း တစ်ပိဿာ ၃၄၄၅ ကျပ်၊ နှမ်းနက် တစ်ပိဿာ ၂၂၂၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖွင့်ခဲ့ပြီး နှမ်းမျိုးစုံ တစ်နေ့ အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ရေစကြိုဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ပုံမှန်ရှိ

ရေစကြိုဈေးကွက်မှာ မန္တလေးဝယ်လက်က CP ပြောင်း တစ်ပိဿာကို ၄၃၅ ကျပ်နဲ့ ဈေးဖွင့်ဝယ်ယူခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်ကျဆင်းကြောင်းနဲ့ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့အိတ် ၈၀၀ ခန့်ရှိကြောင်း သိရပါတယ်။

×××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းနဲ့ ပဲစင်းငုံ ဈေးတက်ရိပ်ပြ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးနဲ့ ပဲစင်းငုံနီဈေးနှုန်းအနည်းငယ်မြင့်လာကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကို ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၁၇၃၆ ကျပ် (တစ်တန်ကို ၁၀၆၃၁၀၉ ကျပ်) နဲ့ ဈေးဖွင့်အဝယ်ရှိခဲ့ပေမယ့် အရောင်းအဝယ် အေးနေကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို တစ်ပိဿာ ၂၄၁၅ ကျပ်နဲ့ (တစ်တန်ကို ၁၄၇၈၉၂၀ ကျပ်)နဲ့ ဈေးဖွင့်အဝယ်ရှိခဲ့ပြီး အရောင်းအဝယ် အေးနေကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ ယခင်တစ်ပတ်ထက် ဈေးနှုန်းအနည်းငယ်ကျနေပြီး တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) နဲ့ ဝယ်လိုအားများနေကြောင်း သိရပါတယ်။

×××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံ ဈေးနှုန်းတက်ရိပ်ပြပြီး အိန္ဒိယဝယ်လိုအားများ

ဒီတစ်ပတ်ဘုရင့်နောင်ဈေးကွက်မှာ အိန္ဒိယမှ ဝယ်လိုအားများတဲ့အတွက် မတ်ပဲနဲ့ ပဲစင်းငုံနီဈေးအနည်းငယ်မြင့်လာကြောင်းသိရပါတယ်။ မတ်ပဲ RC တစ်တန်ကို ၁၇၃၀၀၀၀ ကျပ်နဲ့ ပဲစင်းငုံနီ RC တစ်တန်ကို ၁၅၁၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး အိန္ဒိယဝယ်လက်ကဝယ်လိုအားများနေကြောင်း သိရပါတယ်။

×××××××××××××××

## မုံရွာကုန်စည်ဒိုင် ဇွန်ပထမပတ် ပဲဈေးကွက်မှာ ငုံနီနဲ့ စိမ်းကြီး ဈေးအနည်းငယ်တက်လာ

မုံရွာကုန်စည်ဒိုင် ဇွန်ပထမပတ်ပဲဈေးကွက်မှာ ပြည်ပဝယ်လိုအား မြင့်မားလာတာကြောင့် ငုံနီနဲ့စိမ်းကြီးတို့ ဈေးအနည်းငယ်တက်လာခဲ့သလို အရောင်းအဝယ်ပါ သွက်လာခဲ့တယ်လို့ ဈေးကွက်ကဆိုပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်က တစ်တင်း ကျပ် ၄၆၃၀၀ အထိကျဈေးဖြစ်ပေါ်ခဲ့တဲ့ ငုံနီမှာ ယခုတစ်ပတ် ဝယ်လိုအားသွက်လာလို့ တစ်တင်း ကျပ် ၄၈၄၀၀ အထိ ဈေးအမြင့်ဆုံးတက်ခဲ့ပြီး အရောင်းအဝယ်အနေနဲ့ တစ်ရက်အိတ် ၁၀၀၀ ဝန်းကျင်ဖြစ် နိုင်တယ်လို့ လေ့လာသိရှိရပါတယ်။ ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာလည်း နယ်စုံက ခပ်ပါးပါးသာ ဒိုင်ကိုဝင်ရောက်ခဲ့ပြီး ဝယ်လိုအားမြင့်မားမှုရှိလို့ စိမ်းကြီးတစ်တင်း ကျပ် ၃၁၅၀၀ မှ ကျပ်၃၃၀၀၀၊ စိမ်းသေးက တစ်တင်း ကျပ် ၂၆၀၀၀ မှ ကျပ် ၂၈၀၀၀ အသီးသီးဈေးမြောက်လာတာတွေ့ရပါတယ်။ အရောင်းအဝယ်အားဖြင့် တစ်ရက်အိတ် ၅၀၀ မှ ၇၀၀ အကြားဖြစ်နိုင်တယ်လို့ သိရပါတယ်။

မတ်ပဲဈေးကွက်အနေနဲ့ နယ်ကပဲအဝင်နဲ့ ဒိုင်လာတဲ့ ဝယ်လက်ဝယ်လိုအားမျှတနေလို့ တစ်တင်းကျပ် ၅၃၅၀၀ ဝန်း ကျင်မှာ ပေါက်ဈေးငြိမ်နေပြီး၊ တစ်ရက်အိတ် ၂၀၀ ခန့်နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရပါတယ်။ ပြည်တွင်းနဲ့ဒေသသုံး အခြားပဲမျိုးစုံဈေးကွက်မှာလည်း အရောင်းအဝယ်ပုံမှန်သာရှိလို့ ပေါက်ဈေးအသီးသီးငြိမ်လျက်ရှိရာ ထောပတ်ပဲတစ်တင်း ကျပ် ၁၁၀၀၀ မှ ကျပ် ၁၁၅၀၀၊ စွန်တာနီတစ်တင်းကျပ် ၁၄၅၀၀မှ ကျပ် ၁၅၀၀၀၊ ပဲကြီးတစ်တင်း ကျပ် ၂၅၅၀၀ မှ ကျပ် ၂၇၀၀၀၊ ပဲပုပ်တစ်တင်း ကျပ် ၁၈၀၀၀ မှ ကျပ် ၁၈၅၀၀၊ ပုဂံပဲတစ်တင်း ကျပ် ၁၅၈၀၀၊ မြေထောက်ပဲတစ်တင်း ကျပ် ၁၇၀၀၀၊ လွန်းပြာတစ်တင်း ကျပ် ၁၈၀၀၀၊ ကျပ် ၁၈၅၀၀၊ ပဲယင်းတစ်တင်းကျပ် ၁၄၅၀၀ဖြစ်ပေါ်ခဲ့တာတွေ့ရပါတယ်။

ဒေသနဲ့ပြည်တွင်းလုပ်ငန်းသုံးဝယ်လိုအား ပုံမှန်ရှိတဲ့ ကုလားပဲမျိုးစုံဈေးကွက်ကတော့ ယခုတစ်ပတ်မှာလည်း အမြင့်ဈေးမှာ တန့်နေရာ V2 တစ်တင်း ကျပ် ၃၈၀၀၀၊ ထိုင်ဝမ်နဲ့ 929 တစ်တင်းကျပ် ၃၇၅၀၀ အသီးသီး ပေါက်ဈေးဖြစ်ခဲ့ပြီး တစ်ရက်ကုလားပဲမျိုးစုံအိတ် ၄၀၀ မှ ၉၀၀ အကြားပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။ **ထွန်းလှိုင်-မုံရွာ**

# ဈေးကွက်ဝင် သရက်မျိုးများ တိုးချဲ့စိုက်ပျိုးကြစို့

မြန်မာလူမျိုးများ၏ ဆိုရိုးစကားတွင် အသီးမှာ သရက်၊ အရွက်မှာ လက်ဖက်၊ အသားမှာ ဝက်ဟူသော စကားနှင့်အညီ အသီးများစွာရှိသည့်အနက် သရက်သီး၏ အနံ့အရသာနှင့် မွှေးရနံ့တို့သည် မည်သည့် အသီးနှင့်မျှ ယှဉ်၍မရပေ။ သရက်သီး၏ အင်္ဂလိပ်အမည်မှာ Mango ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Mangifera ခေါ်၍ မျိုးရင်း Alacardiaceae တွင်ပါဝင်သည်။ သရက်ပင်၏ မူလအစမှာ အရှေ့တောင်အာရှ နိုင်ငံများဖြစ်သော မြန်မာ၊ အိန္ဒိယ၊ ပါကစ္စတန် နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဖြစ်ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။

မြန်မာနိုင်ငံတွင် စိမ်းစားသီး၊ မချစ်စု၊ မြကျောက်၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပန်းသရက်၊ မယ်သီ၊ အောင်ဒင်၊ ပတ္တမြားငမောက်၊ စောရင်၊ သုံးလုံးတစ်ထောင်၊ သရက်ဖြူ၊ စိန်တစ်လုံးစသည်ဖြင့် သရက်သီးမျိုးများစွာရှိပါသည်။ စိန်သည် တွင်းထွက်ရတနာထဲတွင် မာကျောမှုအရှိဆုံးနှင့်တန်ဖိုးအရှိဆုံး လူအများနှစ်သက်သည့် ရတနာတစ်ပါးဖြစ်သကဲ့သို့ သရက်သီးများတွင် စိန်တစ်လုံးသရက်သီးသည် အခြားသော သရက်သီးများထက် အရသာပိုကောင်းသည်ဟုဆိုပါက လွန်အံ့မထင်ပါ။

ရာသီစာသီးနှံဖြစ်သော သရက်ပင်တို့သည် အပူပိုင်းဒေသတွင် ကောင်းစွာ ဖြစ်ထွန်းပါသည်။ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ အမရပူရ၊ ပုသိမ်ကြီးနှင့်မတ္တရာမြို့နယ်တို့သည် စိန်တစ်လုံး သရက်သီး အများဆုံးထွက်ရှိရာ ဒေသဖြစ်ပြီး ၎င်းဒေသများမှ ထွက်သောသရက်သီးသည် အခြားဒေသများမှ ထွက်သော သရက်သီးများထက် အရသာပိုမိုကောင်းမွန်ပါသည်။ စိန်တစ်လုံးသရက်သီးသည် နူးညံ့ခြင်း၊ အမျှင်ပါဝင်မှု မရှိခြင်း၊ အရသာမှာ အခြားသော အသီးများထက် ကောင်းမွန်သောကြောင့် လူအများနှစ်သက်၍ တိုးချဲ့စိုက်ပျိုးလာကြသည်။

သရက်စိုက်ပျိုးရာတွင် ကိုင်းကူးဆက် စိုက်ခြင်းနှင့် မျိုးစေ့ပျိုးစိုက်ခြင်းဟူ၍ နှစ်မျိုးရှိရာ ကိုင်းကူးဆက်စိုက်ခြင်းသည် စိန်တစ်လုံးမျိုးမဟုတ်သော အခြားသရက်ပင်အား စိန်တစ်လုံး သရက်သီးနှင့် ဆက်ခြင်းဖြစ်ပြီး မျိုးစေ့ချစိုက်ပျိုးခြင်းမှာ မူရင်းစိန်တစ်လုံးအစေ့အား ပျိုးခြင်းဖြစ်သည်။ ကိုင်းကူးဆက်စိန်တစ်လုံး သရက်သီးသည် အနည်းငယ်ချဉ်၍ မူရင်းမျိုးစေ့ချစိုက်သော စိန်တစ်လုံးသရက်သီးသည် ချိုမြိန်လှသည်။

သရက်ပင်စိုက်ပျိုးရာတွင် တစ်ဧက ၄၈ ပင်သာ အများဆုံး စိုက်ပျိုးကြောင်း၊ ပျိုးပင်ကို စတင်မြေချသည်မှ သုံးနှစ်ခန့်တွင် အသီးသီးကြောင်း၊ သစ်သီးပွဲရုံများမှ သရက်ခြံပိုင်ရှင်များအား သရက်ပန်းပြချိန်တွင် သရက်ခြံ အခြေအနေကြည့်၍ အသီးရာသီချိန်တွင် ခြံလိုက်ဝယ်၍ လည်းကောင်း၊ တချို့က ကြိုတင်ငွေကို သရက်သီးထွက်မည့် တန်ဖိုး၏ သုံးပုံတစ်ပုံထုတ်ပေးကြောင်း၊ အသီးထွက်လျှင် ကြိုတင်ငွေထုတ်ယူသော ပွဲရုံသို့ သရက်သီးများပို့ရကြောင်း၊ ဈေးအတက်အကျပေါ်မူတည်ပြီး ကြိုတင်စရန်ငွေများကို ခုနှိမ်ခါ ရှင်းပေးကြောင်း၊ အိတ်စွပ်ရန်အတွက် ပွဲရုံများမှ အိတ်တစ်လုံး ၁၈ ကျပ်နှုန်းဖြင့် ဝယ်ရကြောင်း၊ ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာမှ သရက်ခြံပိုင်ရှင်တစ်ဦးက ပြောပါသည်။

အိတ်စွပ်သရက်သီးများသည် အရောင်လှခြင်း၊ အလုံးညီခြင်း၊ အပြစ်အနာအဆာကင်းခြင်းတို့ကြောင့် ရောင်းပန်းလှ၍ ဈေးကောင်းရကြောင်း၊ အိတ်မစွပ်သော အလွတ်သီးများသည် အရောင်မလှခြင်း၊ အလုံးညီမျှမှုမရှိခြင်း၊ အပြစ်အနာဆာပါခြင်းတို့ကြောင့် ဈေးကောင်းမရရှိကြောင်း သိရှိရပါသည်။

ယခုနှစ်ဧပြီလတွင် မိုးသက်လေပြင်းနှင့် မိုးသီးများကျခဲ့ခြင်းကြောင့် သရက်ခြံများ ပျက်စီးမှုများ ရှိခဲ့သဖြင့် အထွက်နှုန်းနည်းပါးကြောင်း သိရှိရပါသည်။ သရက်သီးရာသီတွင် တစ်ဖက်နိုင်ငံသို့ တင်ပို့ရာ၌ ၁၅ ကီလိုဂရမ် ဝင်ဆံ့သော ပလတ်စတစ်ခြင်းများဖြင့် တင်ပို့ရကြောင်း၊ ဇွန်လဒုတိယပတ်တွင် စိန်တစ်လုံးတစ်ခြင်းလျှင် တရုတ်ယွမ် ၁၀၀ မှ ၁၃၀ အထိ၊ ဟင်္သာတစ်ခြင်းလျှင် တရုတ်ယွမ် ၁၀၀ မှ ၁၇၀ အထိ၊ ရင်ကွဲတစ်ခြမ်းလျှင် တရုတ်ယွမ် ၆၀ မှ ၇၀ အထိ အသီးသီးဈေးပေါက်ခဲ့သဖြင့် တစ်ဧကကျယ်ဝန်းသော သရက်ခြံပိုင်ရှင်များအတွက် သရက်သီးရာသီ တစ်ရာသီတွင် ကျပ် ၁၅ သိန်းခန့် ဝင်ငွေရရှိကြောင်း သိရှိရပါသည်။

သရက်သီးသည် အချိုဓာတ်နှင့် အချဉ်ဓာတ်ကို တစ်ပြိုင်တည်း ပေးစွမ်းနိုင်ပြီး၊ အအေးဓာတ်ရှိကာ အရသာရှိရုံမက လူသားတို့၏ ကျန်းမာရေးကို အထောက်အကူပြုသော ဗီတာမင်အေ၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့်အတူ ဗီတာမင်စီ ၇၆ ရာခိုင်နှုန်းနှင့် ကာရိုတီးနွိုက် ၂၅ ရာခိုင်နှုန်း ပါဝင်သောကြောင့် ကိုယ်ခံစွမ်းအားကို ကောင်းမွန်စေကြောင်း၊ ဗီတာမင်အီး ၂ဒသမ ၃ မှ ၃ မီလီဂရမ်အထိ ပါဝင်သောကြောင့် ခန္ဓာကိုယ်အတွင်းရှိ ဟော်မုန်းထုတ်လုပ်မှုစနစ်ကို အထောက်အကူပြုကြောင်း၊ အမျှင်ဓာတ် ၄၀ ရာခိုင်နှုန်းပါဝင်သဖြင့် အစာကျေညက်စေပြီး ဝမ်းမှန်စေပါကြောင်းနှင့် ပူပြင်းသော နွေရာသီတွင် ခန္ဓာကိုယ်ကို အေးမြစေရန် ဖျော်ရည်ပြုလုပ်၍ သောက်သုံးပါက အပူဒဏ်ကို ခံနိုင်ရည်ရှိခြင်းတို့ကြောင့် ကျန်းမာရေးအတွက် အရည်အသွေးကောင်းပြီး၊ လတ်ဆတ်သော သရက်သီးများအား သင့်တင့်မျှတစွာအရသာရှိရှိ စားသုံးသင့်ပါကြောင်းနှင့် ဈေးကွက်ဝင် သရက်သီးမျိုးများအား တိုးချဲ့စိုက်ပျိုးသင့်သလို မျိုးကောင်းမျိုးသန့်များ၊ မျိုးစိတ်သစ်များ ရှာဖွေဖော်ထုတ်၍ စိုက်ပျိုးသင့်ပါကြောင်း နှိုးဆော်လိုက်ရပါသည်။

**အောင်မြိုင်** DOT -MDY

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၈) သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍရှိ စီးပွားရေးလုပ်ကိုင်သူများအား နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာ၊ ဗဟုသုတများရရှိရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များ၊ ကုန်သည်စီးပွားရေးလုပ်ငန်းရှင်သစ်များကို မွေးထုတ်ပေးနိုင်ရန် Trade Training Institute ကို ၂၀၁၂ ခုနှစ် ဧပြီလမှ စတင်ဖွင့်လှစ်ကာ နိုင်ငံတကာ ကုန်သွယ်မှုနှင့်ပတ်သက်၍ စာတွေ့/လက်တွေ့များ ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချပေးလျက် ရှိပါသည်။

ယခုအခါ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ် (၈) ကို ၂၀၁၆ ခုနှစ် ဇွန် ၁၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

| ၆-၆-၂၀၁၆ မှ ၁၀-၆-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 293 | 17,413,974.940 |
| 2 | Form D | 66 | 4,407,512.070 |
| 3 | Form E | 74 | 1,261,279.450 |
| 4 | Korea GSP | 1 | 24,.279.000 |
| 5 | Form AK | 46 | 4,338,630.090 |
| 6 | Form AJ | 8 | 811,174.460 |
| 7 | Form AI | 63 | 3,236,745.600 |
| 8 | Form AANZ | 6 | 27,925.800 |
| 9 | Form DFTP | - | - |
| **Grand Total** | | **557** | **21,521,521.410** |

သင်တန်းတွင် ကုမ္ပဏီတစ်ခုတည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာ ကုန်သွယ်မှု သီအိုရီနှင့် သဘောတရား များ၊ စီးပွားရေးဆိုင်ရာကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ မူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည်ဖြစ်ပါသည်။

စီးပွားရေးဆိုင်ရာ ဟောပြောပွဲများကျင်းပပေးခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်းတို့ သင်တန်းတွင် ပါဝင်မည်ဖြစ်ပါသည်။ သင်တန်းကို အမှတ် (၂၂၈-၂၄၀) ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် ၃ ရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) (နံနက် ၉:၃၀ နာရီမှ ၁၂:၃၀ နာရီအထိ) ဖြင့် (၄)လ ကြာမြင့်မည်ဖြစ်ပါသည်။

သင်တန်းသားများ လက်ခံနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



# ရှမ်းပြည်နယ် တောင်ကြီးမြို့မှာ စားသောက်ကုန်၊ လူသုံးကုန်နဲ့ အလှကုန်များ ဓာတ်ခွဲစမ်းသပ်နိုင်ပြီ

ရှမ်းပြည်နယ် တောင်ကြီးမြို့မှာ စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်စွည်းများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ပြီဖြစ်ကြောင်း အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးရဲ့ ပြောပြချက်အရ သိရပါတယ်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲတွင် လုပ်ငန်းမှတ်ပုံတင်ရာ၌ မဖြစ်မနေ စမ်းသပ်ဆောင်ရွက် ပေးလျက်ရှိသော ကုန်ပစ္စည်းများမှာ- ဖျော်ရည်၊ ယိုစုံ၊ ဂျယ်လီ၊ စားဆီနဲ့ ဆီထွက်စားသောက်ကုန်များ၊ (အာလူးကြော်၊ အသားခြောက်ကြော်)၊ လက်ဖက်၊ ငါးပိ၊ နို့နဲ့နို့ထွက်ပစ္စည်းများ၊ ရေသန့်၊ အလှကုန်နဲ့ လူသုံးကုန် များဖြစ်ကြောင်းသိရပါတယ်။

စမ်းသပ်စစ်ဆေးရာမှာ ဓာတုဗေဒပစ္စည်းနဲ့ ဓာတ်ခွဲခန်းအတွက် ကုန်ကျစရိတ်ကို ပေးသွင်းရမှာဖြစ်ပြီး စစ်ဆေးသည့် ကုန်ပစ္စည်းအလိုက် အနည်းဆုံး ၂၅၀၀၀(ကျပ်နှစ်သောင်းငါးထောင်)မှ အများဆုံး၄၅၀၀၀(ကျပ်လေးသောင်းငါးထောင်)ခန့် ဖြစ်ပြီး ပညာရှင်ကြေးနဲ့ စမ်းသပ်ခမှာ အခမဲ့ဖြစ်ကြောင်းသိရှိရပါတယ်။ အသေးစိတ်သိရှိလိုပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်း၀၈၁-၂၀၆၈၂၉၊ ၀၉၄၂၀၇၃၀၁၃၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရပါတယ်။

**မင်းအောင်(တောင်ကြီး)**

# ထားဝယ်-ထီးခီးလမ်းသည် မြန်မာ-ထိုင်းနှစ်နိုင်ငံရဲ့ အရေးကြီးကုန်သွယ်မှု လမ်းကြောင်းတစ်ခုဖြစ်

ထီးခီးကုန်သွယ်ရေးစခန်းသည် ထားဝယ်မြို့နှင့် မိုင် ၉၀ ခန့်ကွာဝေးပြီး၊ မတ်စောက်သည့် တောင်ဆင်း၊ တောင်တက်မြေသားလမ်းများသာဖြစ်သဖြင့် ကုန်တင်ယာဉ်ကြီးများ သွားလာနိုင်ခြင်းမရှိသေးဘဲ Hilux ၊ Vigo စသည့် Pick Up ကားငယ်များနှင့်သာ ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။ ထားဝယ်-ထီးခီးလမ်းပိုင်းမိုင် ၉၀ တွင် ထားဝယ်မှ မေတ္တာအထိ ၃၄ မိုင်ခန့်သာ ရွာခြေစိတ်ပြီး လူနေထိုင်မှုများခြင်း၊ မေတ္တာမှ ထီးခီးအထိ ၅၆ မိုင်ခန့် လမ်းပိုင်းတွင် ရွာခြေနည်း၍ လူနေထိုင်မှုကျဲပါးခြင်းတို့ကြောင့် ဒေသတွင်း ကုန်သွယ်မှု မဖွံ့ဖြိုးသေးခြင်း၊ လူဦးရေထူထပ်သည့် ထားဝယ်မြို့အပါအဝင်ယင်းနှင့် ဆက်စပ်နေသော မြို့ရွာများအတွက် လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ ဒီဇယ်နှင့် ဓာတ်ဆီများကို ကော့သောင်းနှင့် မြိတ်တို့မှ တစ်ဆင့်ပင်လယ်ပြင်မှ စက်လှေများဖြင့် လည်းကောင်း၊ မော်လမြိုင်မှ မော်တော်ယာဉ်များနှင့်လည်းကောင်း တင်သွင်းလျက်ရှိပါသည်။

ထီးခီးကုန်သွယ်ရေး စခန်းအနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေး စီမံကိန်းအတွက် လုပ်ငန်းသုံး ပစ္စည်းများအား ထီးခီးနယ်စပ်မှတင်သွင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းသုံး ယာဉ်/ ယန္တရားများ တင်သွင်းခွင့်ရရှိချိန်တွင် လုပ်ငန်းသုံးယာဉ်ငယ်အများအပြားတင်သွင်းနိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏလျာထားချက် ပြည့်မီကျော်လွန်ခဲ့ပါသည်။

သို့သော် လုပ်ငန်းသုံးယာဉ်/ ယန္တရားများအား မြဝတီ၊ မူဆယ်နှင့် တာချီလိတ် ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းခွင့် ပြုထားသော်လည်း ထီးခီးနယ်စပ်မှ တင်သွင်းခွင့်မရရှိသေးသဖြင့် အခြားအမယ်များ တိုးမြှင့်တင်သွင်းနိုင်ရန် ကြိုးပမ်းစည်းရုံး ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ ထို့ပြင် ရေနက်ဆိပ်ကမ်း-ထားဝယ်-ထီးခီးလမ်းပိုင်းကို လေးလမ်းသွားနိုင်လွန် ကတ္တရာလမ်း ဖောက်လုပ်၍ ယင်းလမ်းပိုင်းမှ မတ်စောက်သည့် တောင်ကုန်းများတွင် ဥမင်များဖောက်လုပ်ရန် လျာထားသည့် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိသည်ဟု ထီးခီးကုန်သွယ်ရေးစခန်းမှ သိရှိရပါသည်။ အဆိုပါ စီမံကိန်းပြီးစီးပါက ထားဝယ်-ထီးခီးလမ်းသည် မြန်မာ-ထိုင်းနှစ်နိုင်ငံ၏ အရေးကြီး ကုန်သွယ်မှုလမ်းကြောင်းအဖြစ် ပေါ်လာမည်ဖြစ်ပြီး ထီးခီးကုန်သွယ်ရေးစခန်းသည်လည်း အချက်အချာကျသည့် ကုန်သွယ်မှုမြင့်မားသည့် ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်လာနိုင်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်အေး**

# တရုတ်နယ်စပ်မှ တစ်သျှူးငှက်ပျော တန် ၃၀၀၀ ကျော်တင်ပို့

မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျော ၂၉၂၅ တန်ကျော်နဲ့ လွယ်ဂျယ်စခန်းမှ ၂၉၄ တန်၊ စုစုပေါင်း တစ်သျှူးငှက်ပျော ၃၂၁၉ တန်ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၁ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ ကန်ပိုက်တီးစခန်းမှ တစ်သျှူးငှက်ပျော ၉၇၅ တန်ကျော်နဲ့ လွယ်ဂျယ်မှ ၉၅ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ မေတစ်လလုံးမှာ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၂၁ သန်း တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၁၄၇၀၀ တန်နဲ့ လွယ်ဂျယ်စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၇ သန်း တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၁၇၁၅ တန်ခွဲကျော် တင်ပို့ထားတယ်လို့သိရှိရပါတယ်။

**မြင့်မြင့်မာ**

# မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်၊ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ မေ ၂၈ ရက်မှ ဇွန် ၃ ရက်အတွင်းကန်ဒေါ်လာ၄ ဒသမ ၈၂၈သန်းတန်ဖိုးရှိ ရေထွက်ကုန် တန် ၅၀၁၀ ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၁၉၁၇ တန်ကျော်ပိုမိုတင်ပို့ခဲ့ပါတယ်။

မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၆၁ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၈၄ တန်ကျော်၊ ကဏန်း ၃၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၁၀ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၅၃၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၂၀၅၈ တန်ကျော်၊ အခြားရေထွက်ပစ္စည်း ၁၅၅ တန်ကျော်၊ ကင်းမွန် ၄၈ တန်ကျော်၊ ပုစွန် ၂ တန်ကျော်နဲ့ ကဏန်း ၉ တန်ကျော်တင်ပို့ခဲ့ ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၈၀၄ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၃ ဒသမ ၁၃၀ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၁၈၆၇ တန်ကျော်၊ ငါးမှုန့် ၆၅၉ တန်ကျော်၊ အေးခဲကဏန်းပျော့ ၅၈ တန်၊ အေးခဲပုစွန် ၃၁ တန်ကျော်၊ ရေခန်ပုစွန် ၂၃ တန်ကျော်၊ အေးခဲ ကင်းမွန် ၁၁ တန်ကျော်၊ ငါးခြောက် ၅ တန်ကျော်၊ ပုစွန်ခြောက် ၁ တန်ကျော်၊ ကင်းမွန် ၃ တန်ကျော်နဲ့ ကဏန်းသေး (အသေ) ၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ၁၁၀၂ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**

# မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးသီးခြောက် တန် ၁၀၀၀ ကျော်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၈၈ သန်း တန်ဖိုးရှိ ဆီးသီးခြောက် ၁၁၃၀ တန်ကျော်နဲ့ ဆီးဆန် ၁၇ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင် သီတင်းပတ်က ဆီးသီးခြောက် တင်ပို့နိုင်ခြင်းမရှိသည့်အတွက် ယခု သီတင်းပတ်မှာတော့ ဆီးသီးခြောက် တန် ၁၀၀၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခင် သီတင်းပတ်က မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆီးဆန် ၄၇ တန်သာတင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ ဆီးဆန် ၂၉ တန်ကျော်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေ ကုန်သွယ်ရေးစခန်းကတော့ ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်းတန်ဖိုး ရှိဆီးသီးခြောက်၁၂တန်နဲ့ ဆီးဖတ် ၁၉ တန် တင်ပို့ ခဲ့ပါတယ်။

စစ်တွေ ကုန်သွယ်ရေးစခန်းမှ ယခင် သီတင်းပတ်က ဆီးသီးခြောက် ၂၃ တန် တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ ဆီးသီးခြောက် ၁၁ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

**တင်တင်ထွန်း**

# တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံးကာလထက်ရောယမန်နှစ်ကာလတူထက်ပါ ပို့ကုန်ပိုမို

မြန်မာ- ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ် မေအတွင်း ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ ကန်ဒေါ်လာ ၁ ဒသမ ၆၆၀ သန်းဖြစ်ပြီး အနီးစပ်ဆုံး ကာလထက် ကန်ဒေါ်လာ ၁ ဒသမ ၁၇၈ သန်း၊ ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ သုည ဒသမ ၁၂၃ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက် ပို့ကုန်ပိုမိုရခြင်းမှာ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ ပိုမိုတင်ပို့နိုင်၍ဖြစ်ပြီး ယမန်နှစ်ကာလတူထက် ပို့ကုန်ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်၊ သစ်တောထွက်ကုန်နဲ့ အခြားတို့ ပိုမိုတင်ပို့နိုင်၍ ဖြစ်ပါတယ်။

တာချီလိတ် ကုန်သွယ်ရေးစခန်းရဲ့ မေလအတွင်း အများဆုံးတင်ပို့နိုင်တဲ့ ပစ္စည်းများမှာ ကြက်သွန်နီ၊ ဂန္ဓမာပန်းခြောက်၊ ရော်ဘာစိမ်း၊ လက်ဖက်ခြောက်၊ ကြက်သွန်ဖြူ၊ သစ်ခေါက်၊ သတ္တုနဲ့ သတ္တုရိုင်းများ၊ တံမြက်စည်းမွှေးနဲ့ အခြားပစ္စည်းများ ဖြစ်ပါတယ်။ ရော်ဘာစိမ်းနဲ့ ဂန္ဓမာပန်းခြောက်တို့မှာ တစ်ဖက်နိုင်ငံ ဝယ်လိုအားရှိသော်လည်း ယခင်က ပစ္စည်းစုဆောင်းမရရှိသဖြင့် တင်ပို့နိုင်ခြင်းမရှိဘဲ ယခုလမှ စုဆောင်းရရှိခဲ့သဖြင့် တင်ပို့နိုင်တာဖြစ်ပြီး သစ်ခေါက်တင်ပို့မှုမှာ ဧပြီလက သစ်တောခွင့်ပြုချက်မရရှိ၍ တင်ပို့နိုင်ခြင်းမရှိဘဲ ယခုလမှ ခွင့်ပြုချက်ရ၍ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

**ခင်မြနွယ်**

# ထီးခီးကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံးကာလထက်ရောယမန်နှစ်ကာလတူထက်ပါ ပို့ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိထီးခီးကုန်သွယ်ရေးစခန်းမှ၂၀၁၆ ခုနှစ် မေလအတွင်း ပို့ကုန် ကန်ဒေါ်လာ ၂ ဒသမ ၁၄၃ သန်း ဆောင်ရွက်နိုင်သဖြင့် လျာထားချက် ကန်ဒေါ်လာ သုည ဒသမ ၃၀၀ သန်း ထက်သာလွန်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက် ကန်ဒေါ်လာ ၁ ဒသမ ၇၆၂ သန်းပိုမိုပြီး ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၂ ဒသမ ၁၀၈ သန်းပိုမိုခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက် ငါးမျိုးစုံနဲ့ Draw Back ဖြင့် ယာဉ်/ယန္တရားတို့ ပိုမိုတင်ပို့ခဲ့၍ဖြစ်ပြီး ယမန်နှစ်ကာလတူထက် ပိုမိုရခြင်းမှာ ငါးအမျိုးမျိုး၊ အုန်းသီး၊ တညင်းသီး၊ ကျောက်မီးသွေးနဲ့ Draw Back စနစ်ဖြင့် ယာဉ်/ယန္တရား ပိုမိုတင်ပို့ခဲ့၍ဖြစ်ပါတယ်။

ထီးခီးကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ် မေလအတွင်းအများဆုံး တင်ပို့နိုင်တဲ့ ပစ္စည်းများမှာ အုန်းသီး၊ ဒညင်းသီး၊ ငါးမျိုးစုံ၊ ယာဉ်/ယန္တရားများ၊ ကျောက်မီးသွေးတို့ဖြစ်ပါတယ်။

**ခင်မြနွယ်**

# ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တန် ၂၀၀ ကျော်တင်ပို့

မေ ၁ ရက်မှ ၃၁ ရက်အထိကာလအတွင်း မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ထိုင်းနိုင်ငံသို့ ကန်ဒေါ်လာ သုည ဒသမ ၁၀၂ သန်းတန်ဖိုးရှိ လက်ဖက်ခြောက် ၂၆၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်များ ပုံမှန်တင်ပို့မှု ရှိနေပြီး မြန်မာနိုင်ငံတွင် လက်ဖက်ကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးကာ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချတယ်လို့ သိရပါတယ်။

**မြင့်မြင့်မာ**

# ထိုင်းနိုင်ငံမှာ ကျင့်သုံးနေတဲ့ သွင်းကုန်လိုင်စင်စနစ်များ

ချိုသက်မူ

**(ယခင်တစ်ပတ်မှအဆက်)**

Copyright ကို ချိုးဖောက်ခြင်းမှ ကာကွယ်ဖို့ Discs videos များမိတ္တူကူးနိုင်တဲ့ စက်များတင်သွင်းခွင့်လိုင်စင်ကို ဉာဏပစ္စည်း မူပိုင်ခွင့်ဌာနမှ ခွင့်ပြုပေးတာဖြစ်ပြီး သံကြိုးလွှတင်သွင်းဖို့အတွက် တရားမဝင်သစ်ခုတ်ခြင်းမှ ကာကွယ်ဖို့ ဘုရင့်သစ်တောဌာနက ထုတ်ပေးပါတယ်။

ဆက်စပ်ဥပဒေများနဲ့ စည်းမျဉ်းများကို မှန်ကန်စွာ လိုက်နာ စေဖို့ တားမြစ်ကုန်စည်များနဲ့ ကန့်သတ်ကုန်စည်များ တင်သွင်းတင်ပို့မှုကို ဖမ်းဆီးခြင်း၊ ဟန့်တားခြင်းများအတွက် အကောက်ခွန်ဌာနက တာဝန်ယူတယ်လို့ သိရပါတယ်။ ဒ့ါအပြင် အခြားဆက်စပ်ဌာနများရဲ့ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများအရ ထိန်းချုပ်တဲ့ ကုန်စည်များလည်း ရှိပါသေးတယ်။ ဝန်ကြီးဌာနအလိုက် ထိန်းချုပ်တဲ့ ကုန်ပစ္စည်းများကို အသေးစိတ်တင်ပြရမယ်ဆိုရင် -

- စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာန(Ministry of Agriculture and Cooperatives)၊ စိုက်ပျိုးရေးဌာန(Department of Agriculture) မှ ထိန်းချုပ်တဲ့ သွင်းကုန်တွေကတော့ ဓာတုဓာတ်မြေသြဇာ၊ ထိန်းချုပ်အပင်၊ ဘေးအန္တရာယ်ရှိပစ္စည်းများနဲ့ မျိုးစေ့တို့ဖြစ်ပါတယ်။ ထိန်းချုပ်တဲ့ အဓိကရည်ရွယ်ချက်ကတော့ အပင်၊ တိရစ္ဆာန်၊ မြေဆီနဲ့ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်တဲ့ ပစ္စည်းများ ဝင်ရောက်ခြင်းမှ ကာကွယ်ဖို့အတွက် ဖြစ်ပါတယ်။
- ဓာတုဓာတ်မြေသြဇာနဲ့ပတ်သက်လို့ လိုင်စင်လိုအပ်ကြောင်းကို the Fertilizer Act B.E. 2518 အရပြဌာန်းထားတာ ဖြစ်ပါတယ်။ ဘယ်နိုင်ငံကမဆို တင်သွင်းတဲ့ ဓာတုဓာတ်မြေသြဇာအားလုံးအတွက် ပါမစ်လိုအပ်ပြီး ထိုင်းနိုင်ငံအတွင်းမှာနေထိုင်တဲ့ လူပုဂ္ဂိုလ်၊ ကုမ္ပဏီနဲ့ အဖွဲ့အစည်းများအနေနဲ့ပါမစ်ရရှိသူမှသာလျှင် လိုင်စင်လျှောက်ထားနိုင်မယ်လို့ သိရပါတယ်။ လိုင်စင်လျှောက်ထားဖို့ လိုအပ်တဲ့အထောက်အထားများအနေနဲ့ ID card passport မိတ္တူ၊ စီးပွား/ကူးသန်းမှ commercial registration မိတ္တူ၊ လိုင်စင်စနစ် စည်းကမ်းချက်များ၊ စိုက်ပျိုးရေးဌာနမှ အသိအမှတ်ပြု လက်မှတ်များနဲ့ တကွ DOA ကို လျှောက်ထားရမှာဖြစ်ပါတယ်။ လိုင်စင်သက်တမ်းကတော့ တစ်နှစ်ဖြစ်ပြီး သက်တမ်းမကုန်မီကာလအတွင်း သက်တမ်းတိုးနိုင်တယ်လို့ သိရပါတယ်။ လိုင်စင်ကြေးကတော့ ဘတ် ၁၀၀၀ (ကန်ဒေါ်လာ-၂၉)သတ်မှတ်ထားပြီး လိုင်စင်ရရှိဖို့ ကြိုတင်ငွေ ပေးချေဖို့မလိုဘူးလို့လည်း ဖော်ပြထားပါတယ်။ လိုင်စင်လျှောက် ထားလုပ်ငန်းစဉ်များကို DOA ဌာနတစ်ခုတည်းကပဲ စီမံကွပ်ကဲပြီး ၅ ရက်မှ ၁၀ ရက်ခန့်အထိ အချိန်ပေးရတယ်လို့ ဖော်ပြထားပါတယ်။ အကယ်လို့ စံချိန်စံညွှန်းသတ်မှတ်ထားခြင်းမရှိတဲ့ ဓာတုဓာတ်မြေသြဇာ တင်သွင်းဖို့ဆိုရင် ဖော်မြူလာအတွက် တရားဝင်မှတ်ပုံတင် အရင်ဆုံးလျှောက်ထားရမှာဖြစ်ပြီး အဲဒီ chemical fertilizer formula အသိအမှတ်ပြုလက်မှတ်ရရှိပြီးမှသာ တင်သွင်းခွင့်ရရှိမှာ ဖြစ်ပါတယ်။

အဲဒီ ဖော်မြူလာမှတ်ပုံတင် တစ်ခုစီအတွက် ကြာချိန်က ၇ ရက်မှ ၃၅ ရက်အထိ ဖြစ်ပြီး မှတ်ပုံတင်ကြေးက ဘတ် ၁၀၀၀ (ကန်ဒေါ်လာ-၂၉ ) ဖြစ်ပါတယ်။ မှတ်ပုံတင်သက်တမ်းကတော့ ၃ နှစ်ဖြစ်ပြီး မှတ်ပုံတင်လျှောက်ထားရာမှာ ပါဝင်ရမယ့် အထောက်အထားများကတော့

- ဓာတုဓာတ်မြေသြဇာအမည်
- မှတ်ပုံတင်မယ့်ဓာတ်မြေသြဇာနမူနာ (ပမာဏအားဖြင့် ကီလို ၅၀ ထက်မနည်း)
- ပါဝင်ပစ္စည်းအမည်များနှင့်ပမာဏ
- သြဇာဓာတ်သတ်မှတ်ပမာဏ
- ဆင့်ပွားနှင့်ဇာစ်မြစ်သဘာဝအင်အားစု အမျိုးအစားနှင့်ပမာဏ
- ထုပ်ပိုးသည့်အရွယ်၊ ထုပ်ပိုးမှုအမျိုးအစား
- ထုတ်လုပ်သူအမည်နှင့် ထုတ်လုပ်သည့်နေရာ
- သရုပ်ခွဲမှုနည်းပညာ(analytical method)
- ထုတ်လုပ်မှုနည်းလမ်းအကျဉ်းချုပ်ရှင်းလင်းချက်
- အမှတ်တံဆိပ်
- လက်ကမ်းစာဆောင်
- အစိုးရဓာတ်ခွဲခန်းမှ အစီရင်ခံစာ
- လက္ခဏာနှင့် ဂုဏ်သတ္တိအသေးစိတ်

(ဆက်လက်ဖော်ပြပါမည်)

# TPP နှင့် EU-Vietnam FTA များကြောင့် တွေ့ကြုံလာနိုင်သည့် စိန်ခေါ်မှုများနှင့် အာဆီယံအဖွဲ့ဝင် LDC နိုင်ငံများရဲ့ ယှဉ်ပြိုင်စွမ်းအား

**(ယခင်တစ်ပတ်မှ အဆက်)**

**မြန်မာနဲ့ အီးယူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် ချုပ်ဆိုရန်ကိစ္စနဲ့ အခြားဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ**

မြန်မာနဲ့ ဥရောပသမဂ္ဂတို့ အနေနဲ့ နှစ်နိုင်ငံ Bilateral Investment Protection Agreement (IPA) ချုပ်ဆိုနိုင်ရေး အတွက် ၂၀၁၄ ခုနှစ်၊ မတ်လမှ စပြီး ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ အီးယူအနေနဲ့အဆိုပါ IPA ချုပ်ဆိုရန် လေ့လာ ဆန်းစစ်မှုအား စီးပွား ရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့် အရေးဆိုင်ရာ ထိခိုက်နိုင်မှုများအပေါ် အခြေခံ ကာ Qualitative နှင့် Quantitative Research နည်းလမ်းများဖြင့် လေ့လာ ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။

မြန်မာနဲ့ အီးယူတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများဟာ ၂၀၁၃ ခုနှစ် မှာ အီးယူ မှ မြန်မာနိုင်ငံအား GSP အခွင့်အရေး ပြန်လည် ပေးအပ်ခဲ့သည့်အချိန်မှစပြီး ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ မြန်မာအနေနဲ့ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားတို့နဲ့လက်ရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများမှာ သဘောတူညီချက်များ ဆောင်ရွက်လျက်ရှိတာကို တွေ့မြင်ရသော်လည်း အီးယူ ရင်းနှီးမြှုပ်နှံမှုများအနေနဲ့ဥပဒေအရကာကွယ်ရရှိနိုင်ရေးအတွက် စဉ်းစားသုံးသပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ယခုအခါ မြန်မာနဲ့ အီးယူတို့ရဲ့ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်အရ အကျိုးသက်ရောက်မှုများဆိုင်ရာ လေ့လာ ဆန်းစစ်ချက်(မူကြမ်း) အား ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံ အနေနဲ့ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျတို့နဲ့ FTA လွတ်လပ်စွာ ကုန်သွယ်မှုဒေသမှာ ပါဝင်လျက်ရှိပြီး ယခုအခါ ၎င်းနိုင်ငံများပါဝင်တဲ့ ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် Regional Comprehensive Economic Partner ship အတွက် ဆွေးနွေးညှိနှိုင်းလျက်ရှိပါတယ်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေနဲ့ အဓိကအထည်ချုပ် ပို့ကုန်နိုင်ငံများဖြစ်တဲ့ EU နဲ့ သာမကအခြား အမေရိကန်၊ ကိုရီးယား၊ ဂျပန် စသည့် နိုင်ငံများနဲ့ နှစ်နိုင်ငံအထည်ချုပ်နှင့် အဝတ်အထည်ဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးရန် လို/ မလိုကို ဆွေးနွေး သုံးသပ်ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

**Myanmar Garment Sub-Sector Value Chain Analysis (2015) အရ**

**မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း၏ အခြေအနေ**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ ILO နဲ့ EMC (Emerging Markets Consulting)တို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ထုတ်ဝေခဲ့တဲ့ မြန်မာ့ အထည်ချုပ်လုပ်ငန်း တန်ဖိုး ကွင်းဆက် လေ့လာမှု (၂၀၁၅) အရ မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍအား ဒေသတွင်း နိုင်ငံများနဲ့ နှိုင်းယှဉ်လေ့လာပါက အောက်ပါအတိုင်း တွေ့ရှိရမှာဖြစ်ပါတယ်-

| စဉ် | အကြောင်းအရာ | မြန်မာ | ဘင်္ဂလားဒေ့ရှ် | ကမ္ဘောဒီးယား | တရုတ် |
|---|---|---|---|---|---|
| ၁ | ပို့ကုန်တန်ဖိုး | ၅၀၀ ဒေါ်လာသန်း | ၁၉ . ၉ ဒေါ်လာဘီလီယံ | ၄. ၄၄၅ ဒေါ်လာသန်း | ၁၅၃. ၂၁၉ ဒေါ်လာ ဘီလီယံ |
| ၂ | စက်ရုံအရေအတွက် | ၂၁၀ | ၃၂၀၀ | ၄၄၇ | ၁၀၀၀၀၀ |
| ၃ | ထုတ်လုပ်နိုင်မှု အရည်အသွေး | အဆင့်မြင့်အားကစားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ၊ ရှပ်အင်္ကျီ | ဇာထိုးထည်၊ ဂျင်းအင်္ကျီ၊ ကလေးအင်္ကျီ | ရှပ်အင်္ကျီ၊ ဖိနပ် | ထုတ်ကုန် အမျိုးမျိုး |
| ၄ | ပို့ကုန်တင်ပို့သည့် အရပ် (ဒေသ) | ဂျပန် ၄၅. ၄% ကိုရီးယား ၃၀. ၃ တစ်ကမ္ဘာလုံး | တစ်ကမ္ဘာလုံး | တစ်ကမ္ဘာလုံး | တစ်ကမ္ဘာလုံး |
| ၅ | လုပ်သား ကျွမ်းကျင်မှု | အရည်အသွေး ကောင်းမွန် | အခြေခံကျွမ်းကျင်မှုရှိ | လူဦးရေအရ လုပ်သားရရှိမှု အကန့်အသတ်ရှိ | CMP အထည်ချုပ် လုပ်ငန်းလုပ်အားရရှိရန် ဆွဲဆောင်မှု ခက်ခဲ |
| ၆ | အခြေခံလုပ်ခ နှုန်းထား | တစ်လပျမ်းမျှ အမေရိကန်ဒေါ်လာ (၆၀) (အချိန်ပိုကြေးပါ) | တစ်လဒေါ်လာ (၆၈) (အခြေခံ လုပ်ခနှုန်းထား) | တစ်လဒေါ်လာ (၈၀) | တစ်လဒေါ်လာ (၁၉၅-၂၂၈) (အခြေခံ နှုန်းထား) |
| ၇ | UK သို့ တင်ပို့ရန် သင်္ဘောတင်ရက် | ၃၀ ရက် (+ ၁၀ ရက်) | ၃၀ မှ ၃၅ ရက် | ၂၈ ရက် | ၃၅ ရက် |
| ၈ | စွန့်စားရမှု | အလုပ်သမား အားနည်းချက်ရှိပြီး စက်ရုံများမှာ စံချိန်စံညွှန်းဆိုင်ရာ ကိစ္စများနဲ့ အကျွမ်းတဝင်မရှိ | ဥပဒေ၊ နည်းဥပဒေ စံချိန်စံညွှန်းများ သိရှိသော်လည်း အကောင်အထည်ဖော်မှုမရှိ | အလယ်အလတ် မှ အဆင့်မြင့် အဆင့်ရှိ | အလယ်အလတ် မှ အဆင့်မြင့် အဆင့်ရှိ |
| ၉ | အရည်အသွေးနှင့် စွမ်း ဆောင်ရည် | အလယ်အလတ်အဆင့် စီမံခန့်ခွဲမှု ကျွမ်းကျင် အရေအတွက် နည်းပါး | အလယ်အလတ်အဆင့် စီမံခန့်ခွဲသူပေါ်များသော်လည်း ကျွမ်းကျင်မှုနိမ့် | စီမံခန့်ခွဲမှု ကျွမ်းကျင်သူအများစုမှာ နိုင်ငံခြားသားများဖြစ် | ကျွမ်းကျင်မှု အဆင့်မြင့်မား အရည်အသွေး ကောင်းမွန် မြင့်မား |

(ဆက်လက်ဖော်ပြပါမည်) L Myo Zaw

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် ကုန်စည်နှင့် ဝန်ဆောင်မှုကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်းကြား ပြဿနာဖြေရှင်းခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ကုန်စည်နှင့် ဝန်ဆောင်မှု ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်းကြား အင်တာနက် အသုံးပြု၍ ပြဿနာဖြေရှင်းခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံ ဆွေးနွေးပွဲကို ဇွန် ၉ ရက်က နေပြည်တော်ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။



အမြဲတမ်းအတွင်းဝန်က အမှာစကား ပြောကြားရာတွင် ကုန်စည်နှင့်ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်းကြား အင်တာနက်အသုံးပြု၍ ပြဿနာဖြေရှင်းခြင်းနှင့်စပ်လျဉ်းသည့် ပြည်တွင်းအလုပ်ရုံဆွေးနွေးပွဲကို လာရောက်ကျင်းပပေးသော EU-ARISE မှ တာဝန်ရှိသူများ၊ ပူးပေါင်း ကူညီဆောင်ရွက်ပေးသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ASEAN Solutions for Investments, Services and Trade-ASSIST လုပ်ငန်းစဉ် တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူညီချက် -ATIGA အောက်တွင် လိုက်ပါဆောင်ရွက်ရမည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများကို အာဆီယံဒေသအတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရန်ဖြစ်ကြောင်း၊ အာဆီယံဒေသအတွင်းမှာရှိသည့် လုပ်ငန်းရှင်များ အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်းကြား ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်သွယ်မှုပြုလုပ်ရာမှာ ကြုံတွေ့ရသည့် ကုန်သွယ်မှုဆိုင်ရာ ပြဿနာများကို ဒီ Website ကနေ အခမဲ့ ဖြေရှင်းဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ASSIST က ASEAN Trade Repository ကို သွားရောက်ချိတ်ဆက်ခြင်းဖြစ်ပြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် နိုင်ငံအလိုက်တည်ထောင်ထားကြသည့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက် ဘဏ္ဍာတိုက် (National Trade Portal) ကို ချိတ်ဆက်ထားခြင်းဖြစ်ကြောင်း၊ ဒါ့ကြောင့် အာဆီယံဒေသတွင်းမှာရှိသည့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ကုန်စည်ကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများတွင် တွေ့ကြုံရသည့် ပြဿနာများကို အချိန်တိုအတွင်းမှာ ရှာဖွေဖော်ထုတ်နိုင်မှာဖြစ်သည့်အတွက် အထူးပင်အကျိုးရှိမှာ ဖြစ်ပါကြောင်း၊ သတင်းအချက်အလက်နည်းပညာဖွံ့ဖြိုး တိုးတက်လျက်ရှိသည့် ယနေ့ စီးပွားရေးဆောင်ရွက်မှုများမှာ မြန်မာနိုင်ငံအနေဖြင့် ယခုလို အာဆီယံဒေသတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများမှာ လိုက်ပါနိုင်ရေး EU-ARISE တို့လို Development Partners များ၏ ကူညီဆောင်ရွက်ပေးမှုဖြင့် ကုန်သွယ်ဖက်နိုင်ငံများ အချင်းချင်းကြား အခက်အခဲများကို အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် လွယ်လင့်တကူ အဖြေရှာဖွေ ဆောင်ရွက်ပြီးစီးနိုင်မှာ ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုဆိုသည့် ခေါင်းစဉ်အောက်မှာ ကုန်စည်အမျိုးအစားအလိုက်၊ ဝန်ဆောင်မှုကဏ္ဍအလိုက်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးမျိုးအလိုက် တာဝန်ယူကြရသည့် ဌာနများမှ သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများ မတူကြသည့်အတွက် တက်ရောက်လာသည့် ဌာနများအနေဖြင့် မိမိတို့က မည်ကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည်ကို သိရှိနားလည်ရန် လိုအပ်ပါကြောင်း၊ လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လိုက်လျောညီထွေ လိုက်ပါဆောင်ရွက်နိုင်မှု ရှိ/မရှိ ကိုလည်း သုံးသပ်ရမှာဖြစ်ပါကြောင်း၊ သို့ပါ၍ တက်ရောက်လာသည့် ဌာနများအနေဖြင့် ဘာသာရပ်အသစ်၊ အကြောင်းအရာအသစ်ဖြစ်နေခြင်းကို သေသေချာချာ သိနားလည်အောင် တက်ကြွစွာ ပါဝင်ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် အစိုးရဌာနများမှ ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ၊ EU-ARISE မှ ကျွမ်းကျင်ပညာရှင်များ၊ စုစုပေါင်း ၅၀ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

# မန္တလေး၊ မဟာအောင်မြေမြို့နယ်တွင် ယှဉ်ပြိုင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ယှဉ်ပြိုင်မှု မူဝါဒဌာနခွဲ၏ ယှဉ်ပြိုင်မှု မူဝါဒနှင့်ဥပဒေ၏ အကျိုးကျေးဇူးများ နှင့် စိန်ခေါ်မှုများကို ပုဂ္ဂလိကကဏ္ဍသို့ အသိပညာ ဖြန့်ဝေပေးရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနနှင့်ဖရက်ဒရစ်နော်မန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ယှဉ်ပြိုင်မှုဆိုင်ရာ ပြည်တွင်းအလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၇ ရက်က မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ Hotel Hazel Ball Room ၌ ကျင်းပခဲ့ပါသည်။




အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ ညွှန်ကြားရေးမှူး ဦးမင်းအောင်အေး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်လင်းဇော်၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ စံပယ်ကြည်မောင်၊ မန္တလေးမြို့ ပို့ကုန်သွင်းကုန်ရုံးတာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးမင်းထွန်း၊ ဌာနဆိုင်ရာများ၊ ဖရက်ဒရစ်နော်မန်ဖောင်ဒေးရှင်းမှ ဒေါ်နွေးနွေးစိုး၊ ဩစတြေးလျနိုင်ငံမှ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင် Mr.Stewart၊ ထိုင်းနိုင်ငံမှ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင် Dr.Pornchai၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ယခင်ယှဉ်ပြိုင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် တစ်ကြိမ်၊ ရန်ကုန်တွင် တစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ယခုမန္တလေးမှာ ပထမဆုံးအကြိမ် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့်သက်ဆိုင်ရာနိုင်ငံများအလိုက် ယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းဆောင်ရွက်ရန် ကတိကဝတ်ပြုထားပါကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့်လည်း ယှဉ်ပြိုင်မှုဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ၂၀၁၁ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ အာဆီယံနိုင်ငံများမှာ ကမ္ဘောဒီးယားနိုင်ငံမှလွဲ၍ ကျန်နိုင်ငံများအားလုံးသည် ယှဉ်ပြိုင်မှုဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ၎င်းဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းသာမက လိုက်နာရမည့် စီးပွားရေးလုပ်ငန်းရှင်များ ဘက်ကပါ ၎င်းဥပဒေကို လိုက်နာဆောင်ရွက်ရန် အဆင်သင့်မဖြစ်သေးသောကြောင့် ၎င်းဥပဒေကို နှစ်နှစ်ပြင်ဆင်ချိန် သတ်မှတ်ပြီး ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်အာဏာအသက်ဝင်မှာဖြစ်ပါကြောင်း၊ ၎င်းကြားကာလပြင်ဆင်ချိန်အတွင်းတွင် ယှဉ်ပြိုင်မှုနည်းဥပဒေရေးဆွဲရေးနှင့် ယှဉ်ပြိုင်မှုအာဏာပိုင်အဖွဲ့အစည်း ဖွဲ့စည်းရေးအတွက်ကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ပြုလုပ်သည့် ယှဉ်ပြိုင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ

စာမျက်နှာ ၁၉ သို့

# Rangoon Tea House က မြန်မာ့ရိုးရာအစားအစာများကို ပိုမိုထူးခြားကောင်းမွန်သည့် ပုံစံဖြင့် မိတ်ဆက်



ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်းတွင်ဖွင့်လှစ်ထားသည့် Rangoon Tea House မှမြန်မာ့ရိုးရာအစားအစာများကို ပိုမိုထူးခြားကောင်းမွန်သည့် ပုံစံများဖြင့် မိတ်ဆက်လိုက်ပြီဖြစ်သည်။

Rangoon Tea House သည် မြန်မာနိုင်ငံအနှံ့အပြားမှ ထင်ရှားသည့် အစားအသောက်ငါးမျိုးကို ၎င်း၏မီနူးအသစ်တွင် ထပ်မံဖြည့်တင်းလိုက်ခြင်းဖြစ်သည်။

အဆိုပါအစားအသောက်ငါးမျိုးမှာ လတ်ဆတ်သည့်ပုဇွန်အကင်နှင့်ရေဘဝဲတို့ဖြင့် ပြင်ဆင်ထားသည့် ရခိုင်ထမင်းကြော်၊ အိန္ဒိယနှင့်မြန်မာပုံစံပြုလုပ်ထားသည့်အာလူးကက်သလိတ်ကြော်၊ပြောင်ရမ်းအစပ်ကြက်သားကင်၊ ကဏန်းပျော့ကို ရှမ်းပြည်နယ်ထွက် ခရမ်းချဉ်သီး၊ ငရုတ်သီး၊ သံပုရာသီးတို့ဖြင့် မွှမ်းမံထားသည့် ကဏန်းကြွပ်ကြော်၊ အိမ်ချက်အရသာအတိုင်းချက်ပြုတ်ထားသည့် ပုစွန်ဖက်ထုပ်တို့ပင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Rangoon Tea House ကို နေ့စဉ် နံနက် ၆နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ထားပြီး လက်ဘက်ရည်တစ်ခွက်လျှင် ကျပ် ၁၅၀၀၊ အဆာပြေမုန့်တစ်ပွဲလျှင် ကျပ် ၂၅၀၀ နှင့် အဓိကဟင်းလျာတစ်ပွဲလျှင် ကျပ် ၃၀၀၀ စသည့်ဈေးနှုန်းများဖြင့် လာရောက်စားသောက်နိုင်ကြောင်း သိရသည်။

Rangoon Tea House ကို ရှေးဟောင်းလက်ရာများအတိုင်းပြင်ဆင်ထားပြီး မြန်မာ့ဒီဇိုင်းလက်ရာများနှင့် ကိုလိုနီခေတ်လက်ရာများဖြင့် အလှဆင်ထားသကဲ့သို့ မြန်မာနိုင်ငံရှိလက်ဘက်ရည်ဆိုင်ယဉ်ကျေးမှုကို အခြေခံထားပြီး ဆိုင်၏မီနူးကို ထူးခြားသည့်မြန်မာ့ရိုးရာအစားအစာများအပေါ် အခြေတည်၍ ပြင်ဆင်ထားကြောင်း သိရသည်။

## ➲ စာမျက်နှာ ၃ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်း . . .သတင်းမှ အဆက်

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးပြုလုပ်ရခြင်း ရည်ရွယ်ချက်မှာ မော်တော်ယာဉ်တင်သွင်းသူ လုပ်သားပြည်သူများနှင့်တစ်ဆင့် ဖြန့်ဖြူးရောင်းချသောလုပ်ငန်းရှင်များ၊ မော်တော်ယာဉ်တင်သွင်းမှုနှင့် ပတ်သက်၍ အခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် တင်သွင်းခွင့် မူဝါဒများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များထဲတွင် စည်းကမ်းလိုက်နာမှုမရှိဘဲ မမှန်မကန်ဆောင်ရွက်သူများရှိသလို စည်းကမ်းများအား လိုက်နာဆောင်ရွက်သူများရှိပါကြောင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းလုပ်ငန်းအား စီးပွားရေးအမြတ်ရရှိဖို့ အဓိကထားပြီး၊ မမှန်မကန်မရိုးမသား ဆောင်ရွက်နေသူများကို ဖော်ထုတ် အရေးယူမှာဖြစ်ကြောင်း၊ (၁/၂၀၁၆) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ၊ နယ်စပ်မှ လုပ်ငန်းသုံးယာဉ်၊ ယန္တရားများပြန်လည်တင်သွင်းခွင့်ပြုနေပြီဖြစ်ကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ ယန္တရားများကို ဈေးနှုန်းမှန်ကန်စွာဝယ်ယူအသုံးပြုနိုင်ရန် အတွက် ယန္တရားအရောင်းပြခန်းများကို ဖွင့်လှစ်ခွင့်ပြု ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် ပတ်သက်သောလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် အခက်အခဲများ၊ ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များအား ဌာနဆိုင်ရာအသီးသီး၏ လုပ်ထုံးလုပ်နည်းနှင့်အညီဆုံးဖြတ်ဆောင်ရွက်နိုင်ရေးကို ဌာနအလိုက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ယခင်လများအတွင်း ရန်ကုန်ဆိပ်ကမ်းများတွင် ပို့ကုန်/သွင်းကုန် ကုန်သေတ္တာများ နှောင့်နှေးကြန့်ကြာမှုအတွက် လိုအပ်သည့်ယာဉ်ယန္တရားများလွယ်ကူလျင်မြန်စွာ တင်သွင်းခွင့်ရရှိရေး၊ အများပြည်သူအတွက် လိုအပ်သည့် စီးတီးဘတ်(စ်) ယာဉ်များ၊ ခရီးသည်တင် မှန်လုံယာဉ်ကြီးများ၊ လူနာတင်ယာဉ်၊ နာရေးယာဉ်၊ မီးသတ်ယာဉ်များ၊ သာသနာရေးယာဉ်များလွယ်ကူစွာ တင်သွင်း ခွင့်ရရှိရေးတို့အတွက် သက်ဆိုင်သည့်ဌာနများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မော်တော်ယာဉ်တင်သွင်းရာတွင် ရိုးသားစွာ မှားယွင်းမှုများရှိသလို ရည်ရွယ်ချက်နှင့် မမှန်မကန်ဆောင်ရွက်မှုများရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ သတ်မှတ်ထားသည့် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားပါသည်။

ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများအား ရှင်းလင်းဆွေးနွေးကြရာ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

## ➲ စာမျက်နှာ ၁၈-မန္တလေး မဟာအောင်မြေ . . . မှ အဆက်

သည် မိမိတို့နိုင်ငံ၏ လက်ရှိလိုအပ်ချက်များနှင့်ကိုက်ညီနေသည့်အတွက် အလွန်အရေးကြီးသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ယခု မန္တလေးတွင် ကျင်းပပြုလုပ်သည့် ပြည်တွင်းအလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်မှုဥပဒေသစ်နှင့် ပတ်သက်သည့် တိုးတက်မှုအခြေအနေများကို ပုဂ္ဂလိကကဏ္ဍမှ ပိုမိုသိရှိနားလည်စေရန်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍတွင် ယှဉ်ပြိုင်မှုမူဝါဒနှင့် ဥပဒေအပေါ် ၎င်းတို့၏နားလည်မှုနှင့်လေးစားလိုက်နာမှုရှိရမည်ဖြစ်ပါ ကြောင်း၊ နိုင်ငံတကာမှ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများနှင့်အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများအကြား ဗဟုသုတနှင့် အတွေ့အကြုံများ ဖလှယ်ကြစေလိုပါကြောင်း၊ ဆွေးနွေးပွဲမှ ရရှိသည့် ယှဉ်ပြိုင်မှု မူဝါဒနှင့် ဥပဒေဆိုင်ရာ အသိပညာများ၊ အတွေ့အကြုံများကို မိမိတို့နိုင်ငံနှင့် သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းအလိုက် အကျိုးရှိရှိအသုံးပြုနိုင် မည်ဟု ယုံကြည်ပါ ကြောင်း၊ အာဆီယံယှဉ်ပြိုင်မှု မူဝါဒဆိုင်ရာ အကြံပေးအဖွဲ့ကို ၂၀၀၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ် ပါကြောင်း၊ ဤအဖွဲ့အစည်းတွင် အလှည့်ကျဥက္ကဋ္ဌ အဖြစ် တာဝန်ယူကြရခြင်းဖြစ်၍ မိမိတို့နိုင်ငံအနေ ဖြင့် ၂၀၁၇ ခုနှစ်တွင် အဖွဲ့ဥက္ကဋ္ဌ အဖြစ် တာဝန်ယူပြီး အဖွဲ့၏ အစည်းအဝေးများကို ဦးစီးကျင်းပပေးရ မည်ဖြစ်ပါကြောင်း၊ ၎င်းကဲ့သို့ ကျင်းပပေးရမည်ဖြစ်သည့်အတွက် ယနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အလုပ်ရုံ ဆွေးနွေးပွဲများသည် မိမိတို့နိုင်ငံနှင့်အဖွဲ့အစည်းများအတွက် များစွာအကျိုးရှိမည့် ဆောင်ရွက်မှုများဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲအား ဇွန် ၇ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ရာ ကုန်သည်လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၂ ဦးတက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**အေးအေးနွယ် DOT - MDY**

## ➲ စာမျက်နှာ ၃ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် . . . မှ အဆက်

တင်ပို့ရောင်းချမှုများ လုပ်ဆောင်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား သိရှိဆောင်ရွက်ပေးလို၍ လာရောက်ရခြင်းဖြစ်ကြောင်း၊ စက်မှုဇုန်ရှိအသေးစား၊ အလတ်စားလုပ်ငန်းများ ရေရှည်တည်တံ့ နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန်နှင့် မကြာမီ မိမိတို့နိုင်ငံမှ လိုက်ပါဆောင်ရွက်ရမည့် AEC (ASEAN Economic Community) အတွက် ဒေသတွင်းယှဉ်ပြိုင်နိုင်ရေး ပြင်ဆင်ထားရှိရန်လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၊ တိုင်းဒေသကြီးအစိုးရ၊ သက်ဆိုင်သည့် အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကောင်းသောယှဉ်ပြိုင်ခြင်းဖြင့် အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများ ထုတ်လုပ်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် အမျိုးသားရေးအမြင်နှင့် ညီညွတ်စွာပူးပေါင်းပါဝင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးပေးကြရန် မှာကြားပါသည်။

ယင်းနောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် တာဝန်ရှိသူများက စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပါသည်။

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များက ကုန်စည်ထုတ်လုပ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အကြံပြုချက်များအား ရှင်းလင်းတင်ပြကြပြီး၊ ရှင်းလင်းတင်ပြ ချက်များနှင့်စပ်လျဉ်း၍ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းရှင်များ၏ ဆွေးနွေးချက်၊ အကြံပြုချက်၊ လိုအပ်ချက်များနှင့် ပတ်သက်၍ အခြေအနေမှန်သိလို၍ လာရောက်ခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်သည့် ဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ နိုင်ငံတော်လမ်းညွှန်ချက်နှင့် ပူးပေါင်းဆောင်ရွက်ဖြေရှင်းခြင်း ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

## ➲ စာမျက်နှာ ၃-ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး . . . မှ အဆက်

သုံးပတ်ခန့်အကြာတွင် ပုံမှန်အခြေအနေရောက်ရှိခဲ့ကြောင်း၊ ယခုကိစ္စရပ် မှာ သက်ဆိုင်သူအားလုံးမှ အသိစိတ်ရှိရှိဖြင့် ဝိုင်းဝန်းပူးပေါင်းဖြေရှင်းခဲ့မှု၏ အကျိုးရလဒ် ဖြစ်ကြောင်း၊ ယခုကိစ္စကို ရေရှည်စနစ် ဆောင်ရွက်နိုင်ရေး ဆက်လက်ပူးပေါင်းညှိနှိုင်းသွားရန် လိုအပ်ကြောင်း၊ ထို့အပြင် ပို့ကုန်ကဏ္ဍတိုးမြှင့်ရေးအတွက် လက်ခစားအထည်ချုပ်လုပ်ငန်းများအား CMP စနစ်မှ FOB စနစ်သို့ ပြောင်း လဲကျင့်သုံး ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များနှင့် အခြားဝန်ကြီးဌာနများအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ဖို့အတွက် အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခင်ကုန်သည် လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် ကုန်သည်လုပ်ငန်းရှင်များ ကုန်သွယ်မှု ပြုလုပ်ရာ၌ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် အကြံပြုချက်များ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များ၏ အခက်အခဲများနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနများအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များအပေါ် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြဖို့လည်း တိုက်တွန်းပြောကြားလိုကြောင်း၊ ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများသည် ဝန်ကြီးဌာန တစ်ခုနှင့်တစ်ခု လိုက်လျော ညီထွေလိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် သဟဇာတဖြစ်ရန်လိုအပ်ပြီး ကုန်သည်လုပ်ငန်းရှင်များအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ဖို့ကိုလည်း အားလုံးပူးပေါင်း ညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းတို့မှ အခက်အခဲများအားတင်ပြကြရာ တာဝန် ရှိသူများမှ ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ရှင်းလင်းတင်ပြ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ လုပ်ငန်းဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

## ပြောင်း

### လှိုင်ကော်မြို့တွင် ပြောင်းဈေးအနည်းငယ်ကျ

ယခုတစ်ပတ်မှာ လှိုင်ကော်မြို့၌ ပြောင်းဈေး အနည်းငယ်ကျသွားပါတယ်။ ယခင်တစ်ပတ်ကပြောင်းဈေး တစ်ပိဿာလျှင် ၄၁၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ကျပ် ၄၁၀ သို့ကျဆင်းသွားပါတယ်။ ပြောင်းတင်ပို့မှုမှာ ယခင် တစ်ပတ်က အိတ် ၁၄၀၀ ခန့်တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ အိတ် ၈၅၀ ခန့် တင်ပို့ခဲ့ပါတယ်။

မန္တလေးမြို့နှင့် ရန်ကုန်မြို့သို့သာ အများဆုံးတင်ပို့ကြပါတယ်။ ပြည်နယ်အတွင်း ပြောင်းလက်ကျန်မှာ တန် ၁၀၀ ခန့်ရှိတယ်လို့ သိရပါတယ်။ ယခုကဲ့သို့ ပြောင်းဈေးကျဆင်းရခြင်းမှာ ပြောင်းစိုက်ပျိုးထွက်ရှိတဲ့ ရာသီမဟုတ်တဲ့အတွက် အရောင်းအဝယ်ပါးသလို မူဆယ်ဘက်မှ ပြောင်းအဆွဲနည်းခြင်းကြောင့်ဖြစ်တယ်လို့ ဒေသခံကုန်သည်များရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။

**ဗညားထက်၊ လှိုင်ကော်**

### တရုတ်နယ်စပ်စခန်းများမှ ပြောင်းတန်ချိန် ကိုးထောင်ကျော်တင်ပို့

မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁ ဒသမ ၈၂၄ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၇၂၅၀ တန်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၆၂၇ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၁၆၁ တန်ကျော်၊ချင်းရွှေဟော်မှ ကန်ဒေါ်လာ သုည ဒသမ ၀၃၈ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၄၇ တန်နဲ့ ကန်ပိုက်တီးမှ ကန်ဒေါ်လာ သုည ဒသမ ၀၃၅ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၁၇ တန်ခွဲကျော် စုစုပေါင်း ကန်ဒေါ်လာ ၂ ဒသမ ၅၂၄ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၉၆၇၅ တန်ခွဲကျော် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် မန္တလေး-မူဆယ် ကုန်စည် သယ်ယူခနူန်းထားများမှာ ပြောင်းတစ်ပိဿာကို ၆၇-၇၂ ကျပ်ရှိပြီး ယခင်တစ်ပတ်ထက် တစ်ပိဿာလျှင် ၁ မှ ၅ ကျပ်ခန့် ကုန်ပစ္စည်းသယ်ပို့ကားခများ ဈေးလျော့နည်းကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရှိရပါတယ်။

**မြင့်မြင့်မာ**

## ဝဥ

### မူဆယ်ကုန်သွယ်ရေးဇုန်မှ ဝဥခြောက် တန် ၂၀၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ မေ ၁ ရက်မှ ၃၁ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၄၃၇ သန်းတန်ဖိုးရှိ ဝဥခြောက် ၂၃၆ တန်ခွဲကျော်တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ဝဥများကို ၁၉၇၂ ခုနှစ်ကတည်းက ပြည်ပနိုင်ငံများမှ စတင်စိတ်ဝင်စားလာကြောင်း သိရပါတယ်။ ဝဥကို ပြည်တွင်း၌ စားသုံးမှုနည်းသော်လည်း ပြည်ပနိုင်ငံများ၌ တန်ဖိုးကြီး အစားအသောက်အဖြစ် ပြုလုပ်စားသောက် ကြလေ့ရှိရာ တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့ကြောင်း သိရှိရပါတယ်။ ပူပြင်းခြောက်သွေ့တဲ့ ဒေသများမှလွဲ၍ စိုက်ပျိုးအောင်မြင်နိုင်ကြောင်း လေ့လာသိရှိရပါတယ်။

**မြင့်မြင့်မာ**

## ရော်ဘာ

### အနီးစပ်ဆုံးကာလထက် ရော်ဘာပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၃၂၉ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၁၁၇၉ တန် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ RSS-3 ၅၀၂ တန်ကျော်၊ RSS-5 ၁၄၈ တန်၊ MSR-20 ၁၈၄ တန်ကျော်၊ MSR-50 တန် ၃၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 တန် ၂၈ တန်၊ RSS-5 ၁၄ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ RSS-3 ၂ တန်ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။

မေတစ်လလုံးမှာ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၆ ဒသမ ၉၇၄ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၆၄၁၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ဧပြီလထက် ၄၇၁၈ တန် ပိုမိုတင်ပို့နိုင်သော်လည်း ယမန်နှစ်ကာလတူတင်ပို့မှုထက် ၆၆၃ တန်လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မေ ၂၉ ရက်မှ ဇွန် ၄ ရက်အထိ ကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၆၁၃ သန်းဖိုးရှိ ရော်ဘာ ၁၅၂၆ တန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ MSR-20 ၃၉၆ တန် ၊ RSS-3 တန် ၃၅၂ တန်၊ ဂျပန်နိုင်ငံသို့ MSR-20 ၃၁၃ တန် ၊ စင်ကာပူနိုင်ငံသို့ MSR-20 ၈၁ တန်၊ ကိုရီးယားနိုင်ငံသို့ MSR-20 ၁၀၁ တန်၊ တရုတ်နိုင်ငံသို့ MSR-10 ၂၈၃ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၃၈၄ တန် ပိုမိုခဲ့ပါတယ်။ မေတစ်လလုံးမှာ ကန်ဒေါ်လာ ၄ ဒသမ ၆၃၃ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၄၄၃၈ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဧပြီလထက်ရော ယမန်နှစ်ကာလတူထက်ပါ တန် ၁၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာပေါက်ဈေး အနည်းငယ်မြင့်တက်ကြောင်း သိရှိရပါတယ်။ ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးကို မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများသင်းက အောက်ပါအတိုင်း ထုတ်ပြန်ကြေညာထားပါတယ်-

| Intl Rubber | အနည်းငယ်ပြန်တက် | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၇၀-၁၂၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၀၅၀-၁၁၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၀၀၀-၁၁၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၀၅၀-၁၁၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၉၅၀-၁၀၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၉၀၀-၁၀၀၀ |
| Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၁၇၀ -၁၂၅၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ | ၇၆၀ - ၈၁၀ |

**ယဉ်ယဉ်အေး**

## ဧရာဝတီတိုင်းဒေသကြီးအတွင်းစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ BUSINESS PLAN CREATION STRATEGY DEVELOPMENT TRAINING သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီးအတွင်း စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနနဲ့ ဂျာမနီနိုင်ငံ FNF အဖွဲ့အစည်းတို့ပူးပေါင်း၍ Business Plan Creation Strategy Development Training (စီးပွားရေးဆိုင်ရာ စီမံကိန်းချမှတ်ခြင်းနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးသင်တန်း)ကို ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမမှာ မတ်လ နောက်ဆုံးပတ်က ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဋ္ဌေး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးလွင်၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ ဂျာမနီနိုင်ငံ FNF အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ သင်တန်းဆရာမများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနဲ့ စီးပွားရေးလုပ်ငန်းရှင် ၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။



သင်တန်းဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးဝင်းဋ္ဌေးက အဖွင့်အမှာစကားပြောကြားပြီး၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတိုင်းဦးစီးမှူး ဦးမျိုးလွင်က ဧရာဝတီတိုင်းဒေသကြီး အတွင်း SME ကဏ္ဍများဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိစေရန် သင်တန်းများ ပို့ချပေးခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ စီးပွားရေးနဲ့ ဆက်စပ်နေတဲ့ သတင်းအချက်အလက်များ၊ နည်းပညာ အထောက်အကူပြုဝန်ဆောင်မှုများ၊ ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ယှဉ်ပြိုင်နိုင်စွမ်းအားမြင့်မားစေရန် ဖွံ့ဖြိုးရေးဆိုင်ရာ SME စာအုပ်များ ပုံနှိပ်ဖြန့်ဝေခြင်း ASEAN မှချမှတ်ထားသော စီမံကိန်းများအားအချိန်နဲ့တစ်ပြေးညီအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ နည်းပညာဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနရဲ့ ဆောင်ရွက်မှုများကိုလည်း ရှင်းလင်းဆွေးနွေးပြောကြားပါတယ်။

သင်တန်းဖွင့်လှစ်ခြင်းနဲ့ ပတ်သက်၍ FNF အဖွဲ့အစည်းမှ နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအိရွှေစင်ထွန်းက သင်တန်းဖွင့်လှစ်ရ ခြင်း ရည်ရွယ်ချက်နှင့်ရရှိလာမည့် အကျိုးကျေးဇူးများရှင်းလင်းပြောကြားခဲ့ပါတယ်။

သင်တန်းမှာ အသင်းဖွဲ့စည်းပုံ၊ စိန်ခေါ်မှုနဲ့ အခွင့်အလမ်းများ၊ အားသာချက်အားနည်းချက်များ ဖြေရှင်းပေးရမည့်ကိစ္စရပ်များ၊ ကွင်းဆက်များ၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် PLAN ထားရှိပြီး စီမံကိန်းရေးဆွဲခြင်း လက်တွေ့ ဆောင်ရွက်နေမှုများကို မှတ်တမ်းထားရှိခြင်း၊ လက်တွေ့ဆောင်ရွက်နေမှုများနှင့် နှိုင်းယှဉ်ရမည့် ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် သင်ကြားပေးမှာဖြစ်ပြီး သင်တန်းကာလမှာ မေ ၂၇ ရက်မှ ၃၀ ရက်အထိ ၄ ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# မြန်မာနိုင်ငံမှ ပြည်ပသို့ ငွေလွှဲဝန်ဆောင်မှုကို Western Union မှ ပြည်တွင်းဘဏ် ကိုးခုဖြင့် ပူးပေါင်းလုပ်ဆောင်



မြန်မာနိုင်ငံတွင် ပြည်ပမှ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းမှ ဘဏ်များနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့် Western Union သည် ယခုအခါတွင် ပြည်ပသို့ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများကို စတင်လုပ်ဆောင်လျက်ရှိပြီဖြစ်ကြောင်း သိရသည်။

Western Union သည် ပြည်တွင်းမှဘဏ်ကိုးခုနှင့်ပူးပေါင်း၍ ပြည်ပသို့ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းကို လုပ်ဆောင်ခြင်းဖြစ်သည်။

Western Union နှင့်ပူးပေါင်း၍ ပြည်ပသို့ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများ ကို လုပ်ဆောင်လျက်ရှိသည့်ဘဏ်များမှာ ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ ရောဝတီဘဏ်၊ ရိုးမဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ ကမ္ဘာ့ရတနာဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် ယူနိုက်တက်အမရဘဏ်တို့ဖြစ်ကြောင်း သိရသည်။

"Western Union ဟာ မြန်မာနိုင်ငံမှ ပြည်ပကနေ ငွေလွှဲလက်ခံတဲ့ Inbound ငွေလွှဲလက်ခံခြင်းကို မြန်မာနိုင်ငံမှ ၂၀၁၃ခုနှစ်ကစပြီး စတင်ဝန်ဆောင်မှုပေးခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ Western Union ဟာ နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုပေးတဲ့ ပထမဦးဆုံးသော ကုမ္ပဏီဖြစ်ပါတယ်။ Western Union အနေနဲ့ မြန်မာနိုင်ငံမှာ ငွေလွှဲမှုနဲ့ပတ်သက်ပြီး ထောက်ပံ့ပေးနိုင်တဲ့ အခြေခံစနစ်ရှိတဲ့အတွက် ဒီနိုင်ငံမှာပိုမိုကောင်းမွန်မှုအတွက် ငွေကြေးစီးဆင်းမှုဆောင်ရွက်နိုင်တယ်ဆိုတာ သဘောပေါက် နားလည်ပါတယ်။ ဒါကြောင့် Western Union ဟာ Outbound ငွေလွှဲဝန်ဆောင်မှုကို စတင်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်"ဟု Western Union မှ အရှေ့တောင်အာရှနှင့် သမုဒ္ဒရာပိုင်းဇုန်၏ အကြီးတန်း ဒုတိယဥက္ကဋ္ဌဖြစ်သူ Ms Patricia Riingen က ပြောကြားခဲ့သည်။

အဆိုပါ Outbound ဝန်ဆောင်မှုသည် မြန်မာနိုင်ငံမှ Western Union ရှိသည့် ပြည်ပနိုင်ငံများသို့ ငွေလွှဲပို့ ဝန်ဆောင်မှုတစ်ခုပင်ဖြစ်သည်။

ငွေလွှဲပို့ ဝန်ဆောင်မှုတစ်ခုအတွက် ငွေလွှဲဝန်ဆောင်ခအဖြစ် အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာကို ပေးသွင်းရမည်ဖြစ်ပြီး တစ်နေ့လျှင် အများဆုံး အမေရိကန်ဒေါ်လာ ၃၀၀၀ အထိပေးပို့နိုင်ကြောင်း သိရသည်။

ငွေလွှဲပို့ ဝန်ဆောင်မှုတိုင်းအတွက် ဘဏ်စာရင်းရှိရန်မလိုဘဲ ပြည်ပသို့ ပေးပို့မည့်သူ၏ အကြောင်းအရာအချက်အ လက်များကိုသာ ပေးအပ်ရန်လိုမည်ဖြစ်ကြောင်း သိရသည်။

Western Union ၏ ယခုပြုလုပ်ခဲ့သည့် Outbound ဝန်ဆောင်မှုကြောင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများထံသို့ ယုံကြည်စိတ်ချစွာဖြင့် လွှဲပို့ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ထမ်းခေါ်ယူမှု ပုံမှန်ထက်မြင့်တက်

ပြီးခဲ့သည့်မေလအတွင်းဆက် သွယ်ရေးဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများမှ ဝန်ထမ်းခေါ်ယူမှုမြင့်တက်လာကြောင်း အလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက် work.com.mm မှ သတင်းထုတ်ပြန်သည်။

၎င်းဝက်ဘ်ဆိုက်မှ လစဉ်အလုပ်အကိုင်စစ်တမ်းကို ထုတ်ပြန်ပေးလျက်ရှိရာတွင် မေလစစ်တမ်းအရဆက်သွယ် ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် ဈေးကွက်ဖြန့်ချိရေးတို့ များပြားခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ထမ်း ခေါ်ယူမှုမြင့်တက်လာရခြင်းမှာ မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် နည်းလမ်းသစ်များ၊ အစီအစဉ်သစ်များတိုးချဲ့လာသည့်အပြင် ဈေးကွက်လိုအပ်ချက်အလိုက် ဝန်ဆောင်မှုများချဲ့ထွင်လာသည့်အတွက် မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်းလည်း work.com.mm က သုံးသပ်ထားသည်။

ပြီးခဲ့သည့်မေလအတွင်းက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကြီးများအနေဖြင့် Online တွင်သာမက Offline အလုပ်အကိုင်ပြပွဲများ ပြုလုပ်၍ ဝန်ထမ်းများခေါ်ယူခဲ့မှုများလည်းရှိခဲ့သည်။ မန္တလေးမြို့တွင် မေလအတွင်းက work.com.mm မှပြုလုပ်ခဲ့သော ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာ သီးသန့်အလုပ်အကိုင်ပြပွဲစာရင်းအရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကြီးများအနေဖြင့် အရောင်း၊ နည်းပညာနှင့် စားသုံးသူအထောက်အကူပြု (Customer support) လုပ်ငန်းများအတွက် ဝန်ထမ်းခေါ်ယူမှုရာနှင့်ချီ၍ ရှိခဲ့ကြောင်းလည်း သိရသည်။

ယခုလဇွန်လအတွင်းတွင်လည်း ဝန်ထမ်းလိုအပ်ချက်အရ ၎င်းအလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက်မှ MPTနှင့် ပူးပေါင်း၍လည်း ဆက်သွယ်ရေးသီးသန့်အလုပ်အကိုင်ပြပွဲတစ်ခုကို ကျင်းပပေးခဲ့ကြောင်း သိရသည်။

မေလအတွင်းခေါ်ယူမှုအများဆုံး အလုပ်အကိုင်များမှာ အရောင်းကျွမ်းကျင်၊ စာရင်းကိုင်/ဘဏ္ဍာရေးနှင့် မားကတ်တင်းတို့က အများဆုံးဖြစ်ပြီး အလုပ်လျှောက်ထားသူများဘက်မှ အလျှောက်ထားဆုံးအလုပ်အကိုင်များမှာ အိုင်တီ၊ စာရင်းကိုင်နှင့်မားကတ်တင်းတို့ကလည်း အများဆုံးဖြစ်ကြောင်း သိရသည်။

ဝန်ထမ်းခေါ်ယူမှုအများဆုံးလုပ်ငန်းကြီးများမှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ဆောက်လုပ်ရေး၊ ဈေးကွက်ဖြန့်ချီရေး၊ သွင်းကုန်/ထုတ်ကုန်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းကြီးများက အများဆုံးဖြစ်ကြောင်း သိရသည်။

အလုပ်ရှာဖွေမှု ကျား၊မ အချိုးအစား စစ်တမ်းအရ အမျိုးသားဦးရေမှာ ၅၇ ရာခိုင်နှုန်းနှင့် အမျိုးသမီးဦးရေမှာ ၄၃ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**



# Golden City အဆင့်မြင့်အိမ်ရာ စီမံကိန်းမှ မြန်မာနိုင်ငံ၏ပထမဦးဆုံးသော Doraemon ပြပွဲကျင်းပ

Golden City အဆင့်မြင့်အိမ်ရာစီမံကိန်းမှ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော Doraemon ပြပွဲကို ဇွန် ၄ ရက်မှ ဇူလိုင် ၃ ရက်အထိ အဆိုပါ Golden City အဆင့်မြင့်အိမ်ရာစီမံကိန်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Golden City အဆင့်မြင့်အိမ်ရာစီမံကိန်းသည် မြန်မာနိုင်ငံ၏ချစ်စရာ ကောင်းသော Doraemon ဇာတ်ကောင်လေးများကို ထိတွေ့ကြည့်ရှုနိုင်မည့် တစ်ခုတည်းသောနေရာဖြစ်လာနိုင်ပြီး တစ်လကြာကျင်းပမည့်အဆိုပါနေရာသို့ မည်သူမဆိုလာရောက်ပျော်ရွှင်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။

Golden City အဆင့်မြင့်အိမ်ရာစီမံကိန်း၏ လက်ထောက်အထွေထွေမန်နေဂျာဖြစ်သူ မစ္စတာအဲလက်စ်လီက "ကမ္ဘာ့အဆင့်မီပွဲတွေကို ကျင်းပပေးခြင်းအားဖြင့် မြန်မာနိုင်ငံသူနိုင်ငံသားတွေကို နိုင်ငံတကာပြပွဲ အခမ်းအနားတွေရဲ့ အတွေ့အကြုံတွေကို ခံစားကြည့်စေချင်လို့ပါ။ ဒါ့အပြင် ကမ္ဘာ့အဆင့်မီပြီး အဆင့်မြင့်တဲ့လူနေတိုက်ခန်းတွေကို အကောင်အထည်ဖော်ပေးခြင်းဖြင့် အထူးကောင်းမွန်တဲ့လူနေမှုစနစ်ပတ်ဝန်းကျင်ကို ဖန်တီးပေးချင်တာက ကျွန်တော်တို့ရဲ့ ရေရှည်ရည်မှန်းချက်ပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါပြပွဲကာလအတွင်း Golden City စီမံကိန်းမှ အိမ်ရာများကို ဝယ်ယူသူများအနေဖြင့် မူလသက်သာခွင့်ဈေးနှုန်းများအပေါ်တွင် ထပ်ဆောင်းသက်သာခွင့်ပေးမည့်အထူးအစီအစဉ်များအပြင် ဟောင်ကောင်မြို့ရှိ ဒစ္စနေးလန်းသို့ သွားရောက်လည်ပတ်နိုင်မည့် ခရီးစဉ်ကိုလည်း ကံစမ်းနိုင်မည်ဖြစ်သည်။ **မယ်သီတာ**

# ဆီပန့်အငယ်များဖြင့် စက်သုံးဆီရောင်းချနေသည့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများအတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ထုတ်ပေးနိုင်ခြင်းမရှိကြောင်း သတင်းထုတ်ပြန်

ဆီပန့်အငယ်များဖြင့် စက်သုံးဆီရောင်းချနေသည့် တစ်ပိုင်တစ်နိုင် လုပ်ငန်းများအတွက်စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ထုတ်ပေးနိုင်ခြင်းမရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ခေတ်မီသန့်ရှင်းသပ်ရပ်သော စက်သုံးဆီအရောင်းဆိုင်များ ပေါ်ထွန်းစေရေးအတွက် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ Petroleum Product Handling Process များကို လိုက်နာကျင့်သုံးနိုင်သည့် အရည်အသွေး ပြည့်ဝပြီး စံချိန်စံညွှန်းကိုက်ညီမှန်ကန်မှုရှိသည့် စက်သုံးဆီများကို ဖြန့် ဖြူးရောင်းချနိုင်သည့် အရောင်းဆိုင်များအား စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်းနှင့် ဆီပန့်ငယ်များဖြင့် စက်သုံးဆီရောင်းချနေသည့် တရားမဝင်အရောင်းဆိုင် အသေးစားလုပ်ငန်းများအနေဖြင့် အထက်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုမရှိခြင်း၊ မီးဘေးအန္တရာယ် အထူးပင်စိုးရိမ်ရခြင်းတို့ကြောင့် စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ခွင့်ပြုထုတ်ပေးနိုင်မှုမရှိကြောင်း ဖော်ပြပါရှိပါသည်။

နိုင်ငံတော်၏စီးပွားရေးတွင် ပုဂ္ဂလိကပါဝင်မှု အားပေးမြှင့်တင်ရန်နှင့် ပုဂ္ဂလိကစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာလုပ် ကိုင်ခွင့်ပြုခဲ့ပြီး ပြည်သူလူထုအနေဖြင့် စက်သုံးဆီများကို တစ်ပြည်လုံးနေရာ အနှံ့အပြားတွင် အဆင်ပြေလွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်မရှိသေးသည့်မြို့၊ မြို့သစ်များ၊ လမ်းဆုံလမ်းခွနှင့် လမ်းမကြီးများ၊ Toll Gate နေရာများ စသည်တို့တွင် စက်သုံးဆီအရောင်းဆိုင်များ အသစ်ထပ်မံတည်ဆောက်ဖွင့်လှစ်ပေးရန် လိုအပ်သဖြင့်လည်းကောင်း၊ တရားမဝင် စက်သုံးဆီသယ်ယူပို့ဆောင်သိုလှောင် ရောင်းချမှုများနှင့် တရားမဝင် လမ်းဘေး စက်သုံးဆီဆိုင်များ လျော့နည်းပပျောက်စေရန်အတွက်လည်းကောင်း၊ ခေတ်မီစက်သုံးဆီအရောင်းဆိုင်များ ပေါ်ထွန်းလာစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီစိစစ်၍ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် များထုတ်ပေးပြီး လုပ်ငန်းလုပ်ကိုင်စေလျက်ရှိကြောင်း သိရသည်။ **မယ်သီတာ**




## Food & Hotel Myanmar 2016 ပြပွဲ ကျင်းပ

အစားအသောက်နှင့် ဟိုတယ်လုပ်ငန်းနယ်ပယ်အတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြပွဲကြီးတစ်ခုဖြစ်သည့် Food & Hotel Myanmar 2016 ပြပွဲကို ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် ဇွန် ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ပါဝင်ပြသသူပေါင်း ၂၂၀ ကျော် တို့ ပါဝင်ပြသကြခဲ့ကြပြီး တောင်ကိုရီး ယား၊ မလေးရှား၊ စင်ကာပူ၊ တရုတ် (တိုင်ပေ)၊ ထိုင်းနှင့် တူရကီနိုင်ငံတို့မှ ပြခန်းကြီး ၆ခန်းတို့ဖြင့် ပါဝင်ပြသခဲ့ကြကြသည့်အပြင် မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်သည့်ကုမ္ပဏီများကလည်း မြန်မာနိုင်ငံမှ ထွက်ရှိသည့် အာရေဗီးကားကော်ဖီများကို ပြသခဲ့ကြကြောင်း သိရသည်။

အဆိုပါပြပွဲတွင် တတိယအကြိမ်မြောက် မြန်မာ့အချက်အပြုတ်ဆိုင်ရာ ပြပွဲနှင့် တတိယအကြိမ်မြောက်မြန်မာနိုင်ငံလုံးဆိုင်ရာ ဘာရီစတာတံခွန်စိုက် ပြိုင်ပွဲတို့ကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

ကမ္ဘာ့စားဖိုမှူးအသင်းများ အစည်းအရုံးနှင့် ကမ္ဘာ့နယ်စည်းမထားစားဖိုမှူးများအသင်းတို့မှ ထောက်ပံ့မှုဖြင့် ကျင်းပသည့် မြန်မာ့အချက်အပြုတ်ဆိုင်ရာပြပွဲသည် မြန်မာနိုင်ငံ၏ အကောင်းဆုံး နိုင်ငံတကာဟင်းချက်ပြိုင်ပွဲဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းမှ အချက်အပြုတ်ပညာရှင်များက လာရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ထို့ပြင် Element Coffee Consulting & Machine Supplies နှင့် Bangkok Exhibition Services တို့မှ မြန်မာနိုင်ငံ ဘာရီစတာအသင်း၏ ထောက်ပံ့မှုဖြင့် ကျင်းပသည့် မြန်မာနိုင်ငံလုံး ဆိုင်ရာဘာရီစတာတံခွန်စိုက်ပြိုင်ပွဲသည် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့ကို တိုးတက်စေလိုသောဘာရီစတာများနှင့် ကော်ဖီဆိုင်ရာ ကျွမ်းကျင်သူများအတွက် ကျင်းပပေးသည့်ပြိုင်ပွဲ တစ်ရပ်ဖြစ်သည်။ **မယ်သီတာ**

## နိုင်ငံတကာ စိုက်ပျိုးရေးကုန်စည်ပြပွဲနှင့် အရှေ့တောင်အာရှ ကောက်ပဲသီးနှံများ ထိန်းသိမ်းကာကွယ်ခြင်းဖိုရမ် ကျင်းပ

(၈)ကြိမ်မြောက် နိုင်ငံတကာစိုက်ပျိုးရေးကုန်စည်ပြပွဲနှင့် အရှေ့တောင်အာရှ ကောက်ပဲသီးနှံများ ထိန်းသိမ်းကာကွယ်ခြင်းဖိုရမ်ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ဇွန် ၈ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါပြပွဲကို တရုတ်အသီးအနှံ ကာကွယ်စောင့်ရှောက်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ တရုတ်အမျိုးသား ဓာတုပြန်ကြားရေးစင်တာနှင့် Minh Vi Exhibition & Advertisement Service တို့ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲကို မြန်မာနိုင်ငံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ အိန္ဒိယ၏ အခြေခံဓာတုပစ္စည်းဆိုးဆေးများနှင့်အလှကုန် ပို့ကုန်မြှင့်တင်ရေးကောင်စီ၊ အိန္ဒိယပိုးသတ်ဆေးထုတ်လုပ်သူနှင့်ရေးဆွဲသူအသင်း၊ တရုတ်နိုက်ထရိုဂျင်မြေဩဇာလုပ်ငန်းရှင်များအသင်း စသည့် ဆက်စပ်သော အဖွဲ့အစည်းများက လာရောက်ပြသကြကြောင်း သိရသည်။

ပြပွဲတွင် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ပိုးသတ်ဆေးများ၊ မျိုးစေ့များကို လာရောက် ပြသခဲ့ကြသည်။ ယင်းပြပွဲတွင် ဆွေးနွေးပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့ရာ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံအသီးအနှံအပွင့်နှင့် အရွက်ထုတ်လုပ်သူများနှင့် တင်ပို့သူများအဖွဲ့အစည်းနှင့် သက်ဆိုင်ရာနိုင်ငံများ၏အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူများက လုပ်ငန်းနယ်ပယ်များအလိုက် ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။ ယင်းပြပွဲကို ဇွန် ၈ ရက်နှင့် ၉ ရက်တို့တွင် ပြသခဲ့ရာ စိတ်ဝင်စားသူ ပြည်သူများနှင့်ကုမ္ပဏီလုပ်ငန်းရှင်များ၊ စိုက်ပျိုးသူတောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## ယခုတစ်ပတ်ပဲ၊ နှမ်း၊ မြေပဲများ မန္တလေးမြို့(၁၆)မိုင် ဂိတ်ဖြတ်သန်းမှု အခြေအနေနဲ့ အဝေးပြေးကုန်စည်ပို့ဆောင်ခနှုန်းထားများ

မန္တလေးမြို့ပေါ်ရှိ ကုန်အဝယ်ဒိုင်များမှ ပဲ၊ ပြောင်း၊ နှမ်းနှင့် မြေပဲများသာမက မန္တလေးတိုင်းဒေသကြီးအတွင်းနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပဲ၊ ပြောင်း၊ နှမ်းနှင့်မြေပဲများ မန္တလေးမြို့ကို ဖြတ်သန်းပြီး ရှမ်းပြည်မြောက်ပိုင်းရှိ မြို့များနှင့် ပြည်ပ(တရုတ်) သို့ စီးထွက်သွားတဲ့ အခြေအနေများကို မန္တလေးမြို့အထွက် (၁၆)မိုင် စစ်ဆေးရေးဂိတ် (ကျောက်ချော)ရဲ့ ဇွန် ၁ ရက်မှ ၇ ရက်အထိ ဂိတ်ဖြတ် စာရင်းမှာ-

| သီးနှံအမည် | ကားစီးရေ | ၁-၆-၂၀၁၆ မှ ၇-၆-၂၀၁၆ | |
|---|---|---|---|
| | | စုစုပေါင်း | တစ်ရက်ပျမ်းမျှ |
| ပဲတီစိမ်း | ၄၈၂ | ၈၆၀၃. ၇၂ | ၁၂၂၉. ၁ |
| နှမ်း (နီ၊ ညို၊ နက်) | ၂၀ | ၃၆၂. ၁၅ | ၅၁. ၇၄ |
| နှမ်းဖြူ | ၁၂ | ၂၀၄. ၁ | ၂၉. ၁၆ |
| မြေပဲဆန် | ၁၈၈ | ၃၂၈၇. ၀ | ၄၆. ၉၆ |
| ပဲနီပြား | ၆ | ၁၁၆. ၆၅ | ၁၅. ၉၅ |
| ပဲယင်း | ၂၀ | ၃၇၄. ၅၂ | ၅၃. ၅၀ |
| ပဲလွန်းဖြူ | ၃ | ၆၀. ၄၇ | ၈. ၇၈ |
| စွန်တာနီ/ပြာ | ၄ | ၆၃. ၈၄ | ၉. ၁၂ |
| မြေထောက်ပဲ | ၆ | ၁၁၃. ၆၆ | ၁၆. ၂၄ |
| ထောပတ်ပဲ | ၁၀ | ၁၆၅. ၀ | ၂၄. ၁၄ |

ပဲတီစိမ်းတင်ပို့မှုအနေနဲ့ တစ်ရက်ကို ပျမ်းမျှ သုံးတင်းအိတ် ၁၃၀၀၀ ကျော်၊ နှမ်းရောင်စုံ ၁၀၀၀ ကျော်၊ မြေပဲဆန် ၅၀၀ ကျော်၊ ပဲနီပြား၊ ပဲယင်း၊ ပဲလွန်းဖြူ သုံးမျိုးပေါင်း ၈၀၀ ကျော်၊ စွန်တာနီ/ပြာ၊ မြေထောက်ပဲနဲ့ ထောပတ်ပဲသုံးမျိုးပေါင်း ၅၅၀ ခန့် တင်ပို့မှုရှိတဲ့အနက် ပဲတီစိမ်း၊ နှမ်းမျိုးစုံ၊ မြေပဲဆန်နဲ့ ပဲယင်းမှာ ပုံမှန်တင်ပို့မှုရှိပြီး ကျန်ပဲများမှာ တင်ပို့မှုလျော့ကျကြောင်း သိရပါတယ်။

မန္တလေးမြို့မှ အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးများသို့ ကုန်စည်ပို့ဆောင်မှုနှုန်းထားများ အပြောင်းအလဲ အနည်းငယ်ရှိပေမယ့် ကျန်မြို့နယ်များသို့ ကုန်စည်ပို့ဆောင်ခများ ပြောင်းလဲမှုသိပ်မရှိပါဘူး။ ပြောင်းလဲတဲ့မြို့များက မူဆယ်မြို့၊ လားရှိုးမြို့၊ ကျောက်မဲ/သီပေါ၊ ရန်ကုန်မြို့၊ နေပြည်တော်/တပ်ကုန်း၊ ကလေးနဲ့ တမူးမြို့တို့ဖြစ်ပါတယ်။ အဆိုပါမြို့များရဲ့ ကားသယ်ခများမှာ တစ်ပိဿာ ၅ ကျပ်(တစ်တန် ၃၀၆၂ ကျပ်) ဈေးကျသွားတဲ့ အကြောင်းက မန္တလေးမှ မူဆယ်၊ ကျောက်မဲ/သီပေါ၊ နေပြည်တော်/တပ်ကုန်း၊ ကလေးနဲ့ တမူးမြို့တို့ဖြစ်ပြီး မန္တလေး-ရန်ကုန်လမ်းကတစ်ပိဿာ ၁၁ ကျပ် (တစ်တန် ၆၇၃၆ ကျပ်) ဈေးကျသွားပြီး မန္တလေးလားရှိုးလမ်းက တစ်ပိဿာ ၁၀ ကျပ် (တစ်တန် ၆၁၂၃ ကျပ်) ဈေးတက်သွားကြောင်း သိရပါတယ်။

စက်ဆီ၊ ချောဆီက ဈေးနှုန်းပုံမှန်ရှိပြီး ကုန်ပစ္စည်းရရှိမှုအပေါ် မူတည်ပြီး ကားတွေပြေးဆွဲနေရပါတယ်။ လမ်းပိုင်းနဲ့ ရာသီဥတု အခြေအနေလည်းပါကြောင်း ကားကြီးလိုင်းပိုင်ရှင်တစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။

**စိုးအောင်-မန္တလေး**

## ကားဈေးတန်းတက်လာသော်လည်း အရောင်းအဝယ်အေးလာသည့် ကားဈေးကွက်

ဇွန်လလယ်ထဲ ရောက်ရှိလာသော ရန်ကုန် မြို့ကားဈေးကွက်မှာ အစပိုင်းကောင်းတော့မလိုနဲ့ ဈေးတန်းများ မာလာကာ အရောင်းအဝယ် ပြန်လည်အေးသွားကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်ထဲတွင် ဖရီးပါမစ် ကားများမှာ သင်္ကြန်ပွဲတော်ကာလပြီးကတည်းက အကြားသတင်း အမျိုးမျိုးနဲ့ ကားပါကင်နေရာ ထောက်ခံချက်ကိစ္စများကြောင့် ဈေးကွက်ထဲတွင် စောင့်ကြည့်သူများပြီး အရောင်းအဝယ်နည်းနေရာမှ အခွန်ကောက်ခံမှုကိစ္စ ထွက်ပေါ်လာပြီး ယခု ဇွန်၁ ရက်မှစ၍ ဖရီးပါမစ်ကားများအားကြိုတင်ဝင်ငွေခွန် စတင်ကောက်ခံလာသဖြင့် အခွန်မူဝါဒအသက်ဝင် လာပြီဖြစ်ပြီး အင်ဂျင်ပါဝါ ၁၃၀၀ စီစီနှင့် အောက်ကားများ ပါဝင်ကာ ရန်ကုန်ကားပါကင်ထောက်ခံချက်စနစ် ပြန်လည်လုပ်ဆောင်ခြင်းမရှိသေးသဖြင့် နယ်လိုင်စင်ကားများသာ များကြောင်း သိရသည်။

ပုံမှန်အခြေအနေအရဆိုလျှင် မေလကုန်၊ ဇွန်လဆန်းပိုင်းကာလသည် ကျောင်းအပ်နှံရာသီ နှင့် ကျောင်းဖွင့်စကာလဖြစ်သဖြင့် အရောင်း အဝယ်ကောင်းလေ့ရှိသော်လည်း ယခုနှစ်တွင်မူ အထက်ပါကိစ္စရပ်များပါပေါင်းစပ်ကာ ကားဈေးမြင့်တက်လာသော်လည်း အရောင်းအဝယ် အေးသွားရခြင်းဖြစ်ကြောင်း ဝါရင့်ဝယ်ရောင်း ကြီးများမှသုံးသပ်ကြသည်။

ယခုအချိန် ဖရီးပါမစ်ကားဝယ်လိုသူများက ဈေးတန်းမျှတသည့် အကွာရာနိမ့်ကားများသာ ရှာဝယ်ပြီး နောက်ဆုံးအကွာရာစီးလိုသူများက ပဲခူးလိုင်စင်၊ မန္တလေးလိုင်စင်စသည့် နယ်လိုင် စင်များဖြင့်သာ L အကွာရာတန်းရသဖြင့် နယ်လိုင်စင်များဖြင့်ပြုလုပ်လာကြသော်လည်း ရေရှည်ကိုမျှော်မှန်းပြီး ကန့်သတ်မှုများထပ်မံပြုလုပ် လာနိုင်သဖြင့် အနည်းစုသာ နယ်လိုင်စင် ဝယ်ကြကြောင်းသိရသည်။

ဈေးတက်ပြီဆိုလျှင် အားလုံးလိုက်တက်သည့် သဘာဝအရယခုအခါ စလစ်ထုတ်ယာဉ် ဟောင်းများလည်း ရှားလာသဖြင့် စလစ်တစ်စောင် ၈၇ သိန်းခန့်၊ နှစ် ၂၀ စလစ်ထုတ်ကားတစ်စီး သိန်း ၈၀/၈၁ သိန်းခန့်ရှိလာကြောင်း၊ ရှေ့လျှောက်ဈေးတက်ဖို့သာမြင်ကြောင်း၊ အငှားယာဉ်အုပ်စုမှ တက္ကစီများလည်း နက်/နီမပြောင်း သဖြင့်လည်းကောင်း၊တက္ကစီလိုင်စင် ထပ်မံ ချမပေးဟု ကြေညာချက်ထွက်ပေါ်လာသဖြင့် ယင်းတက္ကစီများလည်း ၁၀ သိန်း ၁၅ သိန်းခန့် ထပ်မံ မြင့်တက်လာကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

SN

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကိုရိုလာဗင် (၂၀၀၁) | ယာယီ | ၁၆၅ သိန်း | 1.5 ဓာတ်ဆီ |
| ၂။ | ဝှစ်ရှ် (၂၀၀၃) | ယာယီ | ၂၁၀ သိန်း | 2.0 ဓာတ်ဆီ |
| ၃။ | ဟွန်ဒါဖစ် (၂၀၀၉) | 3G | ၁၀၅ သိန်း | 1.3 ဓာတ်ဆီ |
| ၄။ | ရက်တစ် (၂၀၁၀) | 1I | ၁၂၀ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | ဗီလ်ဒါ (၂၀၀၉) | H | ၁၇၅ သိန်း | 1.5 ဓာတ်ဆီ |
| ၆။ | စူဇူကီးဆွစ်ဖ် (၂၀၁၁) | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ဒီမီယို (၂၀၀၉) | 2G | ၉၀ သိန်း | 1.3 ဓာတ်ဆီ |
| ၈။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၁၀ သိန်း | 1.3 ဓာတ်ဆီ |
| ၉။ | အပ်ကား | နှစ် ၂၀ | ၈၁ သိန်း | |

# မိကျောင်းကွမ်းဖတ်စေ့များတိုးမြှင့်တင်ပို့ခြင်းဖြင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အထောက်အကူပြုမည်



မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ နေ့စဉ်တစ်ဖက်နိုင်ငံသို့ တင်ပို့နေသည့် လယ်ယာထွက်ကုန် ပစ္စည်းများ တင်ဆောင်ထားသည့် ယာဉ်ကြီး၊ ယာဉ်ငယ်များထဲတွင် မိကျောင်း ကွမ်းဖတ်စေ့တင်ဆောင်ထားသည့် ယာဉ်များ ပါဝင်ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၁၂ သန်းတန်ဖိုးရှိ မိကျောင်းကွမ်းဖတ်စေ့တန်ချိန် ၃၆၀၈ ဒသမ ၂၀၅ တန်၊ တင်ပို့နိုင်ခဲ့သဖြင့် အများဆုံးပို့ကုန် ၂၀ မစာရင်းတွင်ပါဝင်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဧပြီလတွင် အမေရိကန် သုည ဒသမ ၇၈၅ သန်းဖိုးရှိ ၄၇၃ ဒသမ ၄၀ တန်နှင့် မေလတွင် အမေရိကန်ဒေါ်လာ တစ်သန်းဖိုးရှိ ၅၈၅ ဒသမ ၅၀ တန်၊ တင်ပို့ နိုင်ခဲ့၍ ပို့ကုန်တိုးမြှင့်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ပို့ကုန်ပစ္စည်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

မိကျောင်းကွမ်းဖတ်စေ့ကို ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့တွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပြီး ယခင်က အလေ့ကျပေါက်သော အပင်မှ အစေ့အား ထုတ်ပြီး တင်ပို့ကြောင်း ယခုအခါ တစ်ဖက် နိုင်ငံမှ ဝယ်လိုအားရှိလာသောကြောင့် စပါးစိုက်တောင်သူများအနေဖြင့် စပါးရိတ် သိမ်းပြီး တပေါင်း၊ တန်ခူးလများတွင် လယ်ယာများသို့ ရေသွင်းထွန်ယက်ပြီး မိကျောင်း ကွမ်းဖတ်စေ့ကို စပါးကဲ့သို့မျိုးစေ့ကြဲပြီး စိုက်ပျိုးကြကြောင်း ရေကြိုက်သည့်အတွက် ရေသွင်းစိုက်ပျိုးပြီး လေးလအကြာ အသီးမခြောက်ခင် ရိတ်သိမ်းပြီး နေပူလှန်းခြင်း၊ မီးအပူချိန်ဖြင့် ကြပ်တိုက်ခြင်းတို့ပြုလုပ်ပြီး အစေ့ထုတ်ရကြောင်း၊ ယခုအခါ သီးနှံအခြောက်ခံစက်များ အသုံးပြု၍ အစေ့ထုတ်ကြကြောင်း၊ ကုန်သည်များအနေဖြင့် စိုက်ခင်း အထိဆင်း၍ မိကျောင်းကွမ်းဖတ်စေ့ အသန့်အကောင်းအား တစ်ပြည်လျှင် ကျပ် ၂၅၀၀ မှ ၃၀၀၀ ကျပ်အထိ ပေးဝယ်ကြောင်း၊ အညံ့အား တစ်ပြည်လျှင် ၂၀၀၀ ကျပ် ဖြင့်ပေးဝယ်ကြောင်း သိရှိရပါသည်။ အချို့မြို့မှ ကုန်သည်များက မိကျောင်းကွမ်းဖတ်စေ့ စိုက်ပျိုးသည့် တောင်သူများကို စိုက်ပျိုးရန်အတွက် ငွေကြိုတင် ထုတ်ပေးကြကြောင်း၊ မိကျောင်းကွမ်းဖတ်စေ့ထွက်ရှိမှ မိမိပေးထား သော ငွေကိုခုနှိမ်ကြကြောင်း၊ စိုက်ပျိုးသည့် တောင်သူများအနေဖြင့် ပထမနှစ် မိကျောင်း ကွမ်းဖတ် မျိုးစေ့ တစ်တင်းကြဲပြီးပါက နောက်နှစ်တွင် မျိုးစေ့ ၁၀ ပြည်လောက်သာ ကြဲရကြောင်း၊ နောက်ထပ်အရင်း မများသည့်အတွက် တစ်ပိုင်တစ်နိုင်စိုက်သည့် တောင်သူများ စပါးစိုက်ပျိုးပြီးပါက သီးထပ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးကြောင်း စိုက်ပျိုးသည့်တောင်သူများ၏ ပြောကြားချက်အရ သိရှိရပါသည်။

ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့မှ စိုက်ပျိုးထွက်ရှိသော မိကျောင်း ကွမ်းဖတ်စေ့အား ရန်ကုန်နဲ့ မန္တလေးမြို့ အဝယ်ဒိုင်တို့တွင် ဝယ်ယူ စုဆောင်းပြီး ကားတစ်စီးစာ ၁၆ တန်၊ ၁၇ တန် ပြည့်မှသာ တစ်ဖက်နိုင်ငံသို့တင်ပို့ကြခြင်းဖြစ်သည်။ မိကျောင်းကွမ်းဖတ်စေ့ကို တစ်ဖက်နိုင်ငံတွင် အမျိုးသမီးများ အသားအရေချောမွေ့စေရန်သုံးသည့် အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ် အသုံးပြုကြောင်းနှင့် တရုတ်တိုင်းရင်းပရဆေးများတွင် ထည့်သွင်းအသုံးပြုကြောင်း သိရှိရပါသည်။ ပဲခူးတိုင်းနဲ့ ဧရာဝတီတိုင်းထွက် မိကျောင်းကွမ်းဖတ်စေ့များအား အရည်အသွေးပြည့်မီသော ပို့ကုန်ဖြစ်စေရန်အတွက် စိုက်ပျိုးသည်မှ ထုတ်လုပ်သည်အထိ စံချိန်စံညွှန်းပြည့်ဝစေရန် အထွက်နှုန်းတိုးသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသည့်/ တောင်သူများ အား အသိပညာပေးရန်လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရရှိမည် ဖြစ်ပါသည်။

မိကျောင်းကွမ်းဖတ်စေ့အား တစ်ဖက်နိုင်ငံသို့ တင်ပို့မည်ဆိုပါက လိုင်စင်လျှောက်စရာ မလိုဘဲ ပို့ကုန်အခွန် ၂ ရာခိုင်နှုန်းပေးဆောင် ပြီးပါက တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်ကြောင်း ပို့ကုန်ဈေး တစ်ကီလိုလျှင် ၂၀၀၀ ကျပ်ရှိပြီး တစ်တန်လျှင် သိန်း ၂၀ ရှိကြောင်း၊ မန္တလေးမှ မူဆယ်ကားခ မိကျောင်း ကွမ်းဖတ်စေ့ တစ်ပိဿာလျှင် ၇၅ ကျပ်ပေးဆောင်ရကြောင်း၊ တစ်တန်ကားခ ၄၆၀၀၀ ကျပ်ကုန်ကျကြောင်း၊ တစ်ဖက်နိုင်ငံသို့ ITC ကတ် (တစ်ဦးတည်းပိုင်ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်) ဖြင့် ငါးရက်လျှင် သိန်း ၁၅၀ နှုန်း မိကျောင်းကွမ်းဖတ်စေ့ ၇ ဒသမ ၅ တန်ခန့် တစ်ပိုင်တစ် နိုင်စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ကြောင်းနှင့် တစ်ဖက်နိုင်ငံတွင် မိကျောင်းကွမ်းဖတ်စေ့ တစ်ကီလိုလျှင် ၈ ဒသမ ၅ ယွမ်မှ ၁၀ ဒသမ ၅ ယွမ်အထိ ဈေးရကြောင်း စုံစမ်းသိရှိရပါသည်။

ယခင်က အလေ့ကျပေါက်ပြီး ထွက်ရှိသည့် မိကျောင်းကွမ်းဖတ်စေ့မှ ယခုစနစ် တကျသီးထပ်စိုက် ပျိုးပြီး ထွက်ရှိလာသော မိကျောင်းကွမ်းဖတ်စေ့များကို တစ်ဖက်နိုင်ငံသို့ တင်ပို့ခြင်းဖြင့် စိုက်ပျိုးသူတောင်သူများ အနေဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးသည့် အပြင် အပြန်တွင်မိမိအိမ်သုံးဒေသသုံး လျှပ်စစ်ပစ္စည်းများ၊ အဝတ်အထည် ပစ္စည်းများကို တစ်ပိုင်တစ်နိုင်တင်သွင်းခြင်းဖြင့် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းဒေသနေပြည်သူများ လူနေမှုအဆင့်မြင့်မားကာတိုင်းပြည်အတွက်လည်း ဝင်ငွေတိုးစေမည်ဖြစ်၍ မိကျောင်းကွမ်းဖတ်စေ့များအား ယခုထက်ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်စေရန်ရည်ရွယ်၍ ယခုဆောင်းပါးအား ရေးသားတင်ပြလိုက်ရပါသည်။

**ကြည်ကြည်မြင့်**
**မူဆယ်**

## မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်း နှစ်ပတ်လည် အစည်းအဝေးနဲ့ တိုင်းဥက္ကဋ္ဌရွေးချယ်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပုသိမ်ဟိုတယ်၊ မင်္ဂလာခန်းမတွင် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်း(ဧရာဝတီတိုင်းဒေသကြီးအသင်းခွဲ) အလုပ်အမှုဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနဲ့ ၂၀၁၆-၂၀၁၉ ခု၊ တိုင်းဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ရွေးချယ်ပွဲအခမ်းအနားကို ဇွန် ၄ ရက်တွင် ကျင်းပပြုလုပ်ရာ ဧရာဝတီ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ဝန်ကြီး ဦးဘဟိန်း၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်း (ဗဟို) ဥက္ကဋ္ဌ ဦးတင်ဝင်း၊ တိုင်းဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းမှ ရွေးချယ်ထားသော ဗဟိုနှင့်တိုင်းအသင်းကိုယ်စားလှယ်များ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

၎င်းအစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးဦးဘဟိန်းက ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆန်စပါး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ တိုင်းအတွင်း အလွန်အရေးပါကြောင်း၊ ဈေးကွက်ဝင် ပေါ်ဆန်းရင်၊ ပေါ်ဆန်းဘေးကြားစပါးများကို တိုးချဲ့စိုက်ပျိုးရန် ပြည်ပကုမ္ပဏီများနှင့်ချိတ်ဆက်ဆောင်ရွက်ထားရှိကြောင်း၊ တောင်သူများ စနစ်တကျနည်းမှန် လမ်းမှန် စိုက်ပျိုးနိုင်ရေး နည်းပညာပေးဖို့လိုအပ်ကြောင်း၊ Supply Chain တစ်ခုလုံး အရေးကြီးကြောင်း ပြည်ပ ဈေးကွက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ထုတ်လုပ်မှု၊ အရည်အသွေး၊ ဈေးကွက်ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းအားရှိဖို့ လိုအပ်ကြောင်း ပြောကြားပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်က ကုန်သွယ်မှုမြှင့်တင်ရေးနှင့် Trade Center ဖွင့်လှစ်၍ ပြည်ပနှင့်ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မှု၊ ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေး၊ စားသုံးသူရေးရာများနှင့်ပတ်သက်၍လည်း ဝယ်ယူသူများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ စားသုံးသူအခွင့်အရေးများ ရရှိနိုင်ရန်နှင့်မြို့နယ်များတွင် ဆန်စပါးအသင်း ဆန်စက်ပိုင်ရှင်များနှင့်တွေ့ဆုံ၍ မိမိတို့ဌာနမှ ကူညီဆောင်ရွက်ပေးနိုင်မှုများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ ထို့နောက် တိုင်းဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ရွေးချယ်ပွဲကျင်းပပြုလုပ်ရာ အများ၏ သဘောထားဆန္ဒနှင့်အညီ ပုသိမ်မြို့ ဆန်စက်ပိုင်ရှင် ဦးစိုးဝင်းအား ဥက္ကဋ္ဌအဖြစ်ပြန်လည်ရွေးချယ် တင်မြှောက်ခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

### စီးပွားရေး အကြံပေး ဟောကိန်း

၁၃-၆-၂၀၁၆ မှ ၁၉-၆-၂၀၁၆ ရက်နေ့အထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးတွင် အခွံမာသော သစ်သီး၊ အရည်ရွှမ်းသောသစ်သီးများ ရောင်းဝယ်ဖောက်ကားပါက အကျိုးကျေးဇူးများစွာရှိလိမ့်မည်။ လုပ်ကိုင်ချင်သောစိတ်ဓာတ်မဖြစ်ဖြစ်အောင်လုပ်ကိုင်မည်ဟူသော မာန်ကြောင့် စီးပွားဥစ္စာဖြစ်ထွန်းပါလိမ့်မည်။ ပညာရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းပိုင်းနှင့် ပတ်သက်သောဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မျှော်မှန်းသည်နှင့် အံ့ဝင်ဂွင်ကျရှိနေမည်။

**ယတြာ။ ။ ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းပါ။**



**တနင်္လာသားသမီးများအတွက်** စိတ်ရင်းမှန်နှင့်ပြောဆိုဆက်ဆံရသောအလုပ်ကိစ္စများတွင် ကြံ့တိုင်းဆောင်၍ အောင်မြင်နေရတတ်ပါသည်။ မပြီးပြတ်သောအလုပ်ကိစ္စများကို ကြိုးစား၍လုပ်ဆောင်နေရတတ်သည်။ ဝင်ငွေထွက်ငွေမမျှဖြစ်နေမည်။ ပညာရေးကံကောင်းနေမည်။ ကျန်းမာရေးတွင် အကြောဝေဒနာခံစားရမှုရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်အခြေအတင်ပဋိပက္ခလေးများရှိနေတတ်သောသဘောရှိလိမ့်မည်။ သည်းခံခြင်းဖြင့် အောင်မြင်မှုကိုယူပါ။

**ယတြာ။ ။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** တစ်ခါတစ်ရံသတိလက်လွတ်ပြောဆိုမှုကြောင့် အမုန်းပွားတတ်သည်။ စီးပွားရေးတွင် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး အခက်အခဲရှိနေတတ်သည်။ လုပ်ငန်းခွင်ပြဿနာများဖြစ်တတ်သည်ကို သတိရှိသင့်သောကာလဖြစ်နေတတ်ပါသည်။ ပညာရေးတွင် ဆရာသမားများ၏ ကူညီမှုရရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ထူးခြားစိုးရိမ်စရာရောဂါဝေဒနာမရှိတတ်သော်လည်း အာဂန္တုရောဂါ မကြာခဏဖြစ်တတ်သောသဘောရှိနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အခြေအတင်ပြဿနာလေးများရှိနေတတ်သည်ကို သတိထားသင့်ပါသည်။

**ယတြာ။ ။ ဝါဆိုသင်္ကန်းကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မြေယာအိုးအိမ်တိုက်တာများနှင့် ပတ်သက်ပြီး ကံကောင်းခြင်းနှင့် ကြုံမည်။ ၎င်းအိုးအိမ်ကိစ္စများနှင့် ပတ်သက်ပြီး စိတ်ပင်ပန်းမှုများရှိနေတတ်ပါသည်။ စီးပွားရေးတွင် နိုင်ငံရပ်ခြားပြည်ပဆက်ဆံရေးလုပ်ငန်းကြီးပွားကောင်းမွန်မည်။ ပညာရေး အောင်မြင်မှုရရှိမည်။ ကျန်းမာရေးတွင် အဖျားဝေဒနာမကြာ ခဏဖြစ်တတ်သည်။ အချစ်ရေး ကံကောင်းမည်။ အိမ်ထောင်ရေးအဆင်ပြေနေတတ်ပါ သည်။

**ယတြာ။ ။ ဝါဆိုသင်္ကန်းကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စာပေနှင့်ပတ်သက်သော စီးပွားရေးအထူးဖြစ်ထွန်းအောင်မြင်နေတတ်ပါသည်။ စိန်၊ ရွှေ၊ ရတနာပစ္စည်းများနှင့် ပတ်သက်ပြီး စီးပွားဖြစ်ထွန်းလိမ့်မည်။ အခက်အခဲများပြေလည်မည်။ ပညာရေးထွန်းပေါက်မှုအားကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် ရိုးတွင်းချဉ်ဆီခမ်းခြောက်သော ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်ကောင်းမွန်နေမည်။

**ယတြာ။ ။ ဝါဆိုသင်္ကန်းကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် လုပ်ကိုင်လိုသောလုပ်ငန်းများကို မဖြစ်မနေလုပ်ဆောင်တတ်သည့် အတွက် အောင်မြင်မှုများရရှိပြီး ကြီးပွားချမ်းသာနိုင်သော သဘောရှိပါသည်။ စီးပွားရေးတွင် အနုပညာလုပ်ငန်းများအောင်မြင်ထင်ပေါ် ကျော်စောမှုရှိလာတတ်ပါသည်။ ပညာရေးကံကောင်းမှုများနေမည်။ ကျန်းမာရေးတွင် သွေးတိုး၊ ဆီးချိုရောဂါ သတိထားသင့်သည်။ အန္တရာယ်ပေးနိုင်သောကာလဖြစ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေမည်။

**ယတြာ။ ။ ဝါဆိုသင်္ကန်းကပ်လှူပါ။**



**စနေသားသမီးများအတွက်** အခွင့်အရေးရသည်နှင့် အချိန်အခါကို သုံးသပ်အကောင်အထည်ဖော်နိုင်စွမ်းရှိနေမည်။ လုပ်ငန်းပြောင်း၊ နေရာပြောင်းဖြစ်ရတတ်သည်။ စိတ်ပင်ပန်းမှုများနေမည်။ စီးပွားရေးတွင် သူတစ်ပါးထက်သာအောင် ကြိုးစားစွမ်းဆောင်နိုင်စွမ်းရှိနေမည်။ ပညာရေးလိုက်စားမှုပေါ် မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ ကျန်းမာရေးတွင် အဆုတ်အား မကောင်းသောဝေဒနာရှိတတ်ပြီး ရောဂါဝင်ရန်လွယ်ကူနိုင်သောသဘောရှိနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သင့်တင့်မှုရှိနေမည်။

**ယတြာ။ ။ ဝါဆိုသင်္ကန်းကပ်လှူပါ။**

# တမူးကုန်သွယ်ရေးစခန်းမှ သရက်သီးများတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူး ကုန်သွယ် ရေးစခန်းမှလည်း ကန်ဒေါ်လာ ၁၅၃၈၉ တန်ဖိုးရှိ ရွှေဟင်္သာ သရက်သီး ၁၈ တန် ကိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တမူး ကုန်သွယ်ရေးစခန်းက တင်ပို့တဲ့ သရက်သီးတွေကတော့ စစ်ကိုင်းတိုင်းဒေသကြီး ကလေး၊ ဂန့်ဂေါနဲ့ မော်လိုက်ဒေသ များကထွက်ရှိတဲ့ ရွှေဟင်္သာသရက်မျိုးတွေဖြစ်ကြောင်း၊ သရက်သီးများကို စက္ကူဂျပ်ဖာတွေနဲ့ အစီအရီထည့်ပြီး တမူးကုန်သွယ်ရေးဂိတ်မှတစ်ဆင့်နမ့်ဖာလုံဈေးထဲသို့ သယ်ဆောင် ခြင်းဖြစ်ကြောင်း၊ နမ့်ဖာလုံဈေးမှ တစ်ဖက်နိုင်ငံ မိုရေးက သရက်သီးစားသုံးသူတွေ လာရောက်ဝယ်ယူကြတာဖြစ်ကြောင်း တမူး ကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။

ရှမ်းပြည်နယ်ရပ်စောက်မြို့မှာ စိန်တစ်လုံး သရက်သီးအများဆုံးထွက်ရှိတဲ့ ဒေသဖြစ်သလို ရေ၊ မြေ၊ ရာသီဥတုအနေအထားအရ မန္တလေးတိုင်းမှ စိန်တစ်လုံးသရက်သီးများကိုလည်း မူဆယ်(၁၀၅)မိုင် သစ်သီးဝလံဒိုင်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချပါတယ်။ တစ်နှစ်ပြီး တစ်နှစ် ပိုမိုအထွက်အား ကောင်းလာတာမို့ ဈေးကွက်ကြီးမားတဲ့ တရုတ်ပြည်ဈေးကွက်သို့ အဓိကထား တင်ပို့ရတဲ့အတွက် မေ ၂၈ ရက်မှ ဇွန် ၃ ရက်တာ သီတင်းပတ်မှာ ကန်ဒေါ်လာ ၁ ဒသမ ၂၁၄ သန်းဖိုးရှိ ရွှေဟင်္သာ၊ ရင်ကွဲနဲ့ စိန်တစ်လုံးသီးများကို ၃၅၇၀ တန် တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

# ထန်းခေါက်တောင်းရက်လုပ်ခြင်းဖြင့် ယင်းမာပင်မြို့နယ် ရှမ်းရွာကျေးရွာနေ တောင်သူများအဆင်ပြေ

ယင်းမာပင်မြို့နယ်၊ ရှမ်းရွာကျေးရွာတွင် ထန်းခေါက်တောင်းရက်လုပ်ခြင်းမှ ဝင်ငွေရရှိနေကြောင်း သိရပါတယ်။ "ကျွန်မတို့ရွာပတ်လည် ဝန်းကျင် ပ/သီးကုန်း၊ ပြန်လှည့်၊ အိုးဟိုကျေးရွာတွေမှာ ထန်းပင်တွေအများ အပြားရှိတယ်။ ထန်းလက်အစည်း ၁၀၀ ကို ကျပ် ၂၀၀၀ ပေးဝယ်ရတယ်။ ရက်လုပ်တဲ့အခါ အစည်း ၁၀၀မှာ တောင်းကြီးဆိုရင် ၄-၅ လုံး၊ အသေး ဆိုရင် ၇-၈ လုံးရတယ်။ တစ်ရက်မှာ အနည်းဆုံးအကြီး လေးလုံးရက်လုပ် ပြီးစီးပါတယ်။ အသေးဆိုရင်တော့ ရှစ်လုံးလောက်ပေါ့။ ရောင်းဈေးက တောင်းကြီးတစ်လုံး ကျပ် ၂၀၀၀ နဲ့ တောင်းသေးတစ်လုံး ကျပ်၁၀၀၀ ရောင်းရပြီး၊ တစ်ခါတစ်ရံ မုံရွာ ဈေးကွက်အထိ ရောက်ပါတယ်။ အမြတ်အနေနဲ့ တစ်ရက်ကို ကျပ် ၆၀၀၀ လောက်ကျန်ပါတယ်"လို့ လုပ်ငန်းရှင် "မဦး"ကပြောပါတယ်။

ထန်းခေါက်တောင်း ရက်လုပ်ခြင်းဟာ အိမ်တွင်းအသေးစား ကုန်ထုတ် လုပ်ငန်းဖြစ်တာကြောင့် မိသားစုအတွက် အပိုဝင်ငွေရရှိတဲ့ လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။

**သီတာခိုင်(ယင်းမာပင်)**

# စပါးရိတ်သိမ်းခြွေလှေ့စက် Combine Harvester များ ပြောင်းလဲသုံးစွဲလာ၍ ရိုးရိုးခြွေလှေ့စက်လုပ်ငန်းရှင်များ အရောင်းအဝယ်ပါး



ကသာခရိုင်က ဆန်စပါးစိုက်ပျိုးမှုများတဲ့ ဒေသဖြစ်တဲ့အတွက် ဒီလုပ်ငန်းကို အမှီပြုကာ စပါးခြွေလှေ့စက် ထုတ်လုပ်တဲ့ ဒေသတွင်းစက်မှုလုပ်ငန်းများ တည်ထောင်ခဲ့ကြပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိခဲ့ကြပါတယ်။ ကသာခရိုင်အတွင်းမှာ စပါးခြွေလှေ့စက်၊ စက်ရုံ ၁၆ရုံရှိပြီး စပါးခြွေလှေ့စက် ၁၈၁၇ လုံးရှိတယ်လို့ စီမံကိန်းစာရင်းများအရသိရပါတယ်။ ယခုစက်မှုလယ်ယာပြောင်းလဲမှုနဲ့ စပါးခြွေလှေ့စက်ထက် ပိုမိုအဆင်ပြေတဲ့ ရိတ်သိမ်းခြွေလှေ့စက် Combine Harvester ပြောင်းလဲသုံးစွဲလာတဲ့အတွက် ရိုးရိုးခြွေလှေ့စက် လုပ်ငန်းရှင်များ အရောင်းအဝယ်ပါးတယ်လို့ ခြွေလှေ့စက်လုပ်ငန်းရှင်များထံမှ သိရပါတယ်။

" စပါးခြွေလှေ့စက်လုပ်ငန်းကို ၂၀၁၀ ခုနှစ်ကစတင်တည်ထောင်လုပ်ကိုင်ခဲ့ပါတယ်။ စက်ပါဝါအလိုက် အရစ်ကျ၊ လက်ငင်းငွေချေ၊ ကြိုတင်မှာဝယ်စနစ်များနဲ့ ထုတ်လုပ်ရောင်းချခဲ့ပါတယ်။ ယခင်နှစ်ကဒီအချိန်မှာ ရှစ်လုံးရောင်းရပေမယ့် ဒီနှစ်စက်သုံးလုံးသာရောင်းရပါတယ်။ ကသာခရိုင်အတွင်းမှာ ခြွေလှေ့စက်အရောင်းအဝယ်ပါးသွားပါပြီ။ မိုးညှင်းနဲ့ ဗန်းမော်မှာသာ ဝယ်လက် အနည်းငယ်ရှိပါတယ်။ တောင်သူအများစုက ရိတ်ခြွေအိတ်ထဲရောက်တဲ့ Combine Harvester စက်ကြီးများကို အားထားအသုံးပြုနေကြပြီဖြစ်ပါတယ်။ အင်းတော်မြို့နယ်အတွင်းမှာ Combine Harvester စက်လတ်သုံးလုံးရှိနေတယ်"လို့ ဝင်းခြွေလှေ့စက်လုပ်ငန်းရှင် ဦးဝင်းမောင်ကဆိုပါတယ်။

**ကြည်နိုင်ဦး(အင်းတော်)**



# မြို့ကြီးများ၏ ၁၃-၆-၂၀၁၆ မှ ၁၇-၆-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၃-၆-၂၀၁၆) | အင်္ဂါ(၁၄-၆-၂၀၁၆) | ဗုဒ္ဓဟူး(၁၅-၆-၂၀၁၆) | ကြာသပတေး(၁၆-၆-၂၀၁၆) | သောကြာ(၁၇-၆-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F |
| ရန်ကုန်မြို့ | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၆°F |
| မန္တလေးမြို့ | ၈၀% ၃၁°C/၈၈°F | ၄၀% ၃၂°C/၉၀°F | ၅၀% ၃၃°C/၉၂° | ၄၀% ၃၄°C/၉၃°F | ၃၀% ၃၅°C/၉၅°F |
| မြစ်ကြီးနား | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၆°C/၇၉°F | ၇၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၄°F |
| လားရှိုး | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၇°C/၈၀°F |
| ကျိုင်းတုံ | ၄၀% ၂၈°C/၈၃°F | ၅၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| လွိုင်ကော် | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၅°F | ၇၀% ၂၅°C/၇၇°F | ၆၀% ၂၆°C/၇၈°F | ၈၀% ၂၆°C/၇၉°F |
| တောင်ကြီး | ၈၀% ၂၀°C/၆၉°F | ၇၀% ၂၀°C/၆၉°F | ၇၀% ၂၀°C/၆၉°F | ၆၀% ၂၂°C/၇၀°F | ၆၀% ၂၀°C/၇၀°F |
| မော်လမြိုင် | ၉၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F |
| ဘားအံ | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၅°F |
| တောင်ငူ | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၅°F |
| မုံရွာ | ၈၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၈°F | ၄၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၉၁°F | တိမ်ထူထပ် ၃၃°C/၉၂°F |
| ပုသိမ် | ၉၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| ပြည် | ၉၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| စစ်တွေ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F |
| မကွေး | ၉၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F |
| ဖလမ်း | ၈၀% ၂၀°C/၆၈°F | ၇၀% ၂၀°C/၆၈°F | ၈၀% ၂၀°C/၆၉°F | ၈၀% ၂၂°C/၇၀°F | ၈၀% ၂၃°C/၇၃°F |



## အိန္ဒိယနိုင်ငံ အလယ်ပိုင်းဒေသများအထိ မုတ်သုံမိုး ဝင်ရောက်ပြီ

အိန္ဒိယနိုင်ငံ အလယ်ပိုင်း ဒေသများအထိ မုတ်သုံမိုး ဝင်ရောက်နေပြီဖြစ်ကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ ကီရာလာဒေသတွင် ပြီးခဲ့သည့် ဇွန် ၈ ရက်က မိုးရွာသွန်းခဲ့ရာ ထိုနေ့တစ်နေ့တည်းမှာပင် မိုးရေ ချိန် ၁၁၂ မီလီမီတာအထိ ရွာသွန်းခဲ့မှုကြောင့် ကီရာလာဒေသတွင် မိုးခေါင် ခြောက်သွေ့မှုများ အဆုံးသတ်ခဲ့ပြီဖြစ်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံ မိုးလေဝသဌာနကလည်း အိန္ဒိယနိုင်ငံတစ်ဝန်းတွင် မုတ်သုံရာသီ စတင်ဝင်ရောက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အိန္ဒိယနိုင်ငံလူဦးရေ၏ ၅၈ ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ကြသူများ ဖြစ်ရာ မုတ်သုံမိုး စောစီးစွာ ဝင်ရောက်လာသဖြင့် မိုးခေါင်ခြောက်သွေ့မှုကို ကျော်လွှားနိုင်ခဲ့ပြီဖြစ် သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် ကျေးလက်ဒေသတွင် နေထိုင်ကြသူလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ မိုးရေကို အသုံးပြု၍ လယ်ယာလုပ်ငန်းများကို လုပ်ကိုင်နေကြသူများ ဖြစ်သည်ဟု ဆိုသည်။

အလားတူ မဟာရသျှတ္တရာပြည်နယ်တွင် နောက် ၄၈နာရီအတွင်း မိုးများ ရွာသွန်းတော့မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် မွမ်ဘိုင်း၊ ပူနေးနှင့် အခြားသော အလယ်ပိုင်းဒေသများတွင်လည်း နောက် ၄၈ နာရီအတွင်း မိုးများရွာသွန်းလိမ့်မည်ဟု မိုးလေဝသဌာနက ခန့်မှန်း ထားသည်။

"အနောက်တောင်ပိုင်း မုတ်သုံရာသီဥတုအခြေအနေကတော်တော်လေးကို တိုးတက်နေပါပြီ။ ကာနာတာကာ၊ အင်ဒရာပရာဒေ့ရှ် မဟာရသျှတ္တရာကမ်းခြေဒေသတွေမှာနောက် ၄၈နာရီဆိုရင် မိုးရွာ သွန်းတော့မှာဖြစ်ပါတယ်။ အလယ်ပိုင်းဒေသကိုကြည့်ရင် မိုးရွာသွန်းမယ့် အရိပ်အယောင်ကရာနှုန်းပြည့်ပါပဲ"ဟု ပူနေးမိုးလေဝသဌာနမှ ညွှန်ကြားရေးမှူး စူနီတာဒေဝီက ပြောကြားခဲ့သည်။

မွမ်ဘိုင်းမြို့တွင် ဇွန်လအတွင်း မိုးရေချိန် ၅၂၃ ဒသမ ၁ မီလီမီတာမှာ မူလစံချိန်ဖြစ်ပြီး ဇူလိုင်လတွင်မူ မိုးရေချိန်မှာ ၇၉၉ ဒသမ ၇မီလီမီတာအထိရှိလာနိုင်ကြောင်း စကိုင်းမက် မိုးလေဝသသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

**မယ်သီတာ**

## အင်ဒိုနီးရှားနိုင်ငံတွင် အင်အားအနည်းငယ်ပြင်းထန်သည့်ငလျင်များ ရက်ခြားလှုပ်ခတ်လျက်ရှိ

အင်ဒိုနီးရှားနိုင်ငံတွင် အင်အားအနည်းငယ် ပြင်းထန်သည့် ငလျင်များ ဇွန်၂ ရက်မှ စတင်ကာ ဇွန်၉ ရက်အထိ ရက်ခြား လှုပ်ခတ်လျက်ရှိကြောင်း NDTV တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်ဇွန် ၂ ရက်က အင်ဒိုနီးရှားနိုင်ငံ စူးမားတြားကျွန်း၏ ကမ်းခြေတစ်လျှောက်တွင် အင်အား ၆ဒသမ၅အဆင့်ရှိသည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

အဆိုပါငလျင်သည် ပါဒန်မြို့မှ ကီလိုမီတာ ၁၄၀ အကွာ၊ မြေအောက် အနက် ကီလိုမီတာ ၅၀ ကို ဗဟိုပြု၍ လှုပ်ခတ်သွားခြင်းဖြစ်ကြောင်း၊ ဒေသခံ ပြည်သူများမှာ နေအိမ်အပြင်ဘက်သို့ ပြေးထွက်ခြင်း၊ ခုတင်အောက်တွင် ဝင်ရောက်ပုန်းအောင်းနေခြင်းများကို ပြုလုပ်ကြကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် ဇွန် ၈ ရက်ကလည်း အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း မိုလူကာပင်လယ်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း၊ ပင်လယ်ရေအောက် အနက် ၃၈ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သဖြင့် ဆူနာမီသတိ ပေးချက်များထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အလားတူ ဇွန်၉ရက်ကလည်း အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း ဒေသတစ်ခုဖြစ်သည့် Lombok ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိသည့် အင်အားပြင်းထန်သည့် ငလျင်တစ်ခုလှုပ်ခတ်ခဲ့သည်ဟုဆိုသည်။

အဆိုပါ ငလျင်များလှုပ်ခတ်မှုကြောင့် ပျက်စီးမှုတစ်စုံတစ်ရာ ရရှိထားခြင်း မရှိသေးသော်လည်း အင်ဒိုနီးရှား ပြည်သူများအနေဖြင့် ငလျင်လှုပ်ခတ်သည့် အတွေ့အကြုံများ များစွာရှိနေသဖြင့် ပျက်စီးဆုံးရှုံးမှု ပမာဏ နည်းပါးနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာ၏ မီးတောင်စက်ကွင်းအတွင်း တည်ရှိနေသဖြင့် မီးတောင်များလှုပ်ရှားမှုဖြစ်ပေါ်တိုင်းငလျင်လှုပ်ခတ်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

**မယ်သီတာ**

သင့်ကျန်းမာရေး

# ဦးခေါင်းမှာသန်းစွဲခြင်း

ဒေါက်တာလွင်သန့်

**အမျိုးသမီးများ ဆံပင်ရှည်ထားကြတာ ဟိုးသမိုင်းဦးဘုံမြေခေတ်ကတည်းကဖြစ်ပါတယ်။ ဆံပင်ဟာ အမျိုးသမီးရဲ့ကောင်းခြင်းငါးဖြာမှာ တစ်ပါးဖြစ်နေတော့ ဆံပင်ကောက်ခြင်း၊ ဖြောင့်ခြင်း၊ ဆေးဆိုးခြင်းမရှိခင်က အရှည်ထား တတ်ကြတယ်။ ဆံပင်ရဲ့အလှကိုဖျက်တာ “သန်း ” ပဲဖြစ်တယ်။ ဆယ်ကျော်သက်တွေမှာ ပိုအဖြစ်များတယ်။**

**ပေါက်ပွားပုံ။** သန်းများဆံပင်မှာ တွယ်ကပ်သွားလာကြပြီး၊ ဦးရေပြားနဲ့နီးတဲ့နေရာမှာ သန်းဥ ဥချပါတယ်။ ယင်းသန်းဥက ရက်သတ္တတစ်ပတ်လောက်ကြာရင်“ သန်း ”အကောင်ငယ်များပေါက်လာကြတယ်။ “သန်း” လေးတွေက နောက်တစ်ပတ်ကြာရင် အရွယ်ရောက်တဲ့ သန်းတွေဖြစ်ပြီး ဆံပင်မှာ တွယ်ကပ်သွားလာနေတယ်။ သန်းအကြီးတစ်ကောင်က သန်းဥ ၅၀ မှ ၁၀၀ ထိ ဥနိုင်တယ်။ သန်းပေါက်ပွားနှုန်းမြန်တယ်။ တစ်ခေါင်းလုံးရှိပေမယ့် နောက်စေ့နဲ့နားနောက်မှာပိုတယ်။

**ကူးစက်ခြင်း။** သန်းတွေဟာ လူတစ်ယောက်ကနေ၊ တစ်ယောက်ကို အလွယ်တကူကူးစက်နိုင်တယ်။ ခေါင်းဘီး၊ ဦးထုပ်၊ ခေါင်းအုံးတို့မှ တစ်ဆင့် တစ်ယောက်နဲ့တစ်ယောက်ကူးစက်တတ်တယ်။ သန်းတွေက ဦးခေါင်းမှာ ပဲရှင်သန်ကြပြီး ခေါင်းအုံးတို့၊ ဘီးတို့မှာ နှစ်ရက်သုံးရက်ကြာရှင်သန်နိုင်တယ်။ လူအများဆုံးရှိတဲ့ ဘော်ဒါဆောင်တွေမှာ “သန်း” ကူးတယ်။

**လက္ခဏာများ။** ခေါင်းမှာသန်းရှိရင် ယားလာတယ်။ ဦးရေနဲ့လည်ပင်းမှာ ယားတယ်။ မိတ်ဖုအရွယ် ယားဖုပေါ်လာတယ်။ လက်သန်းနဲ့ကုတ်ရင် အရေပြားထူအစ်ပြီး၊ နှင်းခူသဏ္ဍာန် အသွင်ပြောင်းသွားတတ်တယ်။ ကုတ်မိပါက အရေပြားပွဲသွားပြီး ပိုးဝင်ကာ ပြည်တည်နာဖြစ်နိုင်တယ်။ ပြည်တည်နာက ဦးရေပြား၊ လည်ပင်း၊ မျက်နှာ၊ နဖူးနဲ့နားအထိ အဆိပ်ပျံ့နှံ့သွားနိုင်တယ်။ အချို့ခေါင်းမှာ “ ကျပ်ခဲပြီး ”ပြည်တစိုစိုဖြစ်နေတတ်တယ်။

**ကုသခြင်း။** သန်းတွေသေအောင် ပိုးသတ်ဆေးသုံးပြီး ကုသကြတယ်။ စနစ်တကျကုသဖို့လိုတယ်။ ပါမီသရင်း (Phamedrin) တစ်ရာခိုင်နှုန်းပြင်းအားရှိတဲ့ ဆေးရည်၊ မာလာသီယွန် (Malathion) သုည ဒသမ ၅ ရာခိုင်နှုန်း ပြင်းအားရှိတဲ့ဆေးရည်၊ အိုင်ဗာမက်တင်း (Ivermedin) သုည ဒသမ ၈ ရာခိုင်နှုန်းရှိတဲ့ ဆေးရည်တွေ အသုံးပြုကြတယ်။ ယင်းဆေးရည်တစ်မျိုးမျိုးကို ဆံပင်စိုရွှဲသွားအောင် သုတ်လိမ်းပေးပြီး၊ လေးမိနစ်မှ ရှစ်မိနစ်ကြာရင် ခေါင်းလျှော်ရတယ်။

အချို့ဆေးရည်က သန်းအကောင်သာသေပြီး၊ သန်းဥတွေမသေလို့ နောက်တစ်ပတ်ကြာရင် ဆေးတစ်ခါလိမ်းရမယ်။ အချို့က တစ်ကြိမ်လိမ်းရုံနဲ့ “ သန်းဥနဲ့သန်း” တွေ သေသွားတယ်။ “ လင်ဒိန်းဆေးရည် ” ကို ကိုယ်ဝန်ဆောင်နဲ့ နို့တိုက်မိခင် မသုံးရဘူး။ ပါရာသီယွန်ကို ကလေးတွေမှာမသုံးရဘူး။

**ဆေးညွှန်း။** ဆေးညွှန်းအတိုင်းမလိုက်နာရင် သန်းတွေပြန်လည်ပေါက်ဖွားလာမယ်။

**မြန်မာ့ဘီးစိပ်။** မြန်မာ့ရိုးရာ “ ဘီးစိပ်နဲ့တိုက်ချနည်းက သန်းရော၊ သန်းဥတွေပါ ဖယ်ရှားပစ်နိုင်ပါတယ်။ ဆံပင်မှာကပ်တွယ်နေတဲ့ သန်းဥတွေက အစ ဘီးစိပ်နဲ့တိုက်ရင် ကျလာပါတယ်။ မှန်မှန်တိုက်ရင် သန်း၊ သန်းဥ ကင်းလာတယ်။ တစ်ခုသတိထားသင့်တာက ဘီးစိပ်တစ်ခုတည်းမျှသုံးနေရင် သန်းကူးသွားနိုင်တယ်။ ဘီးစိပ်အသုံးပြုပြီး အရက်ပျံ သို့မဟုတ် လိုင်ဆော (Lysol) ဆေးရည်နဲ့ဆေးကြောသန့်စင်ပြီးမှ ဘီးစိပ်ပြန်သုံးသင့်ပါတယ်။

**ကာကွယ်ခြင်း။** တစ်ကိုယ်ရည်သန့်ရှင်းရေးအရေးကြီးတယ်။ သန်းတွေက ခေါင်းဘီး၊ ဦးထုပ်၊ ခေါင်းအုံး၊ အိပ်ရာခင်းတွေမှတစ်ဆင့် ကူးစက်တတ်တဲ့အတွက် တစ်ကိုယ်ရည်ကိုယ်ပိုင်ထားသင့်တယ်။ အများနဲ့ရောပြီး မသုံးစွဲသင့်ပါ။ ဆယ်ကျော်သက်နဲ့ မိသားစုတွေမှာ သန်းပြဿနာရှိ၊ မရှိ သတိထားကြည့်ပြီး၊ ရှိရင်စောစောစီးစီး အမြစ်ပြတ်အောင်ကုသလိုက်ပါမှ၊ တစ်ယောက်ကအခြားတစ်ယောက်ဆီ မကူးစက်နိုင်မှာဖြစ်တယ်။ “ သန်း” ရှိရင် ရှက်ဖို့ကောင်းပါတယ်။ ကိုယ့်ခေါင်းအုံး၊ မျက်နှာသုတ်ပဝါ၊ ခေါင်းသုတ်ပဝါ၊ ဘီးကိုယ်ပိုင်ထားရှိဖို့လိုတယ်။ သန်းစွဲရင်ပြတ်အောင်ကုရပါမယ်။

# ဆေးလိပ် ၊ ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်မှုအတွက် စိန်ခေါ်မှုများ

ပြောင်းလဲလာသော နိုင်ငံရေး အခင်းအကျင်းနှင့် စီးပွားရေးမူဝါဒများကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေး အခန်းကဏ္ဍသည်လည်း လျင်မြန်စွာ ပြောင်းလဲလျက်ရှိသည်။ ကုန်သွယ်ကူးသန်းရောင်းဝယ်မှုများနှင့်ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများအတွက် ဖြေလျော့မှုများကို အဆင့်ဆင့် ပြုလုပ်ခဲ့သည်။ ထိုဖြေလျော့မှုများနှင့်အတူ တရားမဝင် မှောင်ခို ကူးသန်းရောင်းဝယ်ခြင်းများအား တိုက်ဖျက်ရန်အတွက် ၂၀၁၂ ခုနှစ် သမ္မတဦးသိန်းစိန် အစိုးရလက်ထက်တွင် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ (Central Committee for Preventing and Controlling Illegal Trading)ကို ဖွဲ့စည်းခဲ့ပါသည်။

သို့သော် ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၃၁ရက်မှ စတင်ပြီး နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၅ဖြင့် မိုဘိုင်းလ်အဖွဲ့ကို တရားဝင် ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။ တရားမဝင် ကုန်သွယ်မှုများကို ဝန်ကြီးဌာနမှ ဆက်လက်ပြီးတားဆီးဆောင်ရွက်မည်ဟုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကဆိုသည်။ မိုဘိုင်းလ်အဖွဲ့ရှိစဉ်က တရားမဝင် ကုန်သွယ်မှုပမာဏများကို ကြည့်ရှုပါက မိုဘိုင်းလ်အဖွဲ့စတင်စဉ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ၁-၁၁-၁၂ မှ ၃၁-၃-၁၃ အထိ အမှုတွဲ ၃၃၁၆၊ တန်ဖိုးကျပ်သန်းပေါင်း ၂၉၄၄ ဒသမ ၅၉၃၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွင်း အမှုတွဲ ၁၁၂၇၊ တန်ဖိုးကျပ်သန်းပေါင်း ၁၀၀၆၂ ဒသမ ၄၃၁၊ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်အတွင်းအမှုတွဲ ၂၁၃၈၊ တန်ဖိုး ကျပ်သန်းပေါင်း ၁၂၁၉၈ ဒသမ ၆၉၆၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နိုဝင်ဘာလအထိ) အမှုတွဲ ၂၅၇၅၊ တန်ဖိုး ကျပ်သန်းပေါင်း ၁၈၂၁၄ ဒသမ ၂၀၄ အထိ ရှိခဲ့ကြောင်း တွေ့ရှိရသည်။

မြန်မာပြည်တွင် တရားမဝင် မှောင်ခိုရောင်းဝယ်နေသည့် ပစ္စည်းများထဲတွင် အရက်၊ ဘီယာနှင့် ဆေးလိပ်သည် သိသာထင်ရှားသည့် ကုန်ပစ္စည်းများဖြစ်ကြသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှအမိန့်ကြော်ငြာစာဖြင့် တင်သွင်းခွင့် တားမြစ်ပိတ်ပင် ထားခံရသည့် အဆိုပါပစ္စည်းများသည် ဈေးကွက်အတွင်း လွယ်လွယ်ကူကူပေါ်ပေါ်ထင်ထင် ဝယ်ယူရရှိနေသည်မှာ အချိန်ကာလကြာမြင့်လှပြီဖြစ်သည်။ ထိုပစ္စည်းများကို ထိန်းချုပ်မည်ဟုဆိုသော်လည်း တစ်ခါတစ်ရံစီမံချက်ဖြင့် လှုပ်ရှားသည်မှအပ စဉ်ဆက်မပြတ်စောင့်ကြည့် ထိန်းချုပ်ကြပ်မတ်မှုမရှိပေ။

ဆေးလိပ်သောက်သုံးမှု လျှော့ချရေးအတွက် ရည်ရွယ်ချက်များစွာနှင့် အဖက်ဖက်မှ လုပ်ဆောင်နေပြီး တရားမဝင်မှောင်ခိုကုန်သွယ်မှုအားထိန်းချုပ်ရန်ကြိုးပမ်းမှုသည်လည်းထိုအထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် အာရှ-ပစိဖိတ်ဒေသများတွင် တရားမဝင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ကုန်ပစ္စည်းများ ကုန်သွယ်နေမှုမှာ စီးကရက်အလိပ်ရေပေါင်း ဘီလျံ ၃၀၀နီးပါးအထိ ရှိနေကြောင်း သိရသည်။ ကမ္ဘာ့အကောက်ခွန်သတင်းများ၏ ဖော်ပြချက်များအရ ကမ္ဘာပေါ်တွင် စီးကရက် ၁၀လိပ် သောက်သုံးတိုင်း တစ်လိပ်မှာ တရားမဝင်ကုန်သွယ်မှုဖြစ်နေကြောင်း သိရသည်။ ထို့ပြင် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင်လည်း တရားဝင်ဆေးလိပ် ထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်း တရားမဝင် ကုန်သွယ်မှု ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရောင်းချနေသော ဆေးလိပ်အမျိုးအစားပေါင်းမှာ တစ်ရာကျော်ရှိပြီးအများစုမှာပြည်တွင်း ပြည်ပမှ တရားမဝင်နည်းလမ်းများဖြင့် ဝင်ရောက်လျက်ရှိကြောင်းကို ကြားသိတွေ့မြင်နေရသည်။

မြန်မာနိုင်ငံအတွင်း ဆေးလိပ်သောက်သုံးမှု လျော့နည်းစေရေးအတွက် ပြည်တွင်းထုတ် စီးကရက် များနှင့် ပြည်ပမှတရားဝင် တင်သွင်း လာသော စီးကရက်များအပေါ်တွင် အခွန်ငွေမျှားတိုးမြှင့်လိုက်သော်လည်းတစ်ဖက်မှ တရားမဝင်မှောင်ခို စီးကရက်များကြောင့် တရားဝင်အခွန် ဆောင်ပြီး ဈေးနှုန်းကြီးမြင့်လာသော စီးကရက်များအစား လွယ်လင့်တကူရရှိပြီးဈေးသက်သာသောစီးကရက်များကို ရွေးချယ်သောက်သုံးနေကြသည်ဟုဈေးကွက်ကိုလေ့လာနေသောသူများ ကဆိုသည်။ အမှန်တကယ်လည်း ဈေးကွက်ထဲတွင် မြန်မာနိုင်ငံ၌ထုတ်လုပ် ခြင်းမရှိဘဲ တရားဝင်တင်သွင်းခွင့် လည်းမရှိသည့် စီးကရက်များကို နေရာအနှံ့ အလွယ်တကူဝယ်ယူရရှိနိုင်သည်။

ထို့ပြင် ယခုနှစ် ဖေဖော်ဝါရီလကလည်း မြန်မာနိုင်ငံတွင်ဆေးလိပ်သောက်သုံးမှုလျော့ကျရေးကိုရည်ရွယ်ပြီး ခံတွင်း ကင်ဆာရုပ်ပုံနှင့် သတိပေးစာတမ်းများကို ဆေးလိပ်ဘူးခွံ ရှေ့နောက် မျက်နှာပြင် ဧရိယာ ၇၅ ရာခိုင်နှုန်းအထိ ပုံနှိပ်ဖော်ပြရန် အမိန့်ကြော်ငြာစာကို ဖေဖော်ဝါရီ ၂၉ ရက်တွင် နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာနမှ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီး၊ ယင်းကို စက်တင်ဘာ ၁ ရက်မှစတင်၍ ဆေးရွက်ကြီး ထုတ်ကုန်များပေါ်တွင် ဖော်ပြရမည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် အကျွမ်းတဝင်မရှိသေးသည့် ကျန်းမာရေး ဆိုးရွားစွာခံစားနေရသော ရုပ်ပုံများကြောင့် ဆေးလိပ်သောက်သူများ အနေဖြင့် ယခင်က ကဲ့သို့ ဝယ်ယူသောက်သုံးရသည်မှာ သက်သောင့်သက်သာ မရှိတော့သော်လည်း ဈေးကွက်အတွင်း အခြားရွေးချယ်စရာ ရုပ်ပုံမပါရှိသော ဆေးလိပ် ဘူးများက အဆင်သင့်ရှိနေပါသည်။ တရားဝင် ထုတ်လုပ်သော ဆေးလိပ်ကုမ္ပဏီများအနေဖြင့် သတ်မှတ်ပြဌာန်းချက်များအတိုင်း သတိပေး ရုပ်ပုံနှင့် စာတမ်းများကို ဖော်ပြသော်လည်း နယ်စပ်ဝင်ပေါက်များမှ တရားမဝင် ဝင်ရောက်လျက်ရှိနေသော ဆေးလိပ်ဘူးများကို ရွေးချယ်ရန် အခွင့်အရေးများရရှိသဖြင့် ကျန်းမာရေးသတိပေး ရုပ်ပုံများမပါရှိသော မှောင်ခိုဆေးလိပ်များကို သာရွေးချယ်သောက်သုံးကြမည် ဖြစ်သည်။

ယင်းတို့ကိုသာရွေးချယ်သောက်သုံးသွားမည်ဆိုလျှင် မူလရည်ရွယ်ချက်ဖြစ်သော ဆေးလိပ်သောက်သုံးမှုလျှော့ချရေးအစီအစဉ်သည် အချည်းနှီးသာဖြစ်မည်။ ထို့ကြောင့် ထိုတရားမဝင် ဝင်ရောက်လျက်ရှိနေသော ဆေးလိပ်များကို ဖမ်းဆီးအရေးယူရန်မှာ ဦးစွာကြပ်မတ် လုပ်ဆောင်သင့်သော အခန်းကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။

ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း မူဘောင် (Frame work convertion on Tobacco control) အရ ထုတ်ပြန်ချက် အခန်း ၁၅ အရ တရားမဝင် ကုန်သွယ်မှု နည်းလမ်းများကို ထိန်းချုပ်ရန် ဆေးလိပ်၊ စီးကရက် အတုအပပြုလုပ်မှု၊ မှောင်ခိုတင်သွင်းရောင်းချမှု ထိန်းချုပ်ရန် နိုင်ငံ၊ ဒေသအလိုက်နည်းဥပဒေများ ပြဌာန်းရန်၊ စီးကရက်ဘူးခွံများပေါ်တွင် ထုတ်လုပ်မည့် နိုင်ငံ၊ တင်ပို့ရောင်းချမည့် နိုင်ငံတို့ကို ထင်ရှားစွာဖော်ပြရန်၊ ဖော်ပြပါ အမှတ်အသားများအား တင်ပို့မည့် သက်ဆိုင်ရာဘာသာ စကားဖြင့်ရေး သားဖော်ပြရန်၊ နယ်စပ်ဒေသများမှ စီးကရက်ကုန်သွယ်မှု အချက်အလက်များ ကောက်ခံရန်၊ စီးကရက် တရားမဝင် ကုန်သွယ်မှုအားဖမ်းဆီးရမိပါက တင်းကျပ်စွာအရေးယူရန် ပါရှိသည်။ ထို့ပြင်ဖမ်းဆီးရမိသော တရားမဝင် စီးကရက်များအားစနစ်တကျဖျက်ဆီးရန်၊ စီးကရက် တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်ပြီး အဖွဲ့ဝင်နိုင်ငံအချင်းချင်းသတင်းပေးရန်နှင့်ပူးပေါင်းတိုက်ဖျက်ရန်တို့ကို ထုတ်ပြန်ထားသည်။ အဆိုပါ အချက်များကိုသာ အသေအချာ အကောင်အထည်ဖော်ဆောင်နိုင်မည်ဆိုလျှင် မူလရည်ရွယ်ချက်ဖြစ်သော ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးကို ထိရောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မူလရည်ရွယ်ချက်ဖြစ်သည့် ပြည်သူ့ကျန်းမာရေးအတွက် ဆေးလိပ်သောက်သုံးမှုကို လျှော့ချနိုင်ရန် ကျန်းမာရေးဌာနမှ ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားထည့်သွင်းရန် အမိန့်ကြော်ငြာစာများဖြင့်ဆောင်ရွက်နေသလိုအဆိုပါလုပ်ဆောင်ချက်များ ထိမိအောင်လည်း အဘက်ဘက်မှ လေ့လာဆောင်ရွက်သင့်ပေသည်။ သို့မှသာ မူလရည်ရွယ်ချက်ကိုအပြည့်အဝ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေကြောင်းအရ ရှင်းလင်းပြီးသားဖြစ်သည့် အဆိုပါ တရားမဝင် ကုန်သွယ်ရောင်းချဖြန့်ဖြူးနေသည့် မှောင်ခိုဆေးလိပ်များကို အရင်ဆုံး ရှင်းလင်းကိုင်တွယ်သင့်ပေသည်။

ဒါလီအောင်




# ဆူပူမှုဖြစ်ပွားပြီးနောက် အင်္ဂလန် ဘောလုံးပရိသတ်နှစ်ဦးကို ပြင်သစ်ရဲတပ်ဖွဲ့ဖမ်းဆီး

ယူရို ၂၀၁၆ ပြိုင်ပွဲကျင်းပမည့် ပြင်သစ်နိုင်ငံတွင် အင်္ဂလန်ဘောလုံးပရိသတ်များ၏ဆူပူမှုများအား ပြင်သစ်ရဲများက မျက်ရည်ယိုဗုံးများဖြင့် လူစုခွဲခဲ့ပြီးနောက် အင်္ဂလန်ဘောလုံးပရိသတ်နှစ်ဦးအား ပြင်သစ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဘီဘီစီ သတင်းတွင် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံသို့ရောက်ရှိလာသည့် အင်္ဂလန်ဘောလုံးပရိသတ်များအနက် အချို့သောပရိသတ်များသည် အရက်သေစာများသောက်စားထားပြီး "ဟေး အိုင်အက်စ် မင်းတို့ဘယ်မှာလဲ"ဟု သံပြိုင်အော်ဟစ်နေကြသဖြင့် မာဆေးမြို့ရှိ ပြင်သစ်ဘောလုံးပရိသတ်များနှင့် ခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။

ပြင်သစ်နိုင်ငံ၊ မာဆေးမြို့တွင် အစ္စလာမ်မစ်အစွန်းရောက်စစ်သွေးကြွများရှိနေပြီး အဆိုပါမြို့သည် အိုင်အက်စ်များအခြေစိုက်ရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု အင်္ဂလန်နိုင်ငံသားများက ယူဆထားသဖြင့် ယခုကဲ့သို့ အော်ဟစ်ကြခြင်းဖြစ်သည်ဟုဆိုသည်။

မာဆေးမြို့ရဲတပ်ဖွဲ့ဝင်များသည် အုပ်စုနှစ်စုကြားဖြစ်ပွားနေသည့် ရန်ပွဲများကိုဖြေရှင်းရန်အတွက် မျက်ရည်ယိုဗုံးများကို ခွဲခဲ့ရခြင်းဖြစ်သည်ဟု မာဆေးမြို့ရဲတပ်ဖွဲ့အကြီးအကဲဖြစ်သူက ပြောကြားခဲ့သည်။

ယူရို ၂၀၁၆ ပြိုင်ပွဲများကို ဇွန် ၁၀ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်ရာ ပွဲဦးထွက်အဖြစ် အင်္ဂလန်အသင်းသည် ရုရှားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြင်သစ်အသင်းသည် ရိုမေးနီးယားအသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းသို့ယှဉ်ပြိုင်မည့်မာဆေးမြို့တွင် ယခုကဲ့သို့သောဖြစ်ရပ်များ ဖြစ်ပွားခဲ့ရခြင်းကြောင့် ဘောလုံးကွင်းအတွင်း လုံခြုံရေးများကို တိုးမြှင့်ချထားမည်ဖြစ်သည်ဟု မာဆေးရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားခဲ့သည်။

# အာဆီယံ အမျိုးသမီးချန်ပီယံရှစ် ၂၀၁၆ ပြိုင်ပွဲ ခြေစစ်ပွဲ ပွဲစဉ်အတွက် ပွဲစဉ်ဇယားများ ထွက်ပေါ်

မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် လာမည့် ဇူလိုင် ၂၆ ရက်တွင် စတင်ကျင်းပမည့် အာဆီယံ အမျိုးသမီးချန်ပီယံရှစ် ၂၀၁၆ပြိုင်ပွဲအတွက် ပွဲစဉ်ဇယားများကို အာဆီယံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

အဆိုပါ ပွဲစဉ်ဇယားများအရ အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူနှင့် ဖိလစ်ပိုင်တို့ ပါဝင်ပြီး အုပ်စု(ခ)တွင် အိမ်ရှင်မြန်မာ၊ ဩစီ ယူ-၂၀၊ မလေးရှားနှင့် တီမောတို့ပါဝင်ကြကြောင်း သိရသည်။

ပြိုင်ပွဲများကို တစ်နေ့လျှင် နှစ်ပွဲကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းသည် ဇူလိုင် ၂၇ရက်တွင် တီမောအသင်းနှင့် ပွဲဦးထွက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဇူလိုင် ၂၉ ရက်တွင် မလေးရှားအသင်း၊ ဇူလိုင် ၃၁ ရက်တွင် ဩစီ ယူ-၂၀ အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဩဂုတ် ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ပွဲစဉ်ဇယားများ**

| | | | |
|---|---|---|---|
| ၂၆-၇-၁၆ | ထိုင်း | - | ဖိလစ်ပိုင် |
| | ဗီယက်နမ် | - | စင်ကာပူ |
| ၂၇-၇-၁၆ | မြန်မာ | - | တီမော |
| | ဩစီယူ-၂၀ | - | မလေးရှား |
| ၂၈-၇-၁၆ | ဖိလစ်ပိုင် | - | ဗီယက်နမ် |
| | စင်ကာပူ | - | ထိုင်း |
| ၂၉-၇-၁၆ | တီမော | - | ဩစီယူ-၂၀ |
| | မလေးရှား | - | မြန်မာ |
| ၃၀-၇-၁၆ | ထိုင်း | - | ဗီယက်နမ် |
| | ဖိလစ်ပိုင် | - | စင်ကာပူ |
| ၃၁-၇-၁၆ | မြန်မာ | - | ဩစီ ယူ-၂၀ |
| | တီမော | - | မလေးရှား |

# မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့ ခြေစမ်းမည်

အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် လာမည့် ဇူလိုင် ၉ ရက်တွင် ထိုင်းအမျိုးသမီးလက်ရွေးစင်အသင်းနှင့် မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း၌ ခြေစမ်းကစားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲအတွက် ကွင်းဝင်ကြေးများကို အထူးတန်း ကျပ် ၂၀၀၀၊ ရိုးရိုးတန်း ကျပ် ၁၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် မေ ၅ ရက်မှ ၂၅ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်ကာလေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ ထို့ပြင် ဇွန် ၄ ရက်နှင့် ၇ ရက်တို့တွင်လည်း တောင်ကိုရီးယားအမျိုးသမီးအသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားခဲ့သည်။

အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲများတွင် ချန်ပီယံဆုနှစ်ကြိမ်ရယူထားပြီး အောင်မြင်မှုအရှိဆုံးအသင်းအဖြစ် ထိုင်း၊ ဗီယက်နမ်အသင်းတို့နှင့် ပူးတွဲရပ်တည်နေသည့် မြန်မာအမျိုးသမီးအသင်းအနေဖြင့်နောက်ဆုံးလေးနှစ်တွင် ဗိုလ်လုပွဲအဆင့်သို့ သုံးကြိမ်အထိ တက်လှမ်းနိုင်ခဲ့သော်လည်း ဒုတိယဆုများနှင့်သာ ကျေနပ်ခဲ့ရသဖြင့် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ယခုတစ်ကြိမ်ပြိုင်ပွဲတွင် ချန်ပီယံဆု ရယူနိုင်ရေးအတွက် အစွမ်းကုန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

# ၂၀၁၇ အာရှယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စုပွဲစဉ်များထွက်ပေါ်

၂၀၁၇ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် အာရှယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို အာရှဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် ထိုင်း၊ ပါလက်စတိုင်း၊ အာဖဂန်နစ္စတန်အသင်းတို့နှင့် အုပ်စုတစ်ခုတည်းတွင်ကျရောက်နေကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင် လက်ရှိချန်ပီယံဂျပန်အသင်းနှင့်အတူ မြောက်ကိုရီးယား၊ တောင်ကိုရီးယားနှင့် တရုတ်အသင်းတို့မှာ တိုက်ရိုက်ကစားခွင့် ရရှိထားပြီး ကျန်အသင်းများမှာ ခြေစစ်ပွဲမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ခြေစစ်ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၂၉ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု(ဂ) ပွဲစဉ်များကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အုပ်စု(ဂ)၏ အဖွင့်ပွဲစဉ်အဖြစ် မြန်မာအသင်းသည် နိုဝင်ဘာ ၂ ရက်တွင် ပါလက်စတိုင်းအသင်း၊ နိုဝင်ဘာ ၄ ရက်တွင် ကာဇက်စတန်အသင်း၊ နိုဝင်ဘာ ၆ ရက်တွင် ထိုင်းအသင်းတို့နှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် တိုက်ဂါးဝုဒ် အဆင်သင့် မဖြစ်သေးဟုဆို

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးချန်ပီယံဟောင်းတစ်ဦးဖြစ်သူ အမေရိကန်နိုင်ငံသား တိုက်ဂါးဝုဒ်က ၎င်းအနေဖြင့် လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အသင့်မဖြစ်သေးကြောင်း၊ ကြံ့ခိုင်မှု မပြည့်ဝသေးသဖြင့် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၄၀အရွယ်ရှိပြီဖြစ်သည့် တိုက်ဂါးဝုဒ်သည် ၎င်း၏နောက်ကျောဒဏ်ရာကို သုံးကြိမ်တိုင် ခွဲစိတ်ကုသခဲ့သော်လည်း ပျောက်ကင်းခြင်းမရှိသေးသဖြင့် ပြိုင်ပွဲများနှင့် ဝေးကွာနေရသည်။တိုက်ဂါးဝုဒ်သည် မေဂျာဖလား ၁၄ လုံးကို ပိုင်ဆိုင်ထားပြီးဖြစ်သော်လည်း ယခုကျင်းပမည့် ယူအက်စ်အိုးပင်းပြိုင်ပွဲနှင့် Quicken Loans National ပြိုင်ပွဲတို့ကိုမူ လွဲချော်ရဦးမည်ဖြစ်သည်။

"ကျွန်တော့်ရဲ့ဒဏ်ရာက တော်တော်လေးသက်သာနေပါပြီ။ ဒါပေမယ့် ပြိုင်ပွဲတွေမှာ ဝင်ပြီးယှဉ်ပြိုင်နိုင်လို့ရလောက်တဲ့ အခြေအနေကိုမရောက်သေးပါဘူး။ ဒါကြောင့် ကျွန်တော့်ရဲ့ဒဏ်ရာအခြေအနေ တိုးတက်လာအောင် ကြိုးစားနေပါတယ်"ဟု တိုက်ဂါးဝုဒ်က ပြောကြားခဲ့သည်။

# လက်ကောက်ဝတ်ဒဏ်ရာကြောင့် ရာဖေးနာဒယ် ဝင်ဘယ်ဒန်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် လွဲရဦးမည်

ကမ္ဘာ့အဆင့်တစ် တင်းနစ်ချန်ပီယံဟောင်း ရာဖေးနာဒယ်သည် ၎င်း၏လက်ကောက်ဝတ်ဒဏ်ရာကြောင့် ကျင်းပတော့မည့် ဝင်ဘယ်ဒန်ချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲနှင့် လွဲချော်ရတော့မည်ဖြစ်သည်။

ဂရင်းဆလင်းချန်ပီယံအဖြစ် ၁၄ ကြိမ်တိုင်ရရှိခဲ့သည့် စပိန်နိုင်သား ရာဖေးနာဒယ်သည် ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်တော့ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီသို့ အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။ နာဒယ်သည် ပြီးခဲ့သည့် မေလအတွင်းက ကျင်းပခဲ့သည့် ပြင်သစ်အိုးပင်း ချန်ပီယံပြိုင်ပွဲ၌ ဘယ်ဘက်လက်ကောက်ဝတ်တွင် ဒဏ်ရာရရှိခဲ့ပြီးပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရသည်။

"အခုလို ပြိုင်ပွဲမှာ ဝင်မပြိုင်တော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်ဖို့အတွက် တော်တော်လေး စဉ်းစားဆုံးဖြတ်ခဲ့ရတာပါ။ ကျွန်တော့်ရဲ့လက်ကောက်ဝတ်မှာရရှိခဲ့တဲ့ဒဏ်ရာက ရိုလန်ဂါးရိုးစ်မှာကျင်းပခဲ့တဲ့ ပြင်သစ်အိုးပင်းပြိုင်ပွဲတုန်းက ရရှိခဲ့တဲ့ဒဏ်ရာပါ။ အဲဒီဒဏ်ရာပျောက်ကင်းဖို့အတွက် အချိန်ယူရပါလိမ့်မယ်"ဟု အသက် ၃၀ အရွယ်ရှိပြီဖြစ်သည့် နာဒယ်က ပြောကြားခဲ့သည်။

နာဒယ်သည် လက်ကောက်ဝတ်ဒဏ်ရာအပြင် ဒူးဒဏ်ရာ၊ နောက်ကျောဒဏ်ရာနှင့် ပုခုံးဒဏ်ရာများလည်း ရှိထားသဖြင့် ဒဏ်ရာများနှင့် နပန်းလုံးနေရသူတစ်ဦးဖြစ်သည်။၂၀၀၈ခုနှစ်နှင့် ၂၀၁၀ ခုနှစ်တို့တွင် ဝင်ဘယ်ဒန်ချန်ပီယံဖြစ်ခဲ့သည့် နာဒယ်သည် လွန်ခဲ့သည့် လေးနှစ်ကာလမှစတင်ကာ ဆုတံဆိပ်များနှင့် ဝေးကွာနေခဲ့ရသည့်အပြင် လူးကပ်စ်၊ စတိဗ်ဒါရစ်စ်၊ နစ်ကရီဂေါ့စ်နှင့် ဒတ်စ်တင်ဘရောင်းတို့ကိုပင် ရှုံးနိမ့်ခဲ့ရသည်။

# မကွေးမြို့နယ် အောင်မြေကုန်းကျေးရွာနှင့် မြင်စိုင်းကျေးရွာတို့တွင် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် အရည်အသွေးထိန်းသိမ်းရေး၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာဆွေးနွေးပွဲ ကျင်းပ



မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှကြီးမှူး၍ မကွေးမြို့နယ်ရှိ အောင်မြေကုန်းကျေးရွာနှင့် မြင်စိုင်းကျေးရွာတို့တွင် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် အရည်အသွေး ထိန်းသိမ်းရေး အသိပညာပေး ဆွေးနွေးပွဲကို မေ ၂၈ ရက်က ကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် စိုက်ပျိုးရေး ပညာရှင်သုံးဦး၊ အမျိုးသားပို့ကုန် မဟာဗျူဟာမှ စီမံကိန်း မန်နေဂျာ ဒေါက်တာသစ်သစ်လွင်နှင့် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ လုပ်ငန်းရှင် ဦးဖိုးနီ၊ စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ/သားများ တက်ရောက်ခဲ့ပြီး အောင်မြေကုန်းကျေးရွာသူ/သားများအား အသိပညာပေးဆွေးနွေးခဲ့ပါ သည်။

အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဝင်းက 'စိုက်ပျိုးရေးအကြောင်း သိကောင်းစရာ' အချက်များကို လည်းကောင်း တိုင်းစိုက်ပျိုးရေး ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မော်မော်ဝင်းက 'ဘက်စုံ သီးနှံကာကွယ်နှိမ်နင်းရေးအကြောင်း'ကို လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိချိုက 'မျိုးစေ့နည်းပညာအကြောင်း'ကို လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာသန်းက 'မြေဆီလွှာထိန်းသိမ်းခြင်းနှင့် မြေဩဇာ စနစ်တကျ သုံးစွဲခြင်းအကြောင်း' များကို လည်းကောင်း အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

အမျိုးသား ပို့ကုန်မဟာဗျူဟာ စီမံကိန်းဌာနမှ မန်နေဂျာ ဒေါက်တာသစ်သစ်လွင်က 'ဆီထွက်သီးနှံ ပို့ကုန်မြှင့်တင်ရေး အကြောင်း' သိကောင်းစရာများကိုလည်းကောင်း၊ထို့နောက် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက 'စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အကြောင်း' များကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသိန်းလွင်က Good Agriculture Practices (GAP) ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ်များအကြောင်းကိုလည်းကောင်း အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အမျိုးသားပို့ကုန် မဟာဗျူဟာမှ စီမံကိန်းမန်နေဂျာ ဒေါက်တာသစ်သစ်လွင်က ဆီထွက်သီးနှံ ပို့ကုန်မြှင့်တင်ရေး စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာတွင် အီးယူနိုင်ငံများသို့ ဆီထွက်သီးနှံ ကုန်ချောများကို တင်ပို့လျက်ရှိရာ မြင်စိုင်းကျေးရွာသည် ဆီထွက်သီးနှံများထွက်ရှိနေသည့်ဒေသဖြစ်၍ မြင်စိုင်းကျေးရွာသူ ကျေးရွာသားများအနေဖြင့် ဆီထွက်သီးနှံပို့ကုန် မြှင့်တင်ရေးစီမံကိန်းတွင် ပါဝင်လိုခြင်း ရှိ၊ မရှိ ကို အမျိုးသားပို့ကုန် မဟာဗျူဟာမှ စီမံကိန်း မန်နေဂျာ ဒေါက်တာသစ်သစ်လွင်က မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**အိဇာဖြူ(မကွေး)**

# ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲများကျင်းပ

ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးမှူးရုံးမှဝန်ထမ်းများသည် ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများသို့ သွားရောက်ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဇွန် ၃ ရက်တွင် ပုလဲမြို့နယ် မောင်တုံမူလတန်းကျောင်းနှင့် မောင်းတုံကျေးရွာ ပုပ္ပါးမူလွန်ကျောင်းတို့တွင်လည်းကောင်း၊ ဇွန် ၆ ရက်တွင် ယင်းမာပင်မြို့နယ် အတွင်းရှိလက်ပန်တော အမက၊ လက်ပန်တော ရွှေညောင်ပင် အမက၊ ပေသီးကုန်း အမကနှင့် အုန်းတောကျေးရွာတို့တွင် လည်းကောင်း၊ ဇွန် ၈ ရက်တွင် ပုလဲမြို့နယ်၊ ကုက္ကိုလုံမူလတန်းကျောင်း၊ မကျီးကန်ကျေးရွာတို့တွင်လည်းကောင်း၊ ဇွန် ၉ ရက်တွင် နွယ်အင်းအလက(ခွဲ)ကျောင်း၊ နွယ်အင်းကျေးရွာတို့တွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကျင်းပခဲ့ပါတယ်။

ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူးဦးသန်းပို က မီးဖိုချောင်သုံးစားသောက်ကုန်များတွင် အန္တရာယ်ရှိစားသောက်ကုန်များ ပါဝင်နေမှုနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယခရိုင်ဦးစီးမှူး ဦးသောင်းကြိုင်က စားသုံးသူအကာအကွယ်ပေး ရေးဥပဒေနှင့် ပတ်သက်၍လည်းကောင်း၊ အကြီးတန်းစာရေးဒေါ်မိုးမိုးမြင့်က ဆိုးဆေး အန္တရာယ်များနှင့်ပတ်သက်၍ လည်းကောင်း၊ ဒေါ်ယဉ်ယဉ်ဝင်းက မုန့်မျိုးစုံများ၏အန္တရာယ်ရှိပုံများနှင့် ပတ်သက်၍ လည်းကောင်း၊ ဒေါ်ယဉ်ယဉ်အေးက ထုတ်ကုန်လုံခြုံစိတ်ချရမှု အကြောင်းကို လည်းကောင်း၊ ဒေါ်သီတာခိုင်က စားသုံးဆီအန္တရာယ်အမျိုးမျိုး အကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

အဆိုပါဟောပြောပွဲအသီးသီးသို့ ကျေးရွာလူထုများ၊ စာသင်ကျောင်းများမှ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူ များ စုစုပေါင်း ၈၆၁ ဦးတက်ရောက်ခဲ့ကြကြောင်း သိရပါတယ်။ ဟောပြောပွဲသို့ တက်ရောက်လာသူများအား ပညာပေး လက်ကမ်းစာစောင်များ၊ မြန်မာနိုင်ငံ FDA မှစားသုံးရန်မသင့်ဟု ထုတ်ပြန်ကြေညာထားချက်များနှင့် ကောမတ်စ်ဂျာနယ်များအားပေးအပ်ခဲ့ကြောင်းသိရပါ တယ်။

**မိုးမိုးမြင့်(ဆားလင်းကြီး)**



# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)တွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ တိုင်းကျန်းမာရေးဦးစီး ဌာနနှင့် ပူးပေါင်း၍ ဇွန် ၈ ရက်တွင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)တွင် တက်ရောက်ပညာသင်ကြားနေသော တိုင်းရင်းသား သင်တန်းကျောင်းသားများအား စားသုံးသူအကာအကွယ်ပေးရေးအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်းသိရှိရသည်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ အကြောင်းအရာများနှင့် စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် ကိစ္စရပ်များကို လည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဆုမွန်ချယ်က စားသုံးသူအကွယ်ပေးရေးအတွက် ဌာနမှလုပ်ဆောင်ပေးနေမှုများနဲ့ ဆောင်ရန်/ရှောင်ရန်များကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဒေါက်တာအေးမူယာကျော်ကလည်း စားသုံးသူများ လိုက်နာဆောင်ရွက်သင့်သည့် ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ဒီဂရီကောလိပ်(ရန်ကုန်) မှ ကျောင်းအုပ်ဆရာကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန့်နှင့် သင်ကြားရေးပိုင်းတွင် တာဝန်ထမ်းဆောင်နေသော ပါမောက္ခဆရာ/ဆရာမများ၊ အုပ်ချုပ်မှုပိုင်း၊ အရာထမ်း၊ အမှုထမ်းများ၊ စားရိပ်သာတာဝန်ခံဝန်ထမ်းများ၊ တိုင်းရင်းသား လူငယ်သင်တန်းသား အပါအဝင် စုစုပေါင်း ၉၀၀ ကျော် တက်ရောက်ခဲ့ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ဒလမြို့နယ်၊ အောင်ဇေယျဈေး၊ လှိုင်သာယာ မြို့နယ် (၂၀) ရပ်ကွက်ဈေးနှင့် အင်းစိန်မြို့နယ်၊ ဖော့ကန်ပဒေသာဈေးတို့တွင် ပြုလုပ်ခဲ့သည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေး အကြောင်းများကိုလည်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အနေဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကွပ်ကဲမှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြော ဆွေး နွေးပွဲနဲ့ ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများကို ၂၀၁၆ ခုနှစ် ဇွန်လ ဒုတိယပတ်အတွင်း တွံတေးခရိုင်အတွင်း လေးနေရာ၊ လှည်းကူးခရိုင်အတွင်း လေးနေရာ၊ သန်လျင်ခရိုင်အတွင်း လေးနေရာ၊ အင်းစိန်ခရိုင်အတွင်း လေးနေရာ စုစုပေါင်း ၁၆ နေရာတို့တွင်လည်း ဆောင်ရွက်ခဲ့ပြီးကြောင်း သတင်းရရှိပါသည်။

**စိုးစိုးဦး (စားသုံးသူ)ရန်ကုန်**

# သံဖြူဇရပ်မြို့နယ် စည်ပင်သာယာဈေးတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးခြင်းနဲ့ တားမြစ်ကုန်စည်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအောင်ကျော်မိုး ဦးဆောင်သောဝန်ထမ်း များသည် သံဖြူဇရပ်မြို့နယ် တာဝန်ခံ ဦးသန့်ဇင်ဦးနဲ့ မြို့နယ် စည်ပင် သာယာရေး အဖွဲ့မှ တာဝန်ရှိ သူများပူးပေါင်း၍ စည်ပင်သာယာရေးဈေးရုံးခန်းတွင် စားသုံး သူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများ အကြောင်းတို့ကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ စားသုံး သူရေးရာတာဝန်ခံ ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံး သူ အကာအကွယ်ပေးရေး အကြောင်းနှင့် ဥပဒေများအကြောင်း ဆွေးနွေးခဲ့ပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးသူရဇော်က ထုတ်ကုန်များ လုံခြုံ စိတ်ချရ မှုဆိုင်ရာ သိကောင်းစရာများနှင့် တားမြစ်ကုန်စည်များ၏ ဘေးအန္တရာယ်များအကြောင်းကို စီးပွားရေးလုပ်ငန်းရှင်များ အား ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်း များသည် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာဈေးမှ တာဝန်ရှိ သူများနှင့် ဈေးမိဈေးဖများပူးပေါင်း၍ ဈေးအတွင်းရှိ ဆိုင်ခန်းများတွင် လက်ကမ်းစာစောင်များ၊ တားမြစ် ကုန် ပစ္စည်းများ၏ ရောင်စုံပုံနှိပ်စာစောင်များ ဝေငှပြီး တားမြစ် ကုန်စည်များ ရောင်း ချခြင်း ရှိ/မရှိ ကွင်းဆင်းစိစစ်ခဲ့ပါတယ်။

ထို့နောက် ဈေးကွက်အတွင်း မရောင်းချရန် တား မြစ်ထားသော ကုန်ပစ္စည်းများ၏ အမျိုးအမည်၊ အမှတ် တံဆိပ်များ၊ ထုတ်လုပ်သည့်ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲ စသည်တို့ကို ဂရုပြုသုံးစွဲကြစေရန်နှင့် တားမြစ်ထား သော ကုန်စည်များအား သုံးစွဲမိပါက ဖြစ်ပေါ်လာနိုင်သော ဘေး အန္တရာယ်များအကြောင်းကို ဈေးဆိုင်ပိုင်ရှင်များနှင့် စားသုံး သူများအား ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ရာ ဈေးတာ ဝန်ခံအဖွဲ့နှင့် ဈေးမိဈေးဖများမှ ယခုကဲ့သို့ ပညာ ပေးဆွေး နွေးပေးခြင်းနှင့် ကွင်းဆင်းစိစစ်ပေးခြင်းဖြင့် မိမိတို့ ဈေးအတွင်းရှိ လုပ်ငန်းရှင်များအနေဖြင့် ဗဟုသုတများ ရရှိ သကဲ့သို့ စားသုံးသူများအနေဖြင့်လည်း အသိပညာများ ရရှိပါကြောင်း၊ နောက်နောင်တွင်လည်း စားသုံးသူပြည်သူ အားလုံး၏ အကျိုး စီးပွားရှေးရှု၍ ပညာပေးဆွေးနွေးပွဲများနှင့် ကွင်းဆင်းစိစစ်မှုများ ပြုလုပ်ပေးပါရန် တောင်းဆိုကြောင်း သတင်းရရှိပါတယ်။

**T.Y.Z Consumer (Mon)**



# ချမ်းအေးသာစံမြို့နယ်၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေး တိုင်းဒေသကြီး ဦးစီးမှူးရုံး အနေ ဖြင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၈ ရက် တွင် ချမ်း အေးသာစံမြို့နယ်၊အမှတ် (၂)အခြေခံ ပညာအထက်တန်းကျောင်း၌ကျင်းပပြု လုပ်ခဲ့ပါတယ်။

အဆိုပါ ဆွေးနွေးပွဲ အခမ်း အနားသို့ မန္တလေးတိုင်းဒေသကြီး၊ စား သုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ ပြည်သူ့ ကျန်းမာရေးဦးစီး ဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ကျောင်းအုပ်ဆရာ ကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်း သားမိဘများ၊ ကျောင်းသား/သူများ စုစုပေါင်း အင်အား ၃၅၀ ခန့် တက် ရောက်ခဲ့ကြပါတယ်။

ဟောပြော ဆွေးနွေးပွဲတွင် စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ဦးဇော်မင်းက စားသုံးရန် မသင့်တဲ့ အစားအစာများတွင် ပါဝင်သော ခွင့် မပြုဓာတုဆိုးဆေးများကြောင့် နောက် ဆက်တွဲ ခံစားရမည့် ဆိုးကျိုးများ ၊ စားသုံးသူ အကာအကွယ်ပေးရေးသည် အစားအသောက်များသာမက ဆေးဝါး၊ လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ် ငန်းများလည်း အကျုံးဝင်ကြောင်း၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ် သည့် အစားအသောက်များရွေးချယ် ဝယ်ယူတတ်စေရန်၊ စားသုံးသူများ မိမိ တို့အခွင့်အရေးများကို သိရှိနားလည်ပြီး တောင်းဆိုရယူတတ်စေရန်နှင့် စားသုံး သူနစ်နာမှုများရှိလျှင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို တိုင် ကြားနိုင်ကြောင်း၊ ဥပဒေတွင်ပါရှိသော လုပ်ငန်းရှင်များ လိုက်နာရမည့် တာ ဝန်များ၊ တားမြစ်ချက်များ ၊ အရေး ယူဆောင်ရွက်မည့် အပိုင်းများကို အကျယ်တဝင့် ရှင်းလင်းဟောပြော ခဲ့ပါတယ်။

ဆက်လက်၍ စိုက်ပျိုးရေး ဦးစီး ဌာန ဦးစီးအရာရှိ ဒေါ်အေးအေးက ဟင်းသီးဟင်းရွက်များ ချက်ပြုတ်စား သောက်ရာတွင် အန္တရာယ်ကင်းစေရန် အတွက်ဆောင်ရန်ရှောင်ရန် အချက်များ ကို ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ ပါ တယ်။

အခမ်းအနားအပြီးတွင် ပူးပေါင်း အဖွဲ့သည် ကျောင်းမုန့်ဈေးတန်းတွင် လုံခြုံစိတ်ချရမှုမရှိသော မုန့်များကို မရောင်းချစေရေးအတွက် လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီး မုန့်ဈေးတန်းတွင် ရောင်းချနေသူများအား ကလေးများ အတွက် ဘေးကင်း လုံခြုံစိတ်ချရပြီး ကျန်းမာရေးနှင့် ညီညွတ်သော အာဟာ ရဖြစ်စေသည့် မုန့်များကိုသာ ရွေးချယ် ရောင်းချကြစေရန် အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းသတင်း ရရှိပါတယ်။

**မြို့ရီ-စားသုံးသူ ( မန္တလေး)**



# စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီး ဦးစီးမှူးရုံး မုံရွာမြို့၌ ဇွန် ၉ ရက်က ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီး၊ အဖွဲ့ဝင်များဖြစ်သော တိုင်းဥပဒေချုပ်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ SRCCI၊ မုံရွာကုန်စည်ဒိုင်နှင့် တိုင်းဆီစက် လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူ ဝန်ထမ်းများအပါအဝင် စုစုပေါင်း ၄၁ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် စားသုံးသူအငြင်းပွား မှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဦးက ၂၀၁၆ခုနှစ် မေ ၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၌ စားသုံးသူများ၏ အငြင်းပွားမှု ဆိုင်ရာကိစ္စ ဖြေရှင်းနိုင်ရေးအတွက် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့တဲ့ စစ်ကိုင်းတိုင်း ဒေသကြီးရဲ့ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီနဲ့ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင် ရာလုပ်ငန်း ကော်မတီတို့တွင် တာဝန်ပေးအပ်ခြင်းခံရသူများအားလုံး ပထမဆုံး အကြိမ် တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် အရေးယူမှု အချက် ခုနစ်ချက်အနက် တစ်ရပ်ရပ် ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုတဲ့ အရေးယူမှုကိုဖြစ်စေ ဆုံးဖြတ်ဆောင်ရွက်နိုင်ကြောင်း၊ စားသုံးသူအငြင်းပွားမှု တိုင်ကြား စာမတက်ခြင်းသည် တိုင်ကြားရမယ့်ပုံစံနဲ့ တိုင် ကြားရမည့် နေရာမသိ၍လည်း ဖြစ်နိုင်ကြောင်း၊ ပြည်သူများအနေဖြင့် တိုင်ကြားရ မည့် ပုံစံနဲ့နေရာ သိရှိရန်လိုအပ်ကြောင်း၊ တိုင်မှ အရေးယူမည့်အစား မတိုင်ဘဲစစ် ဆေးအရေး ယူနိုင်ကြောင်း၊ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အစည်းအဝေးသို့တက်ရောက်လာသည့် စားသုံးသူအငြင်းပွားမှု ဖြေရှင်း ရေးအဖွဲ့၊ ကော်မတီဝင် အသီးသီးက စားသုံးသူများသာမက ရောင်းချသူများနဲ့ ထုတ်လုပ်သူများအထိ ကွင်းဆင်းပြီး ထိထိရောက်ရောက် စားသုံးသူ အကာအကွယ် ပေးရေး လုပ်ငန်းများနဲ့ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ပေးသင့်ကြောင်း၊ စည်ပင်သာယာဈေးများကို တစ်လတစ်ကြိမ် စစ်ဆေးသင့်ကြောင်း၊ ကျောင်းများနှင့် ကျောင်း မုန့်ဈေးတန်းများ စစ်ဆေးခြင်းကို စီမံချက်ချပြီး ဆောင်ရွက်သင့်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများကို စံချိန်စံညွှန်း သတ်မှတ်ပေးသင့်ကြောင်း၊ နယ်စပ်မှ ဝင်ရောက်လာသော စားသောက်ကုန်ပစ္စည်းများနဲ့ ဆေးဝါးများကို စစ်ဆေးရန် လိုအပ်ကြောင်း၊ ထုတ်လုပ်သူနဲ့ ကုန်ပစ္စည်း လာရာလမ်းကြောင်းများကို ကြီးကြပ်ရန် လိုကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေး တင်ပြပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်း ဒေသ ကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲများကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်၌ ၁၀၁ ကြိမ်၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာ နှစ်၌ ၉၆၀ ကြိမ်နှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ဇွန် ၈ရက်ထိ ၅၃၈ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၆၆၉ ကြိမ် ဆောင်ရွက်ရန် လျာထားချက်ရှိကြောင်း သိရပါ တယ်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဦးက နမူနာပစ္စည်းများ စစ်ဆေးရန် နေပြည်တော်သို့ပို့ဆောင်၍ စစ်ဆေးရာတွင် စစ်ဆေးချိန်ကြာမြင့်သည့် အခက်အခဲကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများတွင် ကုန်အမှတ်တံဆိပ်ရှိရန် လိုကြောင်း၊ ထုတ်လုပ်သူများကို ပညာ ပေးခြင်းသည် အဓိကလိုအပ်ကြောင်း၊ ပြည်သူများ ကျန်းမာရေး အတွက် ကြိုတင် ကာကွယ်ခြင်းက ကုသခြင်းထက် ပိုမိုကောင်းသည်ဟူသော ဆောင်ပုဒ်ရှိကြောင်း၊ ပြည်သူများအားလုံး လက်ခံလာအောင် အသိပညာပေးရန် လိုအပ် ကြောင်း၊ ယခု အချိန်မှာ ပြည်သူအားလုံး အသိပညာမြင့်မားအောင် အားလုံးပူးပေါင်းဆောင် ရွက်ရမည်ဖြစ်ကြောင်း ထပ်မံပြောကြားကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင်-မုံရွာ**

## အာဆီယံသဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖိုရမ်ကို ဇွန်လအတွင်း လာအိုနိုင်ငံ၌ ကျင်းပမည်

အာဆီယံ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖိုရမ်ကို ဇွန်လအတွင်း လာအိုနိုင်ငံတောင်ပိုင်းရှိ ပက်ဆဲမြို့တော်မှာကျင်းပဖို့ စီစဉ်ထားပါတယ်။ ၂၀၁၆ ခုနှစ်က အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရတဲ့ လုပ်ငန်းတစ်ခုအဖြစ်ဒီဖိုရမ်ကို လာအိုအစိုးရက ဇွန် ၂၂ ရက်မှ ၂၅ ရက်အထိ အိမ်ရှင်အဖြစ်လက်ခံကျင်းပပေးမှာ ဖြစ်ပါတယ်။

ဖိုရမ်အတွက် အဓိကချမှတ်ထားတဲ့ အကြောင်းအရာက "ASEAN Without Borders: a Roadmap for Strategic Development of Ecotourism Cluster and Tourism Corridors" ဆိုတဲ့အကြောင်းအရာ ဖြစ်ပါတယ်။ ဖိုရမ်ကိုကျင်းပတဲ့အခါ ပါဝင်မယ့် အခမ်းအနားတွေက နှစ်ရက်ကြာကျင်းပမယ့် ကွန်ဖရင့်နဲ့ ဝန်ကြီးအဖွဲ့စားပွဲဝိုင်းဆွေးနွေးပွဲတို့ ပါဝင်ပါတယ်။ ဖိုရမ်ပြီးဆုံးချိန်မှာ ခရီးသွားလုပ်ငန်းဝန်ကြီးများက ပက်ဆဲကြေညာချက် "Pakse Declaration" ကို ထုတ်ပြန်ပေးမှာ ဖြစ်ပါတယ်။ ဒီကြေညာချက်မှာ ဒေသတွင်းရှိသဘာဝအခြေခံခရီးသွားလုပ်ငန်းဒေသများကို ဖော်ပြသွားဖို့ ရည်ရွယ်ထားပါတယ်။

"အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းက အထူးသဖြင့် ကျေးလက်ဒေသများရှိ စီးပွားရေးလုပ်ငန်းလည်ပတ်နိုင်အောင် အထောက်အကူပေးသွားပြီး အာဆီယံသဘာဝအခြေခံခရီးသွားလုပ်ငန်းရဲ့ ရေရှည်တည်တံ့နိုင်မှုကို ခိုင်မာအောင်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဖိုရမ်ကျင်းပရတဲ့ ရည်ရွယ်ချက်က ဒေသတွင်းမှာရှိနေတဲ့ စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ ခရီးသွားလုပ်ငန်းအခွင့်အလမ်းတွေကို အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံသူတွေ၊ လုပ်ငန်းထူထောင်မည့်သူတွေနဲ့ အော်ပရေတာတွေအတွက် အခွင့်အလမ်းတွေ ဖန်တီးပေးဖို့ ဖြစ်ပါတယ်"လို့ လာအိုနိုင်ငံသတင်းအချက်အလက်၊ ယဉ်ကျေးမှုနဲ့ ခရီးသွားလုပ်ငန်းဝန်ကြီး ဒေါက်တာဘို့ဆန်းခန်ဖောင်ဒါရာက ပြောပါတယ်။

၂၀၀၉ ခုနှစ်က ပထမဆုံးအကြိမ် ကမ္ဘာ့သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကွန်ဖရင့်ကို လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ ဒီကွန်ဖရင့်က "ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ ဗီယန်ရှင်းကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေညာချက်အရ အထူးသဖြင့် အာရှပစိဖိတ်ဒေသအပါအဝင် နိုင်ငံပေါင်း ၃၀ က ရေရှည်တည်တံ့စေမယ့် ခရီးသွားလုပ်ငန်းအခြေခံမူတွေနဲ့ အလေ့အကျင့်တွေကိုလိုက်နာဖို့ ကတိကဝတ်ထားခဲ့ပါတယ်။

## အာဆီယံဒေသကို ကမ္ဘာ့ခေါင်းဆောင်များ ချဉ်းကပ်လာ

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျီ-၇ အုပ်စုဝင် နိုင်ငံခေါင်းဆောင်များနဲ့ ဂျပန်နိုင်ငံမှာ ဆွေးနွေးနိုင်ရေးအတွက် မေ ၂၆ ရက်မှာ လာအိုနဲ့ ဗီယက်နမ် အပါအဝင် အရှေ့တောင်အာရှမှ ခုနစ်နိုင်ငံခေါင်းဆောင်တွေကိုပါ ဖိတ်ကြားခဲ့ပါတယ်။ အာဆီယံဒေသမှာ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလိုအပ်ပုံကိုလည်း အစည်းအဝေးမှာ အလေးပေးပြောကြားခဲ့ကြောင်း ကိုရီးယားတိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

မေ ၂၃ ရက်ကလည်း အမေရိကန်သမ္မတအိုဘားမား ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိပြီး ဗီယက်နမ်နိုင်ငံအား စစ်လက်နက်ပစ္စည်းရောင်းချမှု ပိတ်ပင်ထားတာကို အပြည့်အဝရုပ်သိမ်းပေးခဲ့ကာ ဗီယက်နမ်နဲ့ ပုံမှန်ဆက်ဆံမှုပြုလုပ်သွားမှာဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။

မေ ၁၉ ရက်နဲ့ ၂၀ ရက်တွေမှာ သမ္မတ ဗလာဒီမာပူတင်က အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ က အပြန်အလှန်ဆက်ဆံရေး ထူထောင်ပြီးနောက် ရုရှားမြေပေါ်မှာ အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေးကို ပထမဆုံးအကြိမ် ကျင်းပခဲ့တာဖြစ်ပါတယ်။

ဒီအခြေအနေတွေက လွန်ခဲ့တဲ့တစ်လအတွင်း ကမ္ဘာ့အင်အားကြီး သုံးနိုင်ငံကခေါင်းဆောင်များက ဆောင်ရွက်ခဲ့တဲ့ ဖြစ်ပေါ်တိုးတက်မှုတွေ ဖြစ်ပါတယ်။ ဒီအဖြစ်အပျက်တွေကို သီးခြားစီကြည့်မယ်ဆိုရင် ဘာမှထူးခြားမှုရှိမှာ မဟုတ်ပါဘူး။ နှစ်နိုင်ငံအပြန်အလှန် ဆက်ဆံရေးအတွက် ကမ္ဘာ့ခေါင်းဆောင်များရဲ့ သံတမန်ရေးလှုပ်ရှားမှုတစ်ခုမျှသာ ဖြစ်ပါတယ်။

ဒါပေမယ့် အားလုံးစုစည်းကြည့်ပြီး နောက်ကွယ်ကအချက်တွေကို စဉ်းစားကြည့်မယ်ဆိုရင် အဓိပ္ပာယ်အများကြီးရှိတာကို တွေ့ရပါမယ်။ အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ဂျပန်နဲ့ တရုတ်နိုင်ငံတွေက အာဆီယံဒေသမှာ စိတ်အားထက်သန်စွာ လှုပ်ရှားလာတာကို တွေ့ရမှာဖြစ်ပါတယ်။ သူတို့လှုပ်ရှားမှုတွေကို ကြည့်ရင် အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်တဲ့ အုပ်စုအတွင်း နိုင်ငံရေးနဲ့ စီးပွားရေးနယ်ပယ်နှစ်ခု စလုံးမှာလက်ဦးမှုရယူနိုင်ဖို့ကြိုးစားလာတာဖြစ်ပါတယ်။ ဒီဒေသတွင်းမှာ ယှဉ်ပြိုင်မှုတွေပြင်းထန်လာဖို့ အစပျိုးနေတဲ့လက္ခဏာတစ်ခုဖြစ်ပါတယ်။

တစ်နည်းပြောရရင် ၂၀၁၅ ခုနှစ်က ဖွဲ့စည်းထူထောင်ခဲ့တဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) က ဖန်တီးပေးလိုက်တဲ့ အခွင့်အလမ်းတွေကို ရယူနိုင်ဖို့အတွက် ဆန္ဒရှိကြောင်း ပြသလျက်ရှိနေပါတယ်။

စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်းရှိနေတဲ့ အာဆီယံရဲ့ စီးပွားရေးက ကမ္ဘာမှာ သတ္တမမြောက် အကြီးဆုံးဖြစ်ပြီး ၆၂၂ သန်းရှိတဲ့ဒေသတွင်းရှိ လူဦးရေကလည်း ကမ္ဘာမှာ တတိယများဆုံးဖြစ်ပါတယ်။

## ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နှုတ်ထွက်ပြီးနောက်ပိုင်း အင်္ဂလန်နိုင်ငံက ချုပ်ဆိုထားတဲ့ စာချုပ်တွေကို ဆက်လက်ဆောင်ရွက်ဖို့ အခက်အခဲရှိ




ဗြိတိန်နိုင်ငံက သွင်းကုန်ခွန်အားလုံးပယ်ဖျက်ပေးရေးအတွက် ကြိုးပမ်းမှုများမှာ ဥရောပသမဂ္ဂ (အီးယူ) မှ နှုတ်ထွက်ပြီးနောက်ပိုင်းတွင် ဖြစ်မြောက်နိုင်မယ့် အလားအလာမရှိတော့ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အကြီးအကဲက တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ပြောခဲ့တာကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

အကယ်၍ ဗြိတိန်နိုင်ငံရဲ့ ဇွန် ၂၃ ရက်ဆန္ဒခံယူပွဲမှာ အီးယူက "နှုတ်ထွက်" ဖို့မဲပေးမယ်ဆိုရင် အီးယူ၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်နိုင်ငံတို့နဲ့ ချုပ်ဆိုထားတဲ့ ကုန်သွယ်မှုသဘောတူစာချုပ်တွေကို အသစ်ပြန်လည်ချုပ်ဆိုပြီး ဆက်လက်ဆောင်ရွက်မယ်ဆိုရင် ဖြစ်နိုင်တယ်လို့ ဗြိတိန်နိုင်ငံ နှုတ်ထွက်ရေးကို အားပေးလှုပ်ရှားသူတွေက ပြောပါတယ်။ ဒါပေမယ့် တချို့စီးပွားရေးပညာရှင်တွေက အကောက်ခွန်လုံးဝလျှော့ချတဲ့ အစီအစဉ်ကို ဆောင်ရွက်မှုဖြစ်မယ်လို့ အကြံပြုကြပါတယ်။ ယခုလိုဆောင်ရွက်မယ်ဆိုရင် ကုန်သွယ်ရေး မညီမျှမှုတွေကို စောင့်ကြည့်ဖို့ချမှတ်ထားတဲ့ ဒဗလျူတီအိုအခြေခံစည်းမျဉ်းများကို လိုက်နာရမှာဖြစ်တဲ့အတွက် "WTO Option" လို့လည်း သူတို့က ခေါ်ပါတယ်။

"ကျွန်တော်တို့ ပြောနေတဲ့ပုံစံက အလွန်ခက်ခဲတဲ့ပုံစံဖြစ်ပြီး နိုင်ငံရေးအရဖြစ်နိုင်မယ့် အလားအလာမရှိဘူးလို့ ကျွန်တော်ထင်ပါတယ်။ ယခုအချိန်ထိကမ္ဘာပေါ်မှာ စစ်မှန်လွတ်လပ်တဲ့ ကုန်သွယ်မှုဆိုတာ ကျွန်တော့်အတွေ့အကြုံအရ မတွေ့ဘူးသေးပါဘူး။ ကဏ္ဍတစ်ခုခုမှာတော့ အတိုင်းအတာတစ်ခုအထိကိုယ်ကျိုးစီးပွား ကာကွယ်တာရှိနေပါတယ်"လို့ ဒဗလျူတီအို ညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇယ်ဗယ်ဒိုက ပြောပါတယ်။ ဟောင်ကောင်နဲ့ မကာအိုမှာ အကောက်ခွန်လွတ်ပုံစံတွေရှိပါတယ်။ ဒါပေမယ့် သူတို့စီးပွားရေးက ဗြိတိန်နိုင်ငံစီးပွားရေးနဲ့ နှိုင်းယှဉ်ရင်သေးငယ်ပြီး ပိုမိုရှုပ်ထွေးမှုရှိပါတယ်။

ကုန်စည်ကုန်သွယ်မှုကို အပြည့်အဝ ဖြေလျှော့မှုပေးထားတယ်ဆိုပေမယ့် ဝန်ဆောင်မှုကုန်သွယ်ရေးမှာ ဖြေလျှော့မှုတွေပေးတဲ့အခါ ဖြေလျှော့မှုတွေနဲ့ပတ်သက်ပြီးရေး သားချုပ်ဆိုရတဲ့ သဘောတူစာချုပ်တွေ ရှိနေပါသေးတယ်လို့ အဇယ်ဗယ်ဒိုကပြောပါတယ်။

ဗြိတိန်နိုင်ငံ နှုတ်ထွက်ရေးကို ထောက်ခံ လှုပ်ရှားနေသူတွေကတော့ ဗြိတိန်စီးပွားရေးက ကမ္ဘာမှာ ပဉ္စမမြောက် အကြီးမားဆုံးဖြစ်ပြီး အီးယူ၊ အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်နိုင်ငံတွေနဲ့ ကုန်သွယ်မှုစာချုပ်သစ်တွေ ချုပ်ဆိုတဲ့အခါ အားသာချက်တွေရှိနိုင်တယ်လို့ ပြောပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## အာဆီယံဒေသတွင်း ကျောင်းသားဖလှယ်ရေး အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ဖို့ ဗီယက်နမ်နိုင်ငံ ပြင်ဆင်

ဗီယက်နမ် ပညာရေးကဏ္ဍက ဒေသတွင်းရှိ ကျောင်းသားများ ဗီယက်နမ်သို့ လာရောက်ပညာသင်ယူကြစေချင်တဲ့ဆန္ဒရှိသလို အာဆီယံနိုင်ငံတွေမှာ ပညာသင်ယူမယ့် ဗီယက်နမ်ကျောင်းသားတွေ တိုးတက်များပြားလာ အောင်ဆောင်ရွက်လိုတဲ့ ဆန္ဒလည်းရှိတယ်လို့ ပညာရေးနဲ့ လေ့ကျင့်ရေးဝန်ကြီး ဘူဟီဗန်ဂါကပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ဥရောပသမဂ္ဂ (အီးယူ)က ဆောင်ရွက်ပေးလျက်ရှိတဲ့ အာဆီယံဒေသအဆင့်မြင့် ပညာရေးထောက်ပံ့မှု (Support to Higher Education in ASEAN Region (SHARE) အစီအစဉ်အတွက် တတိယအကြိမ်မူဝါဒအစည်းအဝေးကို ဇွန် ၈ ရက်က ဟနွိုင်းမြို့မှာ ကျင်းပခဲ့ပါတယ်။

နှစ်ရက်ကြာ ကျင်းပခဲ့တဲ့ အခမ်းအနားသို့ ဗီယက်နမ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့ အီးယူတို့မှ ပညာရေးအရာရှိများ၊ တက္ကသိုလ်မန်နေဂျာများ၊ ပညာရှင်များနဲ့ ကျောင်းသားများစုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ပါတယ်။

SHARE အစီအစဉ်က အာဆီယံဒေသ အဆင့်မြင့်ပညာရေးရဲ့ အရည်အသွေး တစ်ပြေးညီရှိစေရန်နဲ့ အဆင့်အတန်းမြှင့်တင်နိုင်ဖို့အတွက် ဆောင်ရွက်တဲ့ လေးနှစ်စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်က စပြီး အာဆီယံ တက္ကသိုလ်ကျောင်းသားများအား ပညာသင်ဆု ၅၀၀ ခန့်ကို ပေးသွားမှာဖြစ်ပြီး အဓိကအားဖြင့် ကျောင်းသားဖလှယ်မှုအစီအစဉ်နဲ့ အာဆီယံဒေသတွင်း ပညာသင်ချေးငွေအစီအစဉ်တွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

SHARE ကို အကောင်အထည်ဖော်ရာမှာ ဗြိတိသျှကောင်စီ (British Council)က ဦးဆောင်ဖွဲ့စည်းထားတဲ့ ပညာရေးအဖွဲ့တစ်ခုနဲ့ အာဆီယံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

SHARE အစီအစဉ်မှတစ်ဆင့် ပညာသင်ဆုစနစ်နဲ့ ဒေသတွင်းပညာရေးစနစ်များကို ထူထောင်ပြီး အာဆီယံကို ထောက်ပံ့မှုပေးနိုင်တဲ့အတွက် လွန်စွာကျေးဇူးတင်ကြောင်း ဗီယက်နမ်ဆိုင်ရာ အာဆီယံသံအမတ် ဘရူနိုအန်ဂယ်လက်က ဖော်ပြပါအခမ်းအနားမှာ ပြောပါတယ်။

## ထိုင်းနိုင်ငံက လူနေဒေသနဲ့ ထုတ်ကုန်အချို့ကို ခရီးသွားလုပ်ငန်းဆွဲဆောင်မှုများအဖြစ် ပြောင်းလဲ

ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်ရှာဖွေရေးအသင်းက ဒေသန္တရလူ့အသိုက်အဝန်းတွင် နေထိုင်သူပြည်သူတို့ရဲ့ ထုတ်ကုန်တွေကို ခရီးသွားလုပ်ငန်းဆွဲဆောင်မှုများအဖြစ် ပြောင်းလဲရန် စီစဉ်နေကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ထိုင်းခရီးသွားလုပ်ငန်းဈေးကွက်ရှာဖွေရေးအဖွဲ့က ထိုင်းစားသောက်ဆိုင်များအသင်းနဲ့ နိုင်ငံတစ်ဝန်းရှိ ဒေသန္တရ လူ့အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး အဆိုပါ စီမံကိန်းကို အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေကြောင်း အသင်းဥက္ကဋ္ဌ ဆူသပ်ဆာလောင်ကောင်ကီယက်က ပြောပါတယ်။

လူ့အသိုက်အဝန်း အများစုမှာ တစ်မူထူးခြားတဲ့စရိုက် လက္ခဏာနဲ့ ထုတ်ကုန်တွေရှိတဲ့အတွက် အဲဒီလုပ်ငန်းတွေကို ခရီးသွားများအား ဆွဲဆောင်နိုင်တဲ့ လုပ်ငန်းအဖြစ် ပြောင်းလဲနိုင်ကြောင်းလည်း သူက ပြောပါတယ်။

ဒီအစီအစဉ်က ယခုနှစ်အတွက် အဓိကစီမံချက်ဖြစ်ပါတယ်။ စီးပွားရေးကို မြှင့်တင်ပေးဖို့အတွက် ပြည်တွင်းခရီးသွားလုပ်ငန်းကို ကျွန်မတို့ကူညီထောက်ပံ့ပေးရပါမယ်”လို့ ဆူသပ်ဆာက ပြောပါတယ်။

ဒေသန္တရ အဖွဲ့အစည်းများက ထုတ်ကုန်သစ်တွေနဲ့ ထုတ်လုပ်မှုပုံစံသစ်တွေဆောင်ရွက်နိုင်အောင် ထိုင်းခရီးသွားလုပ်ငန်းဈေးကွက် ရှာဖွေရေးအသင်းက ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထုတ်ကုန်တွေ ကျယ်ကျယ်ပြန့်ပြန့်ရောင်းချနိုင်ဖို့အတွက် ဈေးကွက်တိုးတက် ကောင်းမွန်လာအောင် အသင်းက အကူအညီပေးပြီး ထုတ်ကုန်တွေရဲ့ အရည်အသွေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အသင်းကို ၂၀၁၂ ခုနှစ်ကစတင်ဖွဲ့စည်းခဲ့ပြီး အသင်းမှာပါဝင်သူတွေက ဈေးကွက်အသီးသီးမှာ ရှိနေတဲ့ ခရီးသွားလုပ်ငန်းအမျိုးမျိုးမှ ကိုယ်စားလှယ်တွေပါဝင်ပါတယ်။ ဒါကြောင့်အသင်းရဲ့ ဖွဲ့စည်းတည်ဆောက်ပုံက ခရီးသွားလုပ်ငန်းဈေးကွက်ရှာဖွေရေးလုပ်ငန်း ထပ်မံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်မယ့် အခြေအနေရှိပါတယ်။ ဈေးကွက်ရောင်းချမှုဆိုင်ရာ အသိပညာတွေ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးဖို့အတွက်လည်း အသင်းက ရည်မှန်းထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## စင်ကာပူဆေးဝါးကုမ္ပဏီက အင်ဒိုနီးရှားမှာ ဆေးဝါးကုမ္ပဏီထူထောင်ဖို့ စိတ်ဝင်စား

စင်ကာပူကုမ္ပဏီတစ်ခုက အင်ဒိုနီးရှားနိုင်ငံမှာ အမေရိကန်ဒေါ်လာလေးသန်း ရင်းနှီးမြှုပ်နှံပြီး ဆေးဝါးစက်ရုံတည်ဆောက်ဖို့စိတ်ဝင်စားနေတယ်လို့ အင်ဒိုနီးရှားရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့ (Indonesian Investment Coordinating Board-BKPM) ကပြောကြောင်း အန်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ငွေကြေးဖလှယ်နှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ရူပြား ၁၃၉၀၀ နှုန်းနဲ့ထားပြီးတွက်ရင် ဆေးဝါး စက်ရုံတန်ဖိုးက ရူပြား ၅၅ ဒသမ ၆ ဘီလီယံ ရှိမှာ ဖြစ်ပါတယ်။

“စက်ရုံတန်ဖိုးက ထူးထူးခြားခြား အရေးမပါပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေးမဟာဗျူဟာအရ ဆေးဝါးတွေက အဓိကဦးစားပေးကဏ္ဍမှာ ပါဝင်နေပါတယ်”လို့ BKPM အကြီးအကဲ ဖရန်ကီဆီဘာရာနီရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

စင်ကာပူကုမ္ပဏီက သူ့ရဲ့ထုတ်ကုန်တွေကို အင်ဒိုနီးရှားသို့ တင်ပို့လျက်ရှိပြီး ကုမ္ပဏီရဲ့ ပင်ရင်းဖြန့်ဖြူးသူအဖြစ် ပြည်တွင်းဖြန့်ချိရေးလုပ်ငန်းတစ်ခုကို တာဝန်ပေးထားပါတယ်။

“ဈေးကွက်ဖွံ့ဖြိုးမှု အခြေအနေအရ အင်ဒိုနီးရှားမှာ ဆေးဝါးစက်ရုံတည်ထောင်ပြီး တိုက်ရိုက်ရင်းနှီးမြှုပ်နှံဖို့ ကုမ္ပဏီက ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်” လို့ ဆီဘာရာနီက ပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံက ဆေးဝါးတင်သွင်းမှုကို လျှော့ချတော့မှာဖြစ်တဲ့အတွက် ဆေးဝါးကဏ္ဍဖွံ့ဖြိုးရေးကို မဟာဗျူဟာလုပ်ရှားမှုအဖြစ် ဆောင်ရွက်နေကြောင်းလည်း သူကပြောပါတယ်။ ကုမ္ပဏီရဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကို BKPM က အပြည့်အဝထောက်ခံတဲ့အတွက် အင်ဒိုနီးရှားမှာ ဆေးဝါးထုတ်လုပ်သူပြိုင်ဘက်တစ်ဦးတိုးလာကြောင်း၊ ဒါကြောင့် ဆေးဝါးဈေးတွေ ကျဆင်းလာစေနိုင်ကြောင်း သူကပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလျက်ရှိတဲ့ နိုင်ငံများအနက် စင်ကာပူနိုင်ငံက ပထမဆုံး နေရာမှာရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံအတွင်း ရင်းနှီး မြှုပ်နှံနေတဲ့ အာဆီယံနိုင်ငံများအနက် စင်ကာပူနဲ့ မလေးရှားနိုင်ငံတို့ကို ပထမ ဦးစားပေးအဖြစ် ထားရှိပါတယ်။

## ဗီယက်နမ် စီးပွားရေးလုပ်ငန်းများက လိုင်ချီးတင်ပို့မှုမြှင့်တင်မည်



ယခုနှစ်မှာ ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွေက လိုင်ချီးတင်ပို့မှုကို မြှင့်တင်ဖို့အသင့်ရှိတယ်လို့ လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ယခုနှစ် လိုင်ချီးထုတ်လုပ်မှုက ဘက်ကျန်ပြည်နယ်မှာ တန် ၁၃၀၀၀ နဲ့ ဟိုင်ဒေါင်ပြည်နယ်မှာ တန် ၅၀၀၀၀ ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ဘက်ကျန်ပြည်နယ်ရဲ့ လိုင်ချီးထွက်ရှိမှုက ၂၀၁၅ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် ၁၀ ရာခိုင်နှုန်းကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။ ဒါပေမယ့် အမျိုးသားနဲ့ အပြည်ပြည်ဆိုင်ရာ စံနှုန်းတွေဖြစ်တဲ့ VietGap နဲ့ GlobalGap အရ အရည် အသွေးအဆင့်မြင့်တဲ့ လိုင်ချီးထုတ်လုပ်မှုကလည်း မြင့်တက်လာမယ်လို့ ခန့်မှန်းထားပါတယ်။

လိုင်ချီးဝယ်လိုအားမြင့်မားနေတဲ့ ဈေးကွက်တွေကို တင်ပို့ရန်အတွက် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနလက်အောက်ရှိ သီးနှံကာကွယ်ရေးဌာနက ဟက်တာ ၃၀၀ ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း ဌာနအကြီးအကဲ ဟောင်ထရန့်က ပြောပါတယ်။

ပြည်ပသို့ တင်ပို့မယ့်လိုင်ချီးများကို ဝယ်ယူရန်အတွက် စီးပွားရေးလုပ်ငန်းအများအပြားက ပြည်နယ်များသို့ လာရောက်ကြပါတယ်။ လိုင်ချီး ဝယ်ယူသူအများစုက ဩစတြေးလျဈေးကွက်သို့ တင်ပို့ရန် အလေးပေးဆောင်ရွက်လျက်ရှိတဲ့အပြင် အမေရိကန်ပြည်ထောင်စု၊ အီးယူနဲ့ အာဆီယံဈေးကွက်များသို့ တင်ပို့နိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဟန္ဒိုင်ဓာတ်ရောင်ခြည် ဗဟိုဌာနကလည်း လိုင်ချီးပို့ကုန်လုပ်ငန်းများရဲ့ ကုန်ကျစရိတ်ကိုလျှော့ချနိုင်ရန်အတွက် ယခုနှစ် သစ်သီးပို့ကုန်များအတွက် ဓာတ်ရောင်ခြည်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ဗဟိုဌာနက ထုတ်ပေးတဲ့ သက်သေခံလက်မှတ်များကို ဩစတြေးလျနိုင်ငံမှ အသိအမှတ်ပြုလက်ခံလာရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

ဗီယက်နမ် လိုင်ချီးပို့ကုန်ဈေးကွက်များအနက် တရုတ်နိုင်ငံက အကြီးဆုံးပို့ကုန်ဈေးကွက်ဖြစ်ပြီး နှစ်စဉ်တန် ၁၀၀၀၀၀ တင်ပို့လျက်ရှိရာ စုစုပေါင်း ပို့ကုန် ပမာဏထက် ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ပါဝင်ပါတယ်။

## အစားအစာဈေးနှုန်းမြင့်တက်မှုကို အင်ဒိုနီးရှားစီးပွားရေးယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကြီးကြပ်ရေးကော်မရှင်က စူးစမ်းဖော်ထုတ်

တစ်နိုင်ငံလုံးရှိ ဈေးကွက်များတွင် အဓိကအစားအစာများ အဆမတန် မြင့်တက်နေရသည့် အဓိကအကြောင်းရင်းမှာ ကုမ္ပဏီစုကြီးများကြောင့်ဖြစ်ကြောင်း အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းယှဉ်ပြိုင်မှုစွမ်းရည် ကြီးကြပ်ရေးကော်မရှင်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

လယ်သမားတွေက ဖြန့်ဖြူးသူတွေကို ရောင်းချလိုက်တဲ့ ဈေးနဲ့ ဖြန့်ဖြူးသူတွေက ဈေးကွက်ထဲမှာ ရောင်းချခဲ့တဲ့ လက်လီလက်ကားဈေးနှစ်ခုကြား ကွာဟချက်ကြီးမားနေတာကို တွေ့ရကြောင်း စီးပွားရေးယှဉ်ပြိုင်နိုင်မှုစွမ်းရည် ကြီးကြပ်ရေးကော်မရှင် (KPPU) အကြီးအကဲ ဆရာကာဝီရော့က ဇွန် ၇ ရက်က ပြောပါတယ်။

“ဒီအခြေအနေကို ကြည့်ခြင်းအားဖြင့် ထုတ်လုပ်သူနဲ့ နောက်ဆုံးပစ္စည်းသုံးစွဲသူကြားမှာ ပြဿနာရှိနေတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်” လို့ အောက်လွှတ်တော် အဆောက်အဦးမှာ ဆရာကာဝီကသတင်းထောက်တွေကိုပြောပါတယ်။

ဥပမာအားဖြင့် အရှေ့ဂျာဗားပြည်နယ် နမ်ဂျူမှာရှိတဲ့ လယ်သမားတွေက ကြက်သွန်နီတစ်ကီလိုကို ရူပြား ၁၆၀၀၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉) နှုန်းနဲ့ ဖြန့်ဖြူးသူတွေကိုရောင်းပါတယ်။ ဖြန့်ဖြူးသူတွေက ဒီကုန်စည်တွေကိုပဲ ဈေးကွက်မှာ တစ်ကီလိုရူပြား ၄၀၀၀၀ နှုန်းနဲ့ ပြန်ရောင်းပါတယ်။ ဝယ်တဲ့ဈေးထက် သုံးဆနီးပါးတင်ပြီး ရောင်းတာ ဖြစ်ပါတယ်။



ဂျကာတာ အုပ်ချုပ်ရေးဌာနက တင်ထားတဲ့ အဓိကအစားအစာ ဈေးနှုန်းဝက်ဘ်ဆိုက်အရကြက်သွန်နီ ရောင်းချတဲ့ပျမ်းမျှဈေးက သမားရိုးကျဈေးကွက်တွေမှာ တစ်ကီလိုကို ၃၉၁၁၉ ရူပြားနှုန်းရှိပါတယ်။ ကြက်သွန်နီအပြင် အမဲသား၊ ဆန်နဲ့ သကြားဈေးကွက်တွေကလည်း ဥပုသ်လရောက်ခါနီးအချိန်မှာ ထူးထူးခြားခြားမြင့်တက်လာခဲ့ပါတယ်။ KPPU နဲ့ အမျိုးသားရဲအဖွဲ့တို့ ပူးပေါင်းပြီး ဈေးနှုန်းမြင့်တက်ရတဲ့ နောက်ကွယ်က အကြောင်းရင်းကို စုံစမ်းလေ့လာဖို့ ဆောင်ရွက်ခဲ့ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဘာလင်

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ ထွက်ခွာဖို့ မဲပေးမည်ဆိုပါက နိုင်ငံ၏ စီးပွားရေးပတ်ဝန်းကျင် ထူးထူးခြားခြား ယိုယွင်းပျက်စီးနိုင်တဲ့အတွက် ဗြိတိန်နိုင်ငံမှာ ဖို့ဒ်အမှတ်တံဆိပ်ကားထုတ်လုပ်ရေး ကုမ္ပဏီကရင်းနှီးမြှုပ်နှံမယ့် အနာဂတ်အလားအလာကို အန္တရာယ်ရှိစေနိုင်တယ်လို့ အမေရိကန်ကား ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်တဲ့ ဖို့ဒ်က ဇွန် ၉ ရက်က သတိပေးခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### ဆိုးလ်

ပင်လယ်ရပ်ခြားဈေးကွက်တွေမှာ တရားမျှတမှုမရှိတဲ့ ဆက်ဆံမှုတွေနဲ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ တောင်ကိုရီးယား ကုမ္ပဏီတွေကို အစိုးရကလျစ်လျူရှုထားမှာ မဟုတ်ဘဲ အတတ်နိုင်ဆုံး ဖြေရှင်းပေးသွားမှာ ဖြစ်တယ်လို့ တောင်ကိုရီးယား ကုန်သွယ်ရေး၊ စက်မှုနဲ့ စွမ်းအင်ဝန်ကြီး ဂျူးဟွန်ဝှန်က ဇွန်၁၀ရက်က သတင်းထောက်တွေနဲ့ တွေ့ဆုံရာမှာ ပြောကြားကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

### မော်စကို

ဂျပန်စီးပွားရေးလုပ်ငန်းဖက်ဒရေးရှင်း (Keidanren) မှ အရာရှိများက ရုရှားဒုတိယဝန်ကြီးချုပ် အာကာဒီဒိုကုဗစ်နဲ့ စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးအလက်ဇီအူလျူကာယက်တို့ဟာ မော်စကိုမြို့မှာ ဇွန် ၉ ရက်က တွေ့ဆုံခဲ့ရာ ဂျပန်စီးပွားရေးလုပ်ငန်းများနဲ့ ပူးပေါင်းဆောင်ရွက်ရန် ရုရှားတို့က ဆန္ဒရှိတာကို ပြသခဲ့ကြောင်း ဂျပန်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

### နယူးဒေလီ

မတည်ရင်းနှီးမှု ကုန်ပစ္စည်းများ ထုတ်လုပ်မှုတစ်ဟုန်ထိုး ကျဆင်းမှုနဲ့ စားသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှု ကျဆင်းတဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ စက်ရုံများ၊ သတ္တုတွင်းများနဲ့ အသုံးအဆောင်ပစ္စည်းများရဲ့ ထုတ်လုပ်မှုက ဧပြီလမှာ ယခင်နှစ်နဲ့နှိုင်းယှဉ်ရင် သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းကြောင်း ရိုက်တာသတင်းမှာဖော်ပြပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

## EAST ASIA

# ယခုနှစ် ဒုတိယသုံးလပတ်တွင် တောင်ကိုရီးယား စီးပွားရေးတိုးတက်လာမည်ဟု ခန့်မှန်း

အစိုးရကဦးစီးဆောင်ရွက်နေတဲ့ စီးပွားရေးတွန်းအားပေးအစီအစဉ်တွေရဲ့ အထောက်အပံ့ကြောင့် အာရှဒေသမှာ စတုတ္ထမြောက်အကြီးမားဆုံးဖြစ်တဲ့ တောင်ကိုရီးယားစီးပွားရေးက ဒုတိယသုံးလပတ်မှာ ပြန်လည်နာလန်ထူလာမယ့်လက္ခဏာတွေကို ရှင်းလင်းပြတ်သားစွာတွေ့မြင်လာရတယ်လို့ ဇွန် ၉ ရက်မှာ တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးကပြောကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

"တောင်ကိုရီးယား စီးပွားရေးက ယခုနှစ် နှစ်စမှ စတင်ကာပြီး နှေးကွေးကျဆင်းရာကနေ ပြန်လည်ဦးမော့လာပါတယ်။ မကြာသေးမီ လများအတွင်းမှာတော့ အထိုက်အလျောက်နာလန်ထူလာတာကို တွေ့ရပါတယ်။ အစိုးရရဲ့ အသုံး စရိတ်မြှင့်တင်မှု၊ အများပြည်သူအား လပ်ရက်သတ်မှတ်ကာ စားသုံးသူသုံးစွဲမှု မြှင့်တင်မှု၊ အခွန်လျှော့ချမှုတွေကြောင့် ရရှိလာတဲ့ အကျိုးဆက်တွေကို ဒုတိယသုံးလပတ်မှာ တွေ့မြင်ရတော့မှာဖြစ်ပါတယ်"လို့ ဆိုးလ်မြို့မှာ ကျင်းပတဲ့စီးပွားရေးနဲ့ နှီးနွယ်နေတဲ့ ဝန်ကြီးများရဲ့ အစည်းအဝေးမှာ ဘဏ္ဍာရေးဝန်ကြီး ယူးအီဟိုကပြောပါတယ်။

ဗဟိုဘဏ်နောက်ဆုံးအစီရင်ခံစာအရ တောင်ကိုရီးယားနိုင်ငံရဲ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) က ယခင်သုံးလပတ်နဲ့ နှိုင်းယှဉ်ရင် ဇန်နဝါရီ-မတ်သုံးလပတ်မှာ သုည ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

ပြည်တွင်းဝယ်လိုအားမြှင့်တင်ရေးနဲ့ စီးပွားရေးတစ်ခုလုံးမြှင့်တင်ရေးအတွက် အစီအမံအမျိုးမျိုးကို အစိုးရကချမှတ်ဆောင်ရွက်ခဲ့ပေမယ့် စီးပွားရေးရဲ့မောင်းနှင်အားဖြစ်တဲ့ တောင်ကိုရီးယားပို့ကုန်က ယခင်နှစ်ဇန်နဝါရီမှစပြီး လစဉ်ကျဆင်းခဲ့ပါတယ်။

အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပြည်တွင်းဝယ်လိုအားတိုးတက်ကာလက်လီရောင်းချမှုက ဧပြီလမှာ ၄ ဒသမ ၂ ရာခိုင်နှုန်း ပြန်လည်မြင့်တက်ခဲ့ပါတယ်။

## USA

# ဘင်္ဂလားဒေ့ရှ် ဗဟိုဘဏ်ငွေစာရင်းကို ဆိုင်ဘာတိုက်ခိုက်ခံရပြီးနောက် အမေရိကန်ပြည်ထောင်စုကြီးကြပ်ရေးအဖွဲ့နဲ့ အက်ဖ်ဘီအိုင်က ဘဏ်များကိုသတိပေး



နယူးယောက်ရှိ အမေရိကန်ဗဟိုဘဏ်မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်ဗဟိုဘဏ်ငွေစာရင်းကို ဟက်ကာတွေက တိုက်ခိုက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၁ သန်းခိုးယူခြင်းခံခဲ့ရပါတယ်။ ဒီလို တိုက်ခိုက်ခံရပြီးနောက်ပိုင်း လအနည်းငယ်အကြာမှာ ကမ္ဘာ့ငွေပေးချေမှု ကွန်ရက်အတွင်းရှိ ငွေလွှဲများလိမ်လည်ခံရတာနဲ့ တခြားခြိမ်းခြောက်မှုခံရတာတွေကို ကာကွယ်ဖို့ ဆောင်ရွက်ထားတဲ့ ဆိုင်ဘာလုံခြုံရေးစနစ်တွေကို ပြန်လည်သုံးသပ်ဖို့ အမေရိကန်ကြီးကြပ်သူတွေက ဘဏ်တွေကို နှိုးဆော်ခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဆိုင်ဘာတိုက်ခိုက်မှုဖြစ်လာမယ့် အလားအလာတွေကို စောင့်ကြည့်ဖို့နဲ့ အလားတူအုပ်စုတွေက ဘဏ်တွေကို ပစ်မှတ်ထား ဆောင်ရွက်လာမယ့် သဲလွန်စတွေကို ဖော်ထုတ်ဖို့ အမေရိကန်ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်) ကဘဏ်တွေ ကိုလွန်ခဲ့တဲ့ ရက်သတ္တပတ်တွေက တိုက်တွန်းခဲ့ပါတယ်။ အက်ဖ်ဘီအိုင်ရဲ့ တိုက်တွန်းချက်ထွက်ပေါ်ပြီး ရက်သတ္တပတ်နှစ်ပတ်အကြာမှာ ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့ရဲ့ နှိုးဆော်ချက်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

Society For Worldwide Inter -national Financial Telecommu -nications- SWIFT ငွေကြေး လွှဲပြောင်းမှုကွန်ရက်က အပြည်ပြည်ဆိုင်ရာငွေကြေးကဏ္ဍရဲ့ကျောရိုးသဖွယ်ဖြစ်နေတဲ့ ကွန်ရက်တစ်ခု ဖြစ်ပါတယ်။ ထွန်းသစ်စ နိုင်ငံတွေမှာရှိတဲ့ ဘဏ်တွေကို တိုက်ခိုက်ခဲ့တဲ့ဖြစ်ရပ်တွေကြောင့် SWIFT ကွန်ရက်ကို အသုံးပြုပြီး ဆောင်ရွက်နေရတဲ့ အမေရိကန်စီးပွားရေးလုပ်ငန်းတွေကို ထိခိုက်လာမှာကို အမေရိကန်အစိုးရ တာဝန်ရှိသူတွေက စိုးရိမ်မကင်း ဖြစ်နေကြောင်း သတိပေးချက်က ထုတ်ဖော်ပြသလျက်ရှိပါတယ်။

## MIDDLE EAST

# ဆော်ဒီအာရေးဘီးယားရဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲရေး စီမံကိန်းကို ထိပ်တန်းစီးပွားရေး ကောင်စီက အတည်ပြု

ဆော်ဒီအာရေးဘီးယားနိုင်ငံရဲ့ အမျိုးသား အသွင်ကူးပြောင်းရေးစီမံချက်ကို အတည်ပြုချက်ရယူနိုင်ရေးအတွက် ဇွန် ၆ ရက်က ဝန်ကြီးအဖွဲ့သို့ တင်ပြခဲ့ကြောင်းနဲ့ အဆိုပါစီမံချက်က ဧပြီလအတွင်းက ဒုတိယအိမ်ရှေ့မင်းသားရေးဆွဲခဲ့တဲ့ "၂၀၃၀ ပြည့်နှစ်ရည်မှန်း ချက်" ရဲ့ အရေးပါတဲ့အစိတ်အပိုင်း တစ်ခုဖြစ်ကြောင်း သက်ဆိုင်ရာသတင်းရပ်ကွက်မှ ရိုက်တာသတင်းဌာနကို ပြောကြားပါတယ်။

ရေနံအပေါ်မှီခိုနေရတဲ့ ဆော်ဒီအာရေးဘီးယား စီးပွားရေးတစ်ခုလုံး ပြန်လည်တည်ဆောက်နိုင်ရန် ရည်ရွယ်ပြီး ရေးဆွဲထားတဲ့ အစီအစဉ်ကို အကောင်အထည်ဖော်ရာမှာ လိုအပ်တဲ့ ကဏ္ဍအလိုက်အသေးစိတ်အခြေအနေများကို စီမံချက်မှာ ဖော်ပြထားပါတယ်။

"စီးပွားရေးနဲ့ ဖွံ့ဖြိုးရေးရာကောင်စီ (CEDA)ကအမျိုးသား အသွင်ကူးပြောင်းရေးစီမံချက်ကို အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒီစီမံချက်က CEDA ရဲ့ ဥက္ကဋ္ဌဖြစ်သူ ဒုတိယအိမ်ရှေ့မင်းသားက အတည်ပြုထားပြီးဖြစ်တဲ့ ၂၀၃၀ ပြည့်နှစ်ရည်မှန်းချက်အရရေးဆွဲခဲ့တဲ့ စီမံချက်များအနက်တစ်ခုအပါအဝင် ဖြစ်ပါတယ်"လို့ သတင်းရပ်ကွက်က ပြောပါတယ်။

၂၀၁၅ ခုနှစ်က ဆော်ဒီအိမ်ရှေ့မင်းသားရဲ့ ဖခင်ဖြစ်သူ ဆဲလ်မန်း ဘုရင်အဖြစ်သို့ ရောက်ရှိခဲ့ပြီးနောက် မင်းသားမိုဟာမက်က နိုင်ငံရဲ့အရေး အရာကိစ္စတွေကို ဆုံးဖြတ်ချက်ချမှတ်ရာမှာ အဓိကအခန်းကဏ္ဍက ပါဝင်လာပါတယ်။ သူဟာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်နေတဲ့ ဝန်ကြီးများပါဝင်တဲ့ကော်မတီတစ်ခုဖြစ်တဲ့ CEDA ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

ဆော်ဒီအာရေးဘီးယားရဲ့ ဘဏ္ဍာရေးအခြေအနေက ရေနံမှ ရရှိတဲ့ ဝင်ငွေအပေါ် မှီခိုနေရပြီး ရေနံစီးပွားရေးက အစိုးရရဲ့ အသုံးစရိတ်နဲ့ ဆက်စပ်နေပါတယ်။ ဒါပေမယ့် ၂၀၁၄ ခုနှစ် နှစ်လယ်မှစပြီး ရေနံဈေးနှုန်းတွေ ကျဆင်းခဲ့ပြီးဝင်ငွေ တစ်ဟုန်ထိုးကျဆင်းကာ စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်စေခဲ့ပါတယ်။

## EU

# ယူရိုဇုန် စီးပွားရေး ကျဆင်းမှု ရှည်ကြာမယ့် အလားအလာရှိကြောင်း ဒရပ်ဂီပြောကြား

ကုန်ထုတ်လုပ်ငန်းနဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ကျဆင်းမှုတွေကြောင့် ဥရောပရဲ့ စီးပွားရေးက ရေရှည်ကျဆင်းနေမယ့်အလားအလာရှိတယ်လို့ ဇွန် ၉ ရက်က ဥရောပဗဟိုဘဏ် (အီးစီဘီ) ဥက္ကဋ္ဌမာရီယိုဒရပ်ဂီက ပြောကြားကြောင်းနဲ့ သူ့ရဲ့ဝေဖန်ပြောကြားချက်အရ ယူရိုဇုန် အုပ်စုတွေ့ကြုံနေရတဲ့ စီးပွားရေးဆိုင်ရာ အတိဒုက္ခတွေကို ကယ်တင်ဖို့ အတွက် ငွေကြေးမူဝါဒတစ်ခုတည်းကို အားထားလို့ မရနိုင်တာကို ညွှန်ပြနေကြောင်း အိုင်းရစ်အိပ်ဇမိုင်းနားသတင်းမှာ ဖော်ပြပါတယ်။

မကြာသေးမီ နှစ်များအတွင်းက စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်ပြီး ငွေကြေးဖောင်းပွမှုနှုန်းကို ကုစားဖို့ အီးစီဘီက ငွေကြေးမူဝါဒလျှော့ချမှုတွေကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် ထိရောက်မှုမရှိခဲ့တဲ့အတွက် ငွေကြေးမူဝါဒတွေရဲ့ အကျိုးသက်ရောက်မှုအကန့်အသတ်ရှိကြောင်းနဲ့ အစိုးရများကလည်း ကူညီဖြေရှင်းဖို့လိုကြောင်း ပြောဆိုဝေဖန်မှုတွေရှိနေပါတယ်။

"နိုင်ငံရေးအရအကြောင်းတရားတွေကြောင့် ဖွဲ့စည်းတည်ဆောက်မှု ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေ နှောင့်နှေး ကြန့်ကြာခဲ့ရပါတယ်။ နှောင့်နှေးကြန့်ကြာမှုအတွက် ပေးဆပ်ရတဲ့တန်ဖိုးကမြင့်မားလွန်းပါတယ်"လို့ ဘရပ်ဆဲလ်မှာ ကျင်းပတဲ့ စီးပွားရေးဖိုရမ်မှာ မစ္စတာဒရပ်ဂီကပြောပါတယ်။

အီးစီဘီက စီးပွားရေးတွန်းအားပေးအစီအစဉ်တွေ ဆောင်ရွက်ခဲ့ပေမယ့် ယခင်နှစ်က ယူရိုဇုန်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းက ၁ ဒသမ ၆ ရာခိုင်နှုန်းသာ ရှိခဲ့ပါတယ်။ ငွေကြေးဖောင်းပွမှုနှုန်းကလည်း အီးစီဘီကခန့်မှန်းထားတဲ့ ၂ ရာခိုင်နှုန်းအောက်ကျဆင်းနေတဲ့အတွက် လာမယ့်နှစ်ပေါင်းများစွာအထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းက ကျဆင်းနေဦးမှာ ဖြစ်ပါတယ်။

ဒေသရဲ့ စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်အောင်ဆောင်ရွက်နေတဲ့ အီးစီဘီရဲ့ ကြိုးပမ်းမှုတွေကို အားပေးတဲ့အနေနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းဖြင့် အကူအညီပေးဖို့ အစိုးရအသီးသီးကို မစ္စတာဒရပ်ဂီက နှိုးဆော်ထားပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်ရဲ့ မူဝါဒအစည်းအဝေးကျင်းပတော့မယ့်အချိန်နဲ့ဗြိတိန်နိုင်ငံမှာလည်း ဥရောပမှဗြိတိန်နိုင်ငံနုတ်ထွက်ရေးအတွက် မဲပေးဆုံးဖြတ်တော့မယ့်အချိန်နီးကပ်လာတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေက သတိထားပြီး အလုပ်လုပ်နေကြပါတယ်။ ဒါကြောင့် ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ရင်တန်ဖိုးမြင့်တက်ခဲ့တဲ့ အာရှငွေကြေးအချို့တန်ဖိုးကျဆင်းခဲ့တဲ့အတွက် ဇွန် ၁၀ ရက်က အာရှငွေကြေးအများစုရဲ့တန်ဖိုးများ ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ဇွန် ၂၃ ရက်မှာ ကျင်းပမယ့်ဗြိတိန်နိုင်ငံရဲ့ ဆန္ဒခံယူပွဲအတွက်စိုးရိမ်မှုတွေကြောင့် ရင်းနှီးမြှုပ်နှံသူတွေက စွန့်စားမှုအန္တရာယ်များတဲ့ သက်သေခံငွေချေးစာရွက်စာတမ်းများ ဝယ်ယူဖို့ ဝန်လေးကြတဲ့အတွက် အာရှဒေသအတွင်းရှိ စတော့ရှယ်ယာဈေးတွေ ကျဆင်းခဲ့ပါတယ်။

ဇွန်ပထမပတ်အတွင်းက အလုပ်လက်မဲ့ အကျိုးခံစားခွင့်တောင်းခံတဲ့ အမေရိကန် လုပ်သားအရေအတွက် ကျဆင်းခဲ့တာကို ဇွန် ၉ ရက်ကထုတ်ပြန်တဲ့ စာရင်းတွေအရတွေ့ရပြီးနောက်ပိုင်း အဓိကငွေကြေးခြောက်ခုနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် မေအတွင်းက တရုတ်သွင်းကုန်များ ခန့်မှန်းထားတာထက် ပိုမိုတိုးတက် ကောင်းမွန်မှုကလည်း အာရှငွေကြေးတွေအတွက် အထောက်အကူဖြစ်စေခဲ့ပါတယ်။

### တရုတ်ယွမ်

စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးနေတဲ့အတွက် တရုတ်အာဏာပိုင်တို့က ငွေကြေးတန်ဖိုးကို ချထားလိမ့်မယ်လို့ ခန့်မှန်းကြတဲ့အတွက် Offshore ယွမ်ငွေကြေးတန်ဖိုးက မတ်လနောက်ပိုင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။ ဟောင်ကောင်မှာ ဇွန် ၉ ရက်ညနေ ၅ နာရီ ၅၀ မိနစ်က Offshore ယွမ်ငွေကြေးတန်ဖိုးက သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၅၉၄၄ ယွမ်နှုန်းရှိခဲ့ပါတယ်။ ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ရင် သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

### အိန္ဒိယရူပီး

သွင်းကုန်လုပ်ငန်းများနဲ့ ဘဏ်တွေက အမေရိကန်ဒေါ်လာကို ဝယ်လိုအားမြင့်မားခဲ့တဲ့အတွက် ဇွန် ၁၀ ရက်မှာ ရူပီးတန်ဖိုးက သုည ဒသမ ၁၆ ရူပီးနှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆၆ ဒသမ ၈၇ ရူပီးနှုန်းဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ပြည်ပဈေးကွက်မှာ တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးကျဆင်းမှုက ရူပီးတန်ဖိုးကျဆင်းမှုကို သက်သာရာရစေခဲ့ပါတယ်။

### ဂျပန်ယန်း

ဇွန် ၁၀ ရက်က တိုကျိုဈေးကွက်မှာ အမေရိကန်ဒေါ်လာတန်ဖိုးက ယန်းငွေနဲ့ဖလှယ်ရာမှာ ၁၀၇ ဒသမ ၅ ယန်းနှုန်းအောက်မှာသာရှိခဲ့ပါတယ်။

ဒေါ်လာနဲ့ ယန်းဖလှယ်နှုန်းမှာ ဇွန် ၉ ရက် ညနေ ၅ နာရီက နယူးယောက်ဈေးကွက်မှာ အမေရိကန်တစ်ဒေါ်လာကို ၁၀၇ ဒသမ ၀၈ ယန်းနှင့် တိုကျိုဈေးကွက်မှာ ၁၀၇ ဒသမ ၃၅ ယန်းနှုန်းရှိရာမှ နောက်တစ်နေ့ နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၁၀၇ ဒသမ ၁၀ ယန်းနှုန်းရှိခဲ့ပါတယ်။

ယူရိုငွေကြေးတန်ဖိုးက ဇွန် ၉ ရက် ညနေက နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၃၁၁ ဒေါ်လာနဲ့ ၁၂၁ ဒသမ ၁၆ ယန်းနှုန်းဖြင့်လည်းကောင်း တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၃၈၀ ဒေါ်လာနဲ့ ၁၂၁ ဒသမ ၀၃ ယန်းနှုန်းဖြင့် လည်းကောင်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၃၁၁ ဒေါ်လာနဲ့ ၁၂၁ ဒသမ ၁၄ ယန်းနှုန်းရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

မလေးရှားရင်းဂစ်ကို ဝယ်ယူဖို့ စိတ်ဝင်စားမှုနည်းပါးလာတဲ့အတွက် ဇွန် ၁၀ ရက် နံနက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။ အမရိကန်ဒေါ်လာနဲ့ ရင်းဂစ်ငွေကြေးဖလှယ်နှုန်းက ဇွန် ၉ ရက်ညနေ ၅ နာရီက တစ်ဒေါ်လာကို ၄ ဒသမ ၀၄၅၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၆ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၆၂၀ ရင်းဂစ်နှုန်းကို ရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း မြင့်တက်လာတဲ့အတွက် ရင်းဂစ်ငွေကြေးက ပုံမှန်အနေအထားရှိနေကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။

### တောင်ကိုရီးယားဝမ်

ရှယ်ယာတွေ ဈေးတက်နေချိန်မှာ ရင်းနှီးမြှုပ်နှံသူတွေက တောင်ကိုရီးယားရှယ်ယာတွေကို ပြန်လည်ရောင်းချလာတဲ့အတွက် ဇွန် ၁၀ ရက်က တောင်ကိုရီးယား စတော့ရှယ်ယာဈေးတွေ သုည ဒသမ ၃၂ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ တောင်ကိုရီးယားဝမ်တန်ဖိုးက ဇွန် ၉ ရက်ဈေးပိတ်ချိန်က ဖလှယ်နှုန်းနဲ့နှိုင်းယှဉ်ပါက ၉ ဒသမ ၅ ဝမ်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၆၅ ဒသမ ၅၀ ဝမ်နှုန်းရှိခဲ့ပါတယ်။

### ထိုင်းဘတ်

ထိုင်းစတော့တွေနဲ့ ဘွန်းစာချုပ်တွေကို အဝယ်လိုက်လာတဲ့အတွက် ယခုရက်သတ္တပတ်အတွင်းမှာ ထိုင်းဘတ်ငွေတန်ဖိုးက ၁ ဒသမ သုည ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် ဇွန် ၁၀ ရက်မှာ ယခင်နေ့က ရှိခဲ့တဲ့ ဖလှယ်နှုန်းနဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ၀၉ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၃၅ ဒသမ ၂၅ ဘတ်နှုန်း ရှိခဲ့ကြောင်း ရိုက်တာသတင်းက စုစည်းထားတဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

---

## မလေးရှားဘဏ်များရဲ့ ဝင်ငွေနဲ့ ချေးငွေလုပ်ငန်းများ ယခုနှစ်အတွင်း ကျဆင်းနိုင်

ချေးငွေလုပ်ငန်းများ ကျဆင်းလာခြင်းနဲ့ ငွေကြေးဈေးကွက်လုပ်ငန်းများမှ အခကြေးငွေရရှိမှု ကျဆင်းလာတဲ့အတွက် မလေးရှားဘဏ်လုပ်ငန်းကဏ္ဍမှာ ယခုနှစ်အတွင်း ဖိအားပေး မှုအသစ်များနဲ့ ရင်ဆိုင်တွေ့ကြုံနိုင်ကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။




မေ ရင်းနှီးမြှုပ်နှံမှုဘဏ်ရဲ့ ယခုနှစ်ချေးငွေဖွံ့ဖြိုးမှုနှုန်းက ၆ ဒသမ ၅ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ ကျဆင်းမယ်လို့ ခန့်မှန်းပြီး စုစုပေါင်း အသားတင်အမြတ်က ၅ ဒသမ ၃ ရာခိုင်နှုန်းမှ ၂ ဒသမ ၁ ရာခိုင်နှုန်းသို့ ကျဆင်းမယ်လို့ ခန့်မှန်းထားကြောင်း မေရင်းနှီးမြှုပ်နှံမှုဘဏ်သုတေသနဌာနက ပြောပါတယ်။

"အီကွိတီရှယ်ယာမှအမြတ်ငွေ (ROE) က ၂၀၁၅ ခုနှစ်က ၁၁ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်မှာ ၁၀ ဒသမ ၄ ရာခိုင်နှုန်းသို့ ကျဆင်းမယ်လို့ ခန့်မှန်းပါတယ်။ ၂၀၁၆ ခုနှစ်အတွက် လုပ်ငန်းပေါ်မှအမြတ် (Operating Profit) က ၅ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၅ ဒသမ သုည ရာခိုင်နှုန်းသို့ ရောက်ရှိမယ်လို့ ခန့်မှန်းပါတယ်။ အသားတင်အမြတ်က ၅ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ၂ ဒသမ ၁ ရာခိုင်နှုန်းအထိကျဆင်းမယ်လို့ ခန့်မှန်းထားတဲ့အတွက် ၂၀၁၆ ခုနှစ်ပထမသုံးလ ပတ်ဝင်ငွေကျဆင်းမယ်လို့ ကျွန်တော်တို့ခန့်မှန်းထားပါတယ်"လို့ သုတေသနအဖွဲ့က ပြောပါတယ်။

သုတေသနအဖွဲ့က စစ်တမ်းကောက်ယူတွက်ချက်တဲ့ မလေးရှားဘဏ်ခုနစ်ခုရဲ့ စုစုပေါင်းချေးငွေဖွံ့ဖြိုးတိုးတက်မှုက ၂၀၁၆ ခုနှစ် မတ်လကုန်ဆုံးချိန်အထိ စာရင်းအရ နှစ်အလိုက်တိုးတက်မှုနှုန်းက ၆ ဒသမ ၃ ရာခိုင်နှုန်းသာရှိပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလကုန်ဆုံးချိန်အထိစာရင်းအရ ရှိခဲ့တဲ့ ၁၀ ရာခိုင်နှုန်းကနေကျဆင်းလာခဲ့တာ ဖြစ်ပါတယ်။

---

## အိန္ဒိယဗဟိုဘဏ်က မူဝါဒ အတိုးနှုန်းကို ဆက်လက်ထိန်းသိမ်း

ဗဟိုဘဏ် ပင်မအတိုးနှုန်းကို ၆ ဒသမ ၅ ရာခိုင်နှုန်းအတိုင်းမပြောင်းလဲဘဲ အိန္ဒိယဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ရာဟူးရမ်ရာဂျန်က ဇွန် ၇ ရက်က ဆက်လက်ထားရှိခဲ့ရာ လေ့လာဆန်းစစ်သူတို့ရဲ့ ခန့်မှန်းချက်နဲ့ ကိုက်ညီခဲ့ကြောင်း တိုင်းမ်အော့အိန္ဒိယရဲ့ သတင်းမှာ ဖော်ပြပါတယ်။ စက်တင်ဘာမှာ သူ့ရဲ့ရာထူးသက်တမ်း ကုန်ဆုံးချိန်မှာ ဖြစ်ပေါ်လာမယ့် အခြေအနေနဲ့ သူရဲ့အနာဂတ်ရေးရာကို သူကပြောကြားခြင်းမရှိသေးပါဘူး။

"အိန္ဒိယဗဟိုဘဏ် အုပ်ချုပ်ရေးမှူးနဲ့ ပတ်သက်တဲ့ အနာဂတ်ကို အစိုးရ ကအဆုံးအဖြတ်ပေးပါလိမ့်မယ်"လို့ သူကပြောပါတယ်။

ဗဟိုဘဏ်အတိုးနှုန်းဖြစ်တဲ့ Rapo Rate ကလည်း ၆ ရာခိုင်နှုန်းအတိုင်း အပြောင်းအလဲမရှိ ဆက်လက်ထားရှိကြောင်း ဗဟိုဘဏ်ကပြောပါတယ်။ စာရင်းဝင်ဘဏ်များရဲ့ ငွေသားနဲ့ အရန်ထားရှိငွေအချိုးက ၄ ဒသမ သုည ရာခိုင်နှုန်းအတိုင်း မပြောင်းလဲဘဲ တည်ရှိနေပါတယ်။ ယခုကြေညာချက်က နှစ်လတစ်ကြိမ်ကျင်းပတဲ့ အစည်းအဝေးအပြီးမှာ ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

ဧပြီက ရှိခဲ့တဲ့ ငွေကြေးဖောင်းပွမှုအခြေအနေတွေကြောင့်လည်း အတိုးနှုန်းပြောင်းလဲမှုအခြေအနေကို အတိုင်းအတာတစ်ခုအထိ မရေမရာဖြစ်စေခဲ့ကြောင်း ဗဟိုဘဏ်က ပြောပါတယ်။ အိန္ဒိယကုမ္ပဏီတွေရဲ့ အကျိုးအမြတ်ရရှိမှုနဲ့ စားသုံးမှုမြင့်တက်လာမှုကြောင့် ၂၀၁၆-၁၇ ခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက ၇ ဒသမ ၆ ရာခိုင်နှုန်းရှိမယ်လို့ အိန္ဒိယဗဟိုဘဏ်က ခန့်မှန်းထားပါတယ်။

DRY PROCESS

# မြန်မာဆင်




## Hi-Tech ဘိလပ်မြေ

☎ 02-72266, 02-61936 📱 09-91001815 09-33040358




ဒီပုံက နံပတ်(၂) နံပတ်(၁) ဒီဇိုင်း မမှီရင် ဒါကိုထည့်မယ် နောက်အပတ် (၁) ထည့်မယ်




# SD CodeFree™

CE 0123 U.S. FDA 510(k) Cleared



SD CodeFree™ Blood Glucose Monitoring System
သွေးချိုတိုင်းကိရိယာ

## Features (ဝိသေသလက္ခဏာများ)

**Pre & Post Meal Mark**
Easy to analyze before or after meal glucose results
အစားမစားမီ၊ အစားစားပြီး အခြေအနေများ ကို ထည့်သွင်း မှတ်သားနိုင်ပါသည်။

**Post-Meal Alarm**
Helpful to remind you to test 2 hours after meals
အစားစားပြီး ၂ နာရီအကြာ စမ်းသပ်မှုအတွက် ( alarm ) စီစဉ်ထားနိုင်ပါသည်။

**No coding (CodeFree)**
Code ထည့်သွင်းရန် မလိုအပ်ပါ။

**Hypo Warning**
Helpful to warn your Hypoglycemia
သွေးထဲတွင် ပုံမှန်ထက် အချိုဓါတ်လျော့နည်းနေခြင်းကို သတိ ပေးသည့် အချက်လည်း ပါဝင်ပါသည်။

**Alarm Clock, 4 times**
Helpful to remind you to test, 4 times a day
နေ့စဉ်သွေးဖောက်လျှင် အကြိမ် ၄ ကြိမ် အထိမှတ်သား alarm ပေးနိုင်ရန် စီစဉ်ထားနိုင်ပါသည်။

Distributed by :
SHWIN CHAN TRADING
338-A, Pyay Road, Myaynigone, Sanchaung, Yangon, Myanmar. Tel : 01 - 525467, 526541 E mail : general@shwinchan.com


ZENITH POWER
COMPANY LIMITED
Engineering | Procurement
Construction | Commissioning
Project Management
OFFICE (YGN) : No.45T, Tae Nu Yin Street, 7½ Mile, Off Pyay Road, Mayangone Township, Yangon, Myanmar. Tel : (95-1) 656 525 Mobile : (95-9) 40 158 7272
OFFICE (MDY) : No. 682, 35th Street, Between 73rd x 74th Street, Maw Ya Gi Wa Ward, Chan Aye Thar Zan Township, Mandalay. Mobile : (95-9) 401 587373 , 262 174 143
OFFICE (SG) : Block 12, Lorong Bakar Batu, # 05-08, Singapore 348745 Mobile : (65) 6742 3706
E-Mail : info@zenithpowermyanmar.com www.zenithpowermyanmar.com www.zenithpowerengineering.com.sg
SMART SOLUTION RELIABILITY EVERYWERE

DM
by
Dennis Martin
Free Gift
Colorful glass bottle Only In June
DM 7111
DENNIS MARTIN WATCH GROUP,NFC Co., LTD
PHONE : (09)73022249, (01)256494, 373022, (02)72992, (02)67354, (02)67364.

# COMMERCE INTERNATIONAL

## CLMVT ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် CLMVT ဖိုရမ်ကို ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါဖိုရမ်ကို ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံတို့မှ အစိုးရများနဲ့ ပုဂ္ဂလိကလုပ်ငန်းများမှ ကိုယ်စားလှယ်များတက်ရောက်မည်ဖြစ်ပြီး စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေး ကိစ္စများကို ဆွေးနွေးသွားမှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။ တစ်နိုင်ငံချင်းရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး အတားအဆီးများကိုလည်း ဖယ်ရှားသွားမှာ ဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အတူတကွ ဆောင်ရွက်ရာမှာ ဆက်ဆံရေးတည်တံ့ခိုင်မြဲဖို့အတွက် ဒီဖိုရမ်က အခွင့်အလမ်းကောင်းများကို ဖော်ထုတ်သွားမှာဖြစ်ကြောင်း ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အပီရာဒီတန် ထရာပွန်က ပြောပါတယ်။



ဖိုရမ်မှာ ပြုလုပ်မယ့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ အဖွဲ့ဝင်ငါးနိုင်ငံမှ မူဝါဒရေးဆွဲသူများ၊ စွန့်ဦးတီထွင်သူများ၊ စီးပွားရေးလုပ်ငန်းခေါင်းဆောင်များ၊ ပညာရှင်များနဲ့ လူငယ်ခေါင်းဆောင်များ တက်ရောက်ကြမှာ ဖြစ်ပါတယ်။ CLMVT နိုင်ငံများနဲ့အတူ ဥရောပနဲ့ ဂျပန်နိုင်ငံတို့မှလည်း ပါဝင်မည်ဖြစ်ရာ စုစုပေါင်းတက်ရောက်သူ ၆၀၀ ဦး ရှိမယ်လို့ခန့်မှန်းထားပါတယ်။ တက်ရောက်လာတဲ့ ကိုယ်စားလှယ်များအား ထိုင်းနိုင်ငံအတွင်းရှိ ခရီးသွားလုပ်ငန်းဒေသများကို လိုက်လံပို့ဆောင်ပေးမှာ ဖြစ်ပါတယ်။

ကဏ္ဍအသီးသီးမှာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရင်း ပြဿနာများကို အဖြေရှာဖြေရှင်းရန်အတွက် ကြီးမားတဲ့ အခွင့်အလမ်းတွေကို ဖိုရမ်က ဖော်ထုတ်ပေးမှာဖြစ်တဲ့အတွက် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ခရီးသွားလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ကြိုးပမ်းရာမှာ အထောက်အကူဖြစ်စေနိုင်ကြောင်း အပီရာဒီက ပြောပါတယ်။ ယခုနိုင်ငံ လေးနိုင်ငံပါတဲ့ CLMV အဖွဲ့က လူဦးရေများပြားပြီး ဝယ်ယူနိုင်မှုစွမ်းအားမြင့်မားတဲ့အတွက် ထိုင်းပို့ကုန်လုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းတဲ့ ဈေးကွက်တစ်ခု ဖြစ်ပါတယ်။ ထိုင်းနိုင်ငံက အခြားတစ်နိုင်ငံကို ကုန်ပစ္စည်းတင်ပို့ရာမှာလည်း ဒီလေးနိုင်ငံက ပေါင်းကူးသဖွယ်ဖြစ်နေပါတယ်။ ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ စာရင်းအရ CLMV နိုင်ငံများသို့ ထိုင်းနိုင်ငံမှတင်ပို့မှုက ထိုင်းနိုင်ငံ စုစုပေါင်းကုန်သွယ်မှု တန်ဖိုးရဲ့ ၁၀ ဒသမ ၄ ရာခိုင်နှုန်း ရှိပါတယ်။ အဲဒီနိုင်ငံတွေမှာ ထိုင်းနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုက စုစုပေါင်း တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရဲ့ ၁၀ ရာခိုင်နှုန်းရှိပြီး ထိုင်းနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်တဲ့ခရီးသည်များအနက် ၁၀ ရာခိုင်နှုန်းက CLMV နိုင်ငံတွေက ဖြစ်ပါတယ်။

ဖိုရမ်ကို ဒူးဇစ်သာနီဗန်ကောက်ဟိုတယ်မှာ ဇွန် ၁၆ ရက်မှ ၁၈ ရက်အတွင်း သုံးရက်ကြာကျင်းပသွားမှာဖြစ်ပါတယ်။ **UNT**





Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 13th June 2016

<< June And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

| JAPAN / MYANMAR | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | | 19.5.2016 | 20.5.2016 | 18.5.2016 | | 29.5.2016 | 2.6.2016 | 9.6.2016 |
| | S/O CUT | | | | | | | | 15.5.2016 | 16.5.2016 | 14.5.2016 | | | | |
| MV.CITY OF MUMBAI V.31 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.6.2016 | 9.6.2016 | 10.6.2016 | | | 20.6.2016 | 23.6.2016 | |
| | S/O CUT | | | | | | | 4.6.2016 | 5.6.2016 | 6.6.2016 | | | | | |
| MV.HOEGH CHENNAI V.25 | 1.55 | 1.90 | 2.20 | 3.50 | | | | 20.6.2016 | 19.6.2016 | 18.6.2016 | | | 30.6.2016 | 4.7.2016 | |
| | S/O CUT | | | | | | | 16.6.2016 | 15.6.2016 | 14.6.2016 | | | | | |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.7.2016 | 12.7.2016 | 10.7.2016 | | 22.7.2016 | 26.7.2016 | |
| | S/O CUT | | | | | | | | 7.7.2016 | 8.7.2016 | 3.6.2016 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘ်ပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။